# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်နေ့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၂၆ ရက်၊ အင်္ဂါနေ့ အတွဲ(၅၉)၊ အမှတ်(၀၅၇)





ASEAN-ROK CEO Summit ဖွင့်ပွဲအခမ်းအနားမစတင်မီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ကိုရီးယားနိုင်ငံသမ္မတ မစ္စတာ မွန်ဂျေအင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး(ငြိမ်း) ပရာယုဒ်ချန်အိုချာ၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီစုလစ်၊ အာဆီယံနှင့် ကိုရီးယားနိုင်ငံတို့မှ စီးပွားရေးဆိုင်ရာအမှုဆောင်အရာရှိချုပ်များ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ASEAN-ROK CEO Summit ဖွင့်ပွဲအခမ်းအနားတက်ရောက်၊ ASEAN-ROK Culture Innovation Summit နှင့် ASEAN-ROK CEO Summit (Session-3) တို့သို့ တက်ရောက်မိန့်ခွန်းပြောကြား

ဘူဆန် နိုဝင်ဘာ ၂၅

ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ တွင် ASEAN–ROK CEO Summit ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ASEAN–ROK Culture Innovation Summit နှင့် ASEAN–ROK CEO Summit(Session–3) တို့သို့ တက်ရောက် မိန့်ခွန်းပြောကြားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၀နာရီခွဲတွင် ဘူဆန်မြို့ BEXCO Exhibition Center–2 ၌ ကျင်းပသည့် ASEAN–ROK CEO Summit ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနား မစတင်မီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ကိုရီးယားနိုင်ငံသမ္မတ မစ္စတာ မွန်ဂျေအင်း၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး(ငြိမ်း) ပရာယုဒ်ချန်အိုချာ၊ လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်းဆီစုလစ်၊ အာဆီယံ နှင့် ကိုရီးယားနိုင်ငံတို့မှ စီးပွားရေးဆိုင်ရာ အမှုဆောင်အရာရှိချုပ်များနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ASEAN–ROK Culture Innovation Summit သို့ တက်ရောက်သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❑


**တိုင်းရင်းဆေးဝါးထုတ်လုပ်သူ လုပ်ငန်းရှင်များအား အသိပေးနှိုးဆော်**


စာမျက်နှာ-၇


**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**


စာမျက်နှာ-၈





မြန်မာ့အလင်း

# လူသားအကျိုးပြု အမျိုးသားရေးတာဝန်

ယခုအခါ ရာသီဥတုပြောင်းလဲမှုနှင့် ဂေဟစနစ်ပျက်ယွင်းမှုကြောင့် သက်ရှိလူသတ္တဝါများ သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့နေရသည့်အပြင် စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးရေး၊ ကျန်းမာရေးတို့အတွက်ပါ ထိခိုက်လာသည်ကို တွေ့ရသည်။ ရာသီဥတုပြောင်းလဲမှုနှင့် ဂေဟစနစ်ပျက်ယွင်းမှုတွင် သစ်တောသစ်ပင်များ ပြုန်းတီးမှုသည် အရေးကြီးသော ကဏ္ဍတစ်ခုဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ တရားမဝင် ခိုးယူခုတ်လှဲခွဲဖြတ်ထားသော ကျွန်း၊ သစ်မာ၊ အခြားသစ်မျိုးစုံတန်ချိန် ၉၀၀၀ ကျော် သိမ်းဆည်းရမိခဲ့သည်ဟု သိရသည်။ မြို့နယ်အလိုက် ခိုးယူခုတ်လှဲခွဲဖြတ်ထားသော သစ်မျိုးစုံကို မြင်တွေ့ခဲ့ရာ ထိုဒေသအတွင်းရှိ သစ်တောများမှ ဆုံးရှုံးသွားသော သစ်ပင်ကြီးများအတွက် နှမြောတသဖြစ်မိသည်။ ထိုမျှသာမက တစ်နှစ်အတွင်း ဆုံးရှုံးခဲ့သည့်သစ်ပင်ကြီးများအပြင် နှစ်စဉ်သစ်ပင်ကြီးများ ပျက်သုဉ်းခဲ့ရသဖြင့် သဘာဝပတ်ဝန်းကျင်ပျက်စီးပြီး ရာသီဥတုပြောင်းလဲခြင်းကိုဖြစ်စေသည်မှာ စိုးရိမ်ပူပန်ဖွယ်ဖြစ်သည်။

ဤသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုတည်းသာဖြစ်ပြီး အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်းမှ တရားမဝင်ခုတ်လှဲခံရသော သစ်ပင်များနှင့်ပေါင်းစပ်လိုက်လျှင် မြန်မာနိုင်ငံမှ ပျက်စီးဆုံးရှုံးခဲ့သော သစ်တောသစ်ပင်များပမာဏကို သိသာနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် လူတို့၏မဆင်မခြင်လုပ်ကိုင်မှုကြောင့် တစ်စတစ်စပြုန်းတီးလျက်ရှိသော ကြိုးဝိုင်း၊ ကြိုးပြင်တောများအပါအဝင် သစ်တောသစ်ပင်များ ပြန်လည်ရှင်သန်စိုပြည်လာအောင် သက်ဆိုင်ရာဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသော်လည်း ကြီးမားကျယ်ပြန့်သည့် သစ်တောဧရိယာများအတွက် ထိရောက်အောင် ဆောင်ရွက်နိုင်ရန်မှာ မလွယ်ကူပေ။

ထို့ကြောင့် သစ်တောသစ်ပင်များ ပြန်လည်ရှင်သန် စိုပြည်စိမ်းလန်းလာစေရေးနှင့် သစ်တောသစ်ပင်များကိုအခြေခံပြီး သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရေးနှင့် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် နည်းလမ်းရှာဖွေဆောင်ရွက်ကြရမည်ဖြစ်သည်။ သစ်တောထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ ဆိုင်ရာဌာန၏ ပုံမှန်ပြုစုပျိုးထောင်ထိန်းသိမ်းစောင့်ရှောက်ရေးအပြင် နိုင်ငံတကာအဖွဲ့အစည်းများထံမှ ငွေကြေးနှင့် နည်းပညာအကူအညီ ထောက်ပံ့မှုများဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ သစ်တောဝန်ထမ်းများ စွမ်းဆောင်ရည်၊ လုပ်ငန်းစဉ်များနှင့် ကျင့်ဝတ်သိက္ခာများ အဆင့်အတန်းပိုမိုမြင့်မားလာစေရန် အထူးသင်တန်းများပေးပြီး အားပေးစည်းရုံးပညာပေးသင်ကြားရန်နှင့် သစ်တောဝန်ထမ်းများလိုအပ်သည့် ခေတ်မီလက်နက်ကိရိယာများ ဖြည့်ဆည်းပေးရန် လိုအပ်သည်မှာ အမှန်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သစ်တောများ ပြုန်းတီးနေသည်မှာ အမှန်ဖြစ်၍ သစ်တောကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေးနှင့် သစ်တောစီမံအုပ်ချုပ်မှု မြင့်မားတိုးတက်ဆောင်ရွက်ရန်မှာ အရေးကြီးသည်။ တစ်ဖက်တွင် သက်ဆိုင်ရာဌာန၏ သစ်တောများ ပြန်လည်ထူထောင်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် သစ်တောဆိုင်ရာ ကတိကဝတ်အဖြစ် နိုင်ငံဧရိယာ၏ သစ်တောနယ်မြေ ၃၀ ရာခိုင်နှုန်းနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၁၀ ရာခိုင်နှုန်း ပြည့်မီစေရန်အတွက်လည်း ရည်မှန်းဆောင်ရွက်ရန် ရှိနေသည်။ ထို့ကြောင့် သစ်တောထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍ မြှင့်တင်ရန် လိုအပ်နေခြင်းဖြစ်သည်။

သစ်တောထိန်းသိမ်းစောင့်ရှောက်ရာ၌ ဒေသအလိုက် သစ်ခိုးထုတ်မှုများ နှစ်စဉ်ရှိနေသည်ဖြစ်၍ ခေတ်မီလက်နက်ကိရိယာများ တပ်ဆင်နိုင်ရန်မှာ အရေးပါသည့်အချက်ဖြစ်သည်။ သစ်တောထိန်းသိမ်းမှုစနစ်ကို ပိုမိုအဆင့်မြင့်စေရန် နိုင်ငံတကာမှ တိုးတက်သည့်နည်းပညာများနှင့် လုပ်ထုံးလုပ်နည်းများအား လေ့လာသင်ကြား ပြန်လည်ပြန့်ပွားသင့်သည်။

သို့ဖြစ်ရာ သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ကြိုးပမ်းအားထုတ်ရာ၌ မိမိတို့ သက်ရှိကမ္ဘာလောကကြီး စိမ်းလန်းစိုပြည်ဖွံ့ဖြိုးလာရေးကို ဦးတည်ပြီး သစ်ပင်ကိုချစ်ခင်သည့်စိတ်၊ သစ်တောကို မြတ်နိုးသည့်စိတ်ဖြစ်သည့် အမျိုးသားရေးတာဝန်ကို ခံယူနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ပါကြောင်း။ ။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

## ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး (၇)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် နိုဝင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ထိုင်းနိုင်ငံ ဖူးခက်မြို့နှင့် ဘန်ကောက်မြို့တို့တွင် ကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံ တရားသူကြီးချုပ်များ ကောင်စီအစည်းအဝေးသို့တက်ရောက်ခဲ့သည်။

**နှုတ်ခွန်းဆက်စကား ပြောကြား**

ထိုင်းနိုင်ငံ ဖူးခက်မြို့ Phuket Marriot Resort & Spa၊ Merlin Beach တွင် ပြုလုပ်သည့် (၇)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးသို့ အာဆီယံနိုင်ငံများ၏ တရားသူကြီးချုပ်များ၊ တရားရေးအကြီးအကဲများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်တို့ တက်ရောက်ပြီး အစည်းအဝေးတွင် အာဆီယံတရားသူကြီးချုပ်များကောင်စီ အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု တရားသူကြီးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် (၇)ကြိမ်မြောက် အာဆီယံ တရားသူကြီးချုပ်များ ကောင်စီအစည်းအဝေး ပထမနေ့တွင် အာဆီယံနိုင်ငံများ၏ တရားသူကြီးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့များက အာဆီယံတရားရေးသတင်းအချက်အလက်ပေါ်တယ် (ASEAN Judiciaries Portal– AJP)၊ အာဆီယံဒေသတွင်း တရားမမှုခင်းဆင့်စာဆင့်ဆိုမှု လွယ်ကူစေရေး (Facilitating Service of Civil Processes within ASEAN)၊ မှုခင်းစီမံခန့်ခွဲမှုနည်းလမ်းများနှင့် တရားရုံးဆိုင်ရာ နည်းပညာအသုံးပြုမှု (Case Management and Court Technology)၊ တရားစီရင်ရေးဆိုင်ရာ လေ့ကျင့်ခြင်းနှင့် သင်ကြားပေးခြင်း (Judicial Education and Training)၊ နိုင်ငံဖြတ်ကျော်ဖြစ်ပွားသည့် မိသားစုမှုခင်းဆိုင်ရာ ကလေးသူငယ်အငြင်းပွားမှုများ ဖြေရှင်းရေး (ASEAN Cross–Border Disputes Involving Children)၊ အာဆီယံနှင့် အခြားမိတ်ဖက်နိုင်ငံများ တွေ့ဆုံဆွေးနွေးမှုပြုခြင်း (ASEAN + Meeting)၊ အာဆီယံ တရားသူကြီးချုပ်များကောင်စီ၏ အနာဂတ် လုပ်ငန်းရပ်များအတွက် လေ့လာရေးအဖွဲ့ (Study Group on the Future Work of the CACJ) အပါအဝင် ကောင်စီသို့ အခြားအဆိုပြုတင်ပြလာသည့် ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုတရားသူကြီးချုပ်က ယင်းကဏ္ဍရပ်များအလိုက် မြန်မာနိုင်ငံ၏ ဆောင်ရွက်နေမှုများ၊ ဆက်လက် ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ပါဝင်ဆွေးနွေးခဲ့သည်။ ထို့ပြင် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှစ၍ အာဆီယံအဖွဲ့အစည်းကြီး၏ ဆက်နွှယ်သည့် အဖွဲ့အစည်း (Entity Associated with ASEAN) အဖြစ် အသိအမှတ်ပြုထားပြီး ဖြစ်သည့် အာဆီယံ တရားသူကြီးချုပ်များ ကောင်စီ၏ ပဋိညာဉ်စာတမ်း (Charter of the CACJ)ကို အတည်ပြုခဲ့ပြီး (၇)ကြိမ်မြောက် အာဆီယံ တရားသူကြီးချုပ်များ ကောင်စီ အစည်းအဝေး၏ ဆွေးနွေးချက်နှင့် သဘောတူညီချက်များကို "ဘန်ကောက်ကြေညာချက်" (The Bangkok Declaration)အဖြစ် ထုတ်ပြန်နိုင်ရန် ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် နိုဝင်ဘာ ၂၃ ရက် ညနေပိုင်းတွင် ဘန်ကောက်မြို့ ထိုင်းနိုင်ငံ တရားရုံးချုပ် အဆောက်အအုံတွင် ကျင်းပသည့် (၇)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များ ကောင်စီအစည်းအဝေးက ထုတ်ပြန်သည့် "ဘန်ကောက်ကြေညာချက်" လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များ၊ တရားရေးအကြီးအကဲများ၊ ကိုယ်စားလှယ်များနှင့်အတူ ကြေညာချက်အား လက်မှတ်ရေးထိုးခဲ့သည်။ ယင်းနောက် ထိုင်းနိုင်ငံ တရားရုံးချုပ်တွင် ထိုင်းနိုင်ငံ တရားရုံးချုပ်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် The Hon. Slaikate Wattanapan က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**ပြန်လည်ရောက်ရှိ**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ခေါင်းဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၄ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ အစည်းအဝေး (၆၀/၂၀၁၉)ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးပူးပေါင်းကော်မတီ အစည်းအဝေး (၆၀/၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီက ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ ပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ တွဲဖက်အတွင်းရေးမှူး ဦးငွေးဝင်းအောင်(ခ)ဦးပြုံးချို၊ အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံရေးပါတီများမှ လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**






နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ASEAN – ROK Culture Innovation Summit တွင် မိန့်ခွန်းပြောကြားစဉ်။

သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကိုရီးယားသမ္မတ နိုင်ငံသမ္မတ၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ်၊ အာဆီယံနှင့် ကိုရီးယားနိုင်ငံ ယဉ်ကျေးမှု ကဏ္ဍများမှ တာဝန်ရှိသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် “Growing with Art” ခေါင်းစဉ်ဖြင့် မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းအား စာမျက်နှာ ၅ တွင် ဖော်ပြထားပါသည်)**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘူဆန်နိုင်ငံခြားဘာသာသင် တက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ် မစ္စတာ ဂျောင်ဂီယောင်းနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘူဆန်နိုင်ငံခြားဘာသာသင်တက္ကသိုလ် ပါမောက္ခချုပ် မစ္စတာ ဂျောင်ဂီယောင်းနှင့် တွေ့ဆုံစဉ်။

သတင်းစဉ်

## မှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပါမောက္ခချုပ်၊ တာဝန်ရှိသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကိုရီးယားနိုင်ငံ၌ လာရောက်ပညာသင်ကြားနေကြသည့် မြန်မာကျောင်းသား ကျောင်းသူများ၊ ဘူဆန်နိုင်ငံခြားဘာသာသင်တက္ကသိုလ်တွင် မြန်မာစာအထူးပြုသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

## ပြန်လည်ရှင်းလင်းဖြေကြား

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မြန်မာကျောင်းသား၊ ကျောင်းသူများနှင့် ကိုရီးယားကျောင်းသား၊ ကျောင်းသူများမေးမြန်းသည့် ပြည်သူများနှင့် ကျောင်းသား များအကြား ယဉ်ကျေးမှုရေးရာကိစ္စ၊ ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးကိစ္စ၊ ကျောင်းသားလူငယ်ထုအကြား မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးကိစ္စ၊ မြန်မာစာပညာသင်ကြားနေမှုအခြေအနေနှင့် မြန်မာနိုင်ငံ၏ လွတ်လပ်တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကျင့်သုံးနေမှုအခြေအနေတို့ စပ်လျဉ်းသည့်မေးခွန်းများအပေါ် ပြန်လည်ရှင်းလင်းဖြေကြားပြီး *စာမျက်နှာ ၄ သို့*

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုရီးယားနိုင်ငံ၌ပညာသင်ကြားနေကြသည့် မြန်မာကျောင်းသား ကျောင်းသူများ၊ ဘူဆန်နိုင်ငံခြားဘာသာသင် တက္ကသိုလ်တွင် မြန်မာစာအထူးပြုသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံစဉ်။

သတင်းစဉ်






နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ASEAN–ROK CEO Summit (Session–3) တွင် မိန့်ခွန်းပြောကြားစဉ်။

သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

**ဘာသာရပ် ၂၃ ခု သင်ကြား**

ဘူဆန်နိုင်ငံခြားဘာသာသင် တက္ကသိုလ်ကို ၁၉၈၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး မြန်မာစာဌာနကို ၁၉၉၂ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ကြောင်း၊ အဆိုပါတက္ကသိုလ်တွင် ဘာသာရပ် ၂၃ ခုကို သင်ကြားလျက်ရှိပြီး ယခုအခါ ကိုရီးယားကျောင်းသား ကျောင်းသူ ၁၂၀ သည် မြန်မာစာအထူးပြု သင်ကြားလျက်ရှိကြောင်း သိရသည်။

**မိန့်ခွန်းပြောကြား**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်သည် BEXCO Exhibition Center–2 ၌ ကျင်းပသည့် ASEAN–ROK CEO Summit (Session–3)သို့ တက်ရောက်ပြီး "New Partnership for ASEAN and Korea Businesses" ခေါင်းစဉ်ဖြင့် မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းအား စာမျက်နှာ ၆ တွင် ဖော်ပြထားပါသည်)**

**ဂုဏ်ပြုညစာစားပွဲ တက်ရောက်**

ညပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်သည် ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာ မွန်ဂျေအင်းနှင့် ဇနီး ကင်မ်ဂျောင်းဆုတို့က အာဆီယံ–ကိုရီးယား ဆွေးနွေးဖက် ဆက်ဆံရေး နှစ်(၃၀)ပြည့် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဘူဆန်မြို့တွင် ရောက်ရှိနေကြသည့် အာဆီယံ နိုင်ငံများမှ နိုင်ငံအကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီး များနှင့် အဆင့်မြင့်အရာရှိကြီးများအား ဘူဆန်မြို့ Hilton ဟိုတယ်၌ တည်ခင်းဧည့်ခံသည့် ကြိုဆိုဂုဏ်ပြုညစာစားပွဲသို့ တက်ရောက် သည်။

**သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘူဆန်နိုင်ငံခြားဘာသာသင်တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

## နတ်တော်လအတွက် စာဆိုတော်ပွဲနှင့် သဇင်ပန်း ၂၀၀ ကျပ်တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**နေပြည်တော် နိုဝင်ဘာ ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ ၁၂ လ ရာသီပွဲတော်များနှင့် ပန်းများအထိမ်းအမှတ်၊ နတ်တော်လအတွက် စာဆိုတော်ပွဲနှင့် သဇင်ပန်း ၂၀၀/–ကျပ်တန် အထူးထုတ်စာပို့ တံဆိပ်ခေါင်းသစ် တစ်မျိုးအား နိုဝင်ဘာ ၂၇ ရက် မြန်မာသက္ကရာဇ် ၁၃၈၁ ခုနှစ် နတ်တော်လဆန်း ၁ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှ စတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ လုပ်ငန်းပြည့်စာတိုက်အသီးသီးတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီး တို့၌ နိုဝင်ဘာ ၂၇ ရက်၌ ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများနှင့် ပထမနေ့စာအိတ်(Firstday Cover) များပေါ်တွင် နေ့စွဲအမှတ်အသား တံဆိပ်ရိုက်နှိပ်ပေးမည်ကြောင်း သိရသည်။

**သတင်းစဉ်**



# မတူကွဲပြားတဲ့ လူ့အဖွဲ့အစည်းအသီးသီးအပေါ်မှာ လွှမ်းမိုးနိုင်စွမ်းရှိတဲ့ ယဉ်ကျေးမှုလုပ်ငန်းများဟာ ကမ္ဘာတစ်ဝန်းမှာ ယဉ်ကျေးမှုဖလှယ်ခြင်းတွေကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ မျှမျှတတ ဆောင်ရွက်နိုင်ဖို့အတွက် အရေးပါတဲ့အနေအထားမှာရှိ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံ – ကိုရီးယားယဉ်ကျေးမှုဆိုင်ရာ တီထွင်ဆန်းသစ်မှုထိပ်သီးအစည်းအဝေးတွင် "Growing with Art" ခေါင်းစဉ်ဖြင့် ပြောကြားသည့်မိန့်ခွန်း

( ဘူဆန်မြို့၊ ၂၀၁၉ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် )

ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိဧည့်သည်တော်များရှင့်၊

အနုပညာ၊ ယဉ်ကျေးမှုနဲ့ နည်းပညာဆိုင်ရာနယ်ပယ်များမှ ကိုယ်စားလှယ်များစွာနဲ့ တွေ့ဆုံရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။

ယဉ်ကျေးမှုလုပ်ငန်းရဲ့ အောင်မြင်မှုဟာ ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုသိသိသာသာ အထောက်အကူပြုလျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ်မှာဆိုရင် ယဉ်ကျေးမှုလုပ်ငန်းများဟာ ကမ္ဘာ့ဝင်ငွေ အမေရိကန်ဒေါ်လာ ၂,၂၅၀ ဘီလီယံနဲ့ အလုပ်အကိုင် ၂၉.၅ သန်းကို ဖန်တီးပေးနိုင်ခဲ့ပြီး၊ ကိုရီးယားနိုင်ငံရဲ့ ယဉ်ကျေးမှုပို့ကုန်တန်ဖိုးဟာ ၂၀၁၇ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၈.၂ ဘီလီယံအထိ ရှိခဲ့ပါတယ်။

ယဉ်ကျေးမှုဆိုင်ရာ ကုန်သွယ်ရေးမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေ ပါဝင်လာမှု တိုးတက်လာပေမယ့် အာဆီယံနိုင်ငံများဟာ တန်ဖိုးကွင်းဆက်ရဲ့ သုံးစွဲမှုပိုင်းမှာသာရှိနေဆဲဖြစ်တဲ့အတွက် ကမ္ဘာ့ယဉ်ကျေးမှု ကုန်သွယ်ခြင်းကဏ္ဍရဲ့ အောင်မြင်မှုရလဒ်ကို အပြည့်အဝခံစားနိုင်ခြင်း မရှိသေးတာကို တွေ့မြင်ရပါတယ်။

ဒါကြောင့် ဒီနေ့ကျင်းပတဲ့ ယဉ်ကျေးမှုဆိုင်ရာ တီထွင်ဆန်းသစ်မှုထိပ်သီးအစည်းအဝေးဟာဆိုရင် ယဉ်ကျေးမှုနဲ့ နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်သူများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအတွက် အသင့်လျော်ဆုံးသော အစည်းအဝေးတစ်ခုဖြစ်ပါတယ်။

ဒီကနေ့မှာ မိမိအနေနဲ့ အချက်အလက်အချို့ကို ဆွေးနွေးသွားလိုပါတယ်။

ပထမအချက်အနေနဲ့ ယဉ်ကျေးမှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပင်ကိုစွမ်းရည်နဲ့ နည်းပညာတို့ဟာ မောင်းနှင်အားတစ်ခုဖြစ်တယ်ဆိုတဲ့ အချက်ကို ဆွေးနွေးလိုပါတယ်။

ယဉ်ကျေးမှုကဏ္ဍဟာ အခြားလုပ်ငန်းများနှင့်မတူဘဲ တစ်မူထူးခြားပါတယ်။ ဒီကဏ္ဍမှာ တီထွင်မှုနဲ့ဆန်းသစ်မှုဟာအဓိကကျပြီး ပင်ကိုစွမ်းရည်နဲ့ ကျွမ်းကျင်မှုတွေက ယဉ်ကျေးမှုလုပ်ငန်းရဲ့ အသက်သွေးကြောပဲဖြစ်ပါတယ်။

ဒီယဉ်ကျေးမှုလုပ်ငန်းမှာ လုပ်ကိုင်ကြသူများအနေနဲ့ အနုပညာဖန်တီးမှုတန်ဖိုးမှာသာမက ပရိသတ်များနဲ့ ထိတွေ့ဆက်ဆံရေးအတွက်နဲ့ လုပ်ငန်းများ စီမံခန့်ခွဲနိုင်ရေးတို့မှာလည်း တီထွင်ဆန်းသစ်တဲ့နည်းလမ်းများ အမြဲမပြတ် ရှာဖွေနေဖို့ လိုပါတယ်။


ဒါကြောင့် ယဉ်ကျေးမှုလုပ်ငန်းမှာလိုအပ်တဲ့ ပင်ကိုစွမ်းရည်ဟာ ဖန်တီးမှုဆိုင်ရာ ပညာရေးနဲ့ယဉ်ကျေးမှုဆိုင်ရာ ကျွမ်းကျင်မှုအထိသာ ကန့်သတ်မထားဘဲ ယဉ်ကျေးမှုလုပ်ငန်းအနေနဲ့ သတင်းအချက်အလက်နည်းပညာ၊ အချင်းချင်း ကွန်ရက်ဖြန့်ကြက်ဆက်သွယ်နိုင်တဲ့ အရည်အသွေးနဲ့ စီမံခန့်ခွဲမှုဆိုင်ရာကျွမ်းကျင်မှု အရည်အချင်းများလည်း လိုအပ်လျက်ရှိပါတယ်။

အင်တာနက်ရဲ့ ထိုးဖောက်ဝင်ရောက်မှုနဲ့ မိုဘိုင်းဖုန်းအသုံးပြုနိုင်မှု တိုးတက်လာတာနဲ့အမျှ ယဉ်ကျေးမှုတန်ဖိုးတွေကို ခံစားမှုပုံစံများလည်း ပြောင်းလဲလာတဲ့အတွက် ယဉ်ကျေးမှုလုပ်ငန်းအနေနဲ့လည်း ဒစ်ဂျစ်တယ်နည်းပညာအသုံးချမှုစွမ်းရည်နဲ့ နည်းပညာပိုင်းတို့မှာ ပိုမိုရင်းနှီးမြှုပ်နှံဖို့ လိုအပ်လျက်ရှိပါတယ်။

## ဧည့်သည်တော်များရှင့်

ဒုတိယအချက်အနေနဲ့ ငြိမ်းချမ်းမှုမြှင့်တင်ခြင်းနဲ့ ၂၁ ရာစုမှာ ရင်ဆိုင်နေရတဲ့ ကိစ္စရပ်များကိုဖြေရှင်းရေးမှာ ယဉ်ကျေးမှုလုပ်ငန်းများရဲ့ အရေးပါတဲ့ အခန်းကဏ္ဍကို ဆွေးနွေးလိုပါတယ်။

မတူကွဲပြားတဲ့ လူ့အဖွဲ့အစည်းအသီးသီးအပေါ်မှာ လွှမ်းမိုးနိုင်စွမ်းရှိတဲ့ ယဉ်ကျေးမှု လုပ်ငန်းများဟာ ကမ္ဘာတစ်ဝန်းမှာ ယဉ်ကျေးမှုဖလှယ်ခြင်းတွေကို ကျယ်ကျယ်ပြန့်ပြန့်နဲ့ မျှမျှတတ ဆောင်ရွက်နိုင်ဖို့အတွက် အရေးပါတဲ့အနေအထားမှာရှိပြီး၊ မတူကွဲပြားတဲ့ ယဉ်ကျေးမှုများအကြား အပြန်အလှန်လေးစားမှုကို ဖြစ်ထွန်းစေကာ ငြိမ်းချမ်းစွာနေထိုင်တဲ့ အလေ့အကျင့်ကောင်းများကို ထွန်းကားစေပါတယ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံ – ကိုရီးယားယဉ်ကျေးမှုဆိုင်ရာ တီထွင်ဆန်းသစ်မှုထိပ်သီးအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

ယနေ့မိမိတို့ရင်ဆိုင်နေရတဲ့ ပြဿနာတွေဟာ နေရာအနှံ့ စိမ့်ဝင်ပျံ့နှံ့နေတဲ့ သဘောသဘာဝရှိတဲ့အတွက် လူမှုအဖွဲ့အစည်းတစ်ရပ်လုံး ဘက်စုံမှ ချဉ်းကပ်အဖြေရှာရေးဟာ မရှိမဖြစ်လိုအပ်ပါတယ်။ အစိုးရအသီးသီးအနေနဲ့လည်း လူမှုအဖွဲ့အစည်းများနဲ့ လုပ်ငန်းများရဲ့ ပိုမိုပူးပေါင်းဆောင်ရွက်မှုနဲ့ ကူညီပံ့ပိုးမှုများ လိုအပ်လျက်ရှိပါတယ်။

မီဒီယာ၊အနုပညာရှင်များနဲ့ ပြည်သူကို လွှမ်းမိုးနိုင်စွမ်းရှိသူတို့ရဲ့ နူးညံ့သိမ်မွေ့တဲ့ စွမ်းအားတိုးတက်လာတာနဲ့အမျှ ယဉ်ကျေးမှုနဲ့တီထွင်ဆန်းသစ်မှု လုပ်ငန်းနယ်ပယ်များဟာ ငြိမ်းချမ်းရေးမြှင့်တင်ရေးနဲ့ ပြဿနာများဖြေရှင်းရေးမှာ ပိုမိုအရေးပါလာပါတယ်။

ရာသီဥတုပြောင်းလဲခြင်းလို ပြဿနာမျိုးကိုကိုင်တွယ်ရာမှာ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများကလည်း သိသိသာသာ ပါဝင်ကူညီပံ့ပိုးပေးနိုင်ပါတယ်။ ရာသီဥတုပြောင်းလဲမှုရဲ့ တိုးမြင့်လာတဲ့ခြိမ်းခြောက်မှုတွေကို လူတစ်ဦးတစ်ယောက်စီရဲ့ အမူအကျင့်များပြောင်းလဲခြင်းဖြင့်သာ ပိုမိုထိရောက်စွာ တုံ့ပြန်နိုင်မှာဖြစ်တဲ့အတွက်၊ မှန်ကန်တဲ့အပြောင်းအလဲတွေ ဖြစ်ပေါ်စေဖို့အတွက် ဆန်းသစ်တဲ့နည်းလမ်းတွေကို မိမိတို့အနေနဲ့ ရှာဖွေဖို့လိုအပ်လျက်ရှိ ပါတယ်။

ဒါနဲ့စပ်လျဉ်းလို့ မကြာသေးခင်က ဂျာမနီနိုင်ငံမှာ ဂန္ထဝင်သံစုံတီးဝိုင်းတစ်ခုက ရာသီဥတုပြောင်းလဲမှုအကြောင်းကို ဖော်ကျူးရာမှာ Antonio Vivaldi ရဲ့ လေးရာသီ(The Four Seasons)တယောဖျော်ဖြေပွဲက ရာသီဥတုအချက်အလက်များကိုအခြေခံပြီး တင်ဆက်ခဲ့တာဟာ အလွန်ဆန်းသစ်ပြီး အကျိုးသက်ရောက်မှုရှိပါတယ်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာဗဟုသုတများမြှင့်တင်နိုင်ဖို့ ဒီလိုအစီအစဉ်သစ်တွေ များစွာလိုအပ်လျက်ရှိပါတယ်။

အစွန်းရောက်မှု တိုက်ဖျက်ရေးဟာလည်း ယဉ်ကျေးမှုနယ်ပယ်မှာ ပြည်သူကို လွှမ်းမိုးနိုင်စွမ်းရှိသူများအနေနဲ့ ပါဝင်အကူအညီပေးနိုင်တဲ့ နယ်ပယ်တစ်ခုဖြစ်ပါတယ်။ ယဉ်ကျေးမှုကွဲပြားခြားနားမှုကို ပဋိပက္ခများ၊ အစွန်းရောက်မှုများ ဖြစ်ပွားစေတဲ့ အကြောင်းရင်းခံတစ်ခုအနေနဲ့ ရှုမြင်လေ့ရှိတတ်ကြပေမယ့် တစ်ခါတစ်ရံမှာပဋိပက္ခအတွက် အကြောင်းပြချက်သက်သက်သာ ဖြစ်တတ်ပါတယ်။

ပဋိပက္ခများဖြစ်ပွားရတဲ့ အကြောင်းရင်းခံများကို နက်နက်နဲနဲရှာဖွေဖို့လိုအပ်တဲ့အပြင် မတူကွဲပြားတဲ့ ယဉ်ကျေးမှုတွေကို အသိအမှတ်ပြုလေးစားတန်ဖိုးထားတတ်ဖို့အတွက် မိမိတို့အနေနဲ့ ယဉ်ကျေးမှုဆိုင်ရာ အသိပညာနဲ့ ကွဲပြားတဲ့ ယဉ်ကျေးမှုအကြား ဆက်ဆံရေးစွမ်းရည်တို့ကို အသုံးချရမှာ ဖြစ်ပါတယ်။ သို့မှသာ အားလုံးရဲ့ စိတ်နဲ့နှလုံးသားတို့ဟာ တစ်လုံးတစ်ဝတည်း စုစည်းပေါင်းစပ်လာကြမှာ ဖြစ်ပါတယ်။

ယဉ်ကျေးမှုလုပ်ငန်းဟာ မညီမျှမှုတွေကို လျှော့ချရာမှာလည်း များစွာအကျိုးသက်ရောက်မှုရှိပါတယ်။

ယဉ်ကျေးမှုကဏ္ဍဟာ လူငယ်လူရွယ်တွေကို အလုပ်အကိုင်ရရှိစေပြီး၊ အမျိုးသမီးများကိုဦးစားပေးတဲ့အပြင်၊ ယဉ်ကျေးမှုလုပ်ငန်းကို အသေးစားစီးပွားရေးလုပ်ငန်းများနဲ့ တစ်ဦးချင်းစီက ဆောင်ရွက်တာဖြစ်တဲ့အတွက် ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများဟာ နုပျိုလန်းဆန်းတယ်၊ အားလုံးပါဝင်တယ်၊ စီးပွားရေး စွမ်းဆောင်မှုရှိတယ်လို့ လေ့လာတွေ့ရှိချက်တွေက ဆိုပါတယ်။

ဒါကြောင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းက လူငယ်များ၊ အမျိုးသမီးများ၊ အသေးစား စီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများ ဖန်တီးပေးရုံသာမက လူမှုရေးမညီမျှမှု နဲ့ နိုင်ငံနဲ့ဒေသများအကြား ဖွံ့ဖြိုး တိုးတက်မှု ကွာဟချက်များကို ကျဉ်းမြောင်းစေဖို့အတွက် အလားအလာများစွာရှိတာကြောင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းကသာ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေတဲ့ အင်အားကြီးအရာတစ်ခု ဖြစ်ပါတယ်။

## ဧည့်သည်တော်များရှင့်

တတိယအချက်အနေနဲ့ ယဉ်ကျေးမှုကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးကို အလေးထား ပြောကြားလိုပါတယ်။

ယဉ်ကျေးမှုကဏ္ဍမှာ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ဦးဆောင်နေတဲ့ ကိုရီးယားသမ္မတနိုင်ငံဟာ အာဆီယံရဲ့ တန်ဖိုးရှိတဲ့ မိတ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်တာကြောင့် နှစ်ဖက်အကျိုးရှိမယ့် ပူးပေါင်းဆောင်ရွက်မှုတွေ တိုးတက်ခိုင်မာစေဖို့ အခွင့်အလမ်းများစွာ ရှိနေပါတယ်။

မိမိတို့ဒေသမှာရှိတဲ့ စုံလင်ပြီး မတူကွဲပြားတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေဟာ အနုပညာတန်ဖိုးတွေကို ပူးတွဲဖန်တီးဖို့၊ ပူးတွဲထုတ်လုပ်ဖို့နဲ့ ပူးတွဲဖြန့်ဝေဖို့အတွက် အခွင့်အလမ်းများဖြစ်ပါတယ်။

ဒီလိုပူးတွဲဖန်တီး ထုတ်လုပ်ခြင်းဟာ စရိတ်မျှဝေကျခံဖို့အတွက်သာမက ရုပ်ရှင်နဲ့ ရုပ်မြင်သံကြားလုပ်ငန်းများအတွက် ပိုမိုကြီးမားတဲ့ဈေးကွက်နဲ့ မတူကွဲပြားတဲ့အကြောင်းအရာတွေကို ပိုမိုရရှိဖို့အတွက် အခွင့်အလမ်းများကိုလည်း ဖော်ဆောင်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံနဲ့ ကိုရီးယားနိုင်ငံတို့အကြား အနုပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ စတင်နေရာကို တွေ့မြင်ရတဲ့အတွက် မိမိအနေနဲ့ များစွာအားရကျေနပ်မိပါတယ်။

ကိုရီးယားနိုင်ငံရဲ့JBJ Entertainment၊ SBS Medianet တို့နဲ့ မြန်မာနိုင်ငံရဲ့ BIG5 Film Production၊ Fortune TV တို့အကြား ပူးတွဲထုတ်လုပ်ထားတဲ့ "A Winter once upon a time"၊ "A Flower above the Clouds" နဲ့"My Music Teacher Mingalabar" အမည်ရှိ ရုပ်ရှင်များဟာ အနာဂတ်မှာ ရုပ်ရှင်ထုတ်လုပ်မှုကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်သွားနိုင်ဖို့ အပြုသဘောဆောင်တဲ့ ခြေလှမ်းများဖြစ်ပါတယ်။

မြန်မာ့ရုပ်ရှင်လုပ်ငန်းဟာ ၎င်းရဲ့ရွှေခေတ်ကာလမှာ အရှေ့တောင်အာရှမှာ အကြီးမားဆုံးနဲ့ အအောင်မြင်ဆုံးဖြစ်ခဲ့ပါတယ်။ လာမယ်နှစ်မှာဆိုရင် မြန်မာ ရုပ်ရှင်ဟာ နှစ် ၁၀၀ ပြည့်မြောက်မှာဖြစ်တဲ့အတွက် မြန်မာ့ရုပ်ရှင်လုပ်ငန်းအနေနဲ့ တောက်ပတဲ့အနာဂတ်ကိုဖန်တီးရာမှာ ဒေသတွင်းနိုင်ငံများနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အတိတ်ရဲ့အောင်မြင်မှုများအပေါ် တည်ဆောက်သွားလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဒီလအစောပိုင်းက ဘူဆန်မြို့မှာ ကျင်းပခဲ့တဲ့ ASEAN Cinema Week 2019နဲ့ ASEAN–ROK Film Organization ထူထောင်ဖို့ ကြိုးပမ်းမှုများဟာလည်း ရုပ်ရှင်ကဏ္ဍမှာ အနာဂတ်ပူးပေါင်းဆောင်ရွက်မှုများအတွက် အလားအလာကောင်းများ ဖြစ်ပါတယ်။

## ဧည့်သည်တော်များရှင့်

ဂီတကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်မယ့် အလားအလာဟာလည်း အားရစရာ ကောင်းပါတယ်။ ဂီတဟာ ကွဲပြားခြားနားတဲ့ လူပုဂ္ဂိုလ်များနဲ့ ယဉ်ကျေးမှုများ အကြားမှာတည်ရှိတဲ့ အတားအဆီးများကို ကျော်လွှန်နိုင်ဖို့အတွက် အင်အားကြီးမားတဲ့ တန်ဆာပလာတစ်ခု ဖြစ်ပါတယ်။

မြန်မာ၊ ထိုင်းနဲ့ ကိုရီးယားသမ္မတနိုင်ငံတွေက အဆိုတော်များနဲ့ ဖွဲ့စည်းထားတဲ့ ကိုရီးယားမိန်းကလေးအဆိုတော်အဖွဲ့ဖြစ်တဲ့ "Rose Quartz" ဟာဆိုရင်လည်း ဂီတနဲ့ ပေါင်းစည်းထားတဲ့ ချစ်ခင်ရင်းနှီးမှုရဲ့ ပြယုဂ်တစ်ခု ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ မကြာသေးမီက "Gongs and Skins" အမည်ရှိ နိုင်ငံတကာ သံစုံတူရိယာတီးဝိုင်း အစီအစဉ်တစ်ရပ်ကို လက်ခံကျင်းပခဲ့ပါတယ်။ အဲဒီတီးဝိုင်းမှာ မြန်မာနိုင်ငံက တိုင်းရင်းသားမျိုးစုံအပြင် အာရှ၊ အာဖရိကနဲ့ ဥရောပတိုက်တို့မှ တူရိယာပညာရှင်များပါဝင်ပြီး၊ ဒေသအတွင်းမှာရှိတဲ့စုံလင်တဲ့ ယဉ်ကျေးမှုများအကြား ငြိမ်းချမ်းသော ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်ခဲ့ပါတယ်။

စာမျက်နှာ ၆ သို့

"တီထွင်ဆန်းသစ်မှုလုပ်ငန်းက လူငယ်များ၊ အမျိုးသမီးများ၊ အသေးစား စီးပွားရေးလုပ်ငန်းများအတွက် စီးပွားရေးဆိုင်ရာအခွင့်အလမ်းများ ဖန်တီးပေးရုံသာမက လူမှုရေးမညီမျှမှုနဲ့ နိုင်ငံနဲ့ဒေသများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကို ကျဉ်းမြောင်းစေဖို့အတွက် အလားအလာများစွာရှိတာကြောင့် တီထွင်ဆန်းသစ်မှုလုပ်ငန်းကသာ ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်စေတဲ့ အင်အားကြီးအရာတစ်ခုဖြစ်"

# မြန်မာနိုင်ငံအနေနဲ့ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေတဲ့ မိတ်ဖက်ဆက်ဆံရေးကို အထူးအလေးထားတဲ့အပြင် မိမိတို့နိုင်ငံများနဲ့ မိမိတို့ဒေသ သာယာဝပြောစေဖို့အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ဖို့ စိတ်အားထက်သန်လျက်ရှိ

ကိုရီးယားသမ္မတနိုင်ငံ၊ဘူဆန်မြို့၌ ကျင်းပသည့် အာဆီယံ – ကိုရီးယားစီးပွားရေးဆိုင်ရာ အမှုဆောင်အရာရှိချုပ်များ၏ ထိပ်သီးအစည်းအဝေး၂၀၁၉ တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားသည့်မိန့်ခွန်း

## "ကိုရီးယားနှင့် အာဆီယံစီးပွားရေးကို အတူတကွကြွယ်ဝစေမည့် ပူးပေါင်းဆောင်ရွက်မှုအသစ်များ"

**ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိ ဧည့်သည်တော်များရှင့်၊**

သက်ဝင်လှုပ်ရှားနေတဲ့ ဆိပ်ကမ်းမြို့ဖြစ်တဲ့ ဘူဆန်မြို့မှာ ကျင်းပတဲ့ အာဆီယံ–ကိုရီးယားသမ္မတနိုင်ငံတို့ရဲ့ စီးပွားရေးဆိုင်ရာ အမှုဆောင်အရာရှိချုပ်များရဲ့ ထိပ်သီးအစည်းအဝေးမှာ စကားပြောခွင့်ရတဲ့အတွက် များစွာ ဝမ်းမြောက်မိပါတယ်။

ဒီထိပ်သီးအစည်းအဝေးကို တက်ရောက်ဖို့ဖိတ်ကြားတဲ့အတွက်နဲ့ မကြာသေးမီက မြန်မာနိုင်ငံကိုလာရောက်ပြီး၊ မြန်မာ–ကိုရီးယားနှစ်နိုင်ငံကို ပိုမိုချစ်ကြည်ရင်းနှီးစေခဲ့တဲ့ ခရီးစဉ်တို့အတွက် ကိုရီးယားသမ္မတနိုင်ငံ၊ သမ္မတမွန်ဂျေအင်းအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

သမ္မတကြီး မွန်ဂျေအင်းဟာ ပိုမိုခိုင်မာ၍ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး၊ ပိုမိုကျယ်ပြန့်တဲ့ အာဆီယံ–ကိုရီးယားဆက်ဆံရေး၊ တစ်နည်းအားဖြင့် စီးပွားရေးနဲ့ လုပ်ငန်းများကိုပေါင်းစပ် ဆက်နွှယ်ပြီး၊ ပြည်သူများ အချင်းချင်းထိတွေ့ဆက်ဆံမှုနဲ့ လုံ့ဆော်ကာ စည်းလုံးညီညွတ်တဲ့ အာဆီယံဆိုတဲ့အချက်တွေကို အခြေခံတဲ့ မိတ်ဖက်ဆက်ဆံရေးကို အစဉ်တစိုက် အားပေးထောက်ခံသူ တစ်ဦးဖြစ်ပါတယ်။

ရည်မှန်းချက်ကြီးမားပြီး နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေတဲ့ မိတ်ဖက်ဆက်ဆံရေးကို မဲခေါင်ဒေသရှိနိုင်ငံများနဲ့ ထူထောင်ရေးအတွက် မိမိတို့ရဲ့ ဆန္ဒကို သမ္မတ မွန်နဲ့ မကြာခဏ ဆွေးနွေးပြောဆိုဖြစ်ကြပါတယ်။

မြန်မာနိုင်ငံအနေနဲ့ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေတဲ့ မိတ်ဖက်ဆက်ဆံရေးကို အထူးအလေးထားတဲ့အပြင် မိမိတို့နိုင်ငံများနဲ့ မိမိတို့ဒေသ သာယာဝပြောစေဖို့အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ဖို့ စိတ်အားထက်သန်လျက်ရှိပါတယ်။ အဲဒီမျှော်မှန်းချက်တွေကို မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းသစ်မှာ ရှင်းရှင်းလင်းလင်း ဖော်ပြထားပါတယ်။

ကိုရီးယားသမ္မတနိုင်ငံရဲ့ တောင်ပိုင်းဒေသမူဝါဒသစ်နဲ့ မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတို့မှာ တူညီတဲ့အချက်များစွာရှိတာကို တွေ့မြင်နိုင်လိမ့်မယ်လို့ မိမိအနေနဲ့ ယုံကြည်ပါတယ်။ မိမိတို့ပြည်သူများနဲ့ မိမိတို့ဒေသရဲ့ လွတ်လပ်မှုနဲ့ သာယာဝပြောမှုတို့ကို ဖော်ဆောင်ပေးရေးဆိုတဲ့ တူညီတဲ့ရည်မှန်းချက်နဲ့ ဒီမူဝါဒနဲ့ စီမံကိန်းတို့ဟာ စည်းနှောင်ပေါင်းစည်းထားပါတယ်။

**ဧည့်သည်တော်များရှင့်**

ယနေ့ထိပ်သီးအစည်းအဝေးကို အာဆီယံနဲ့ ကိုရီယားသမ္မတနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုတည်ဆောက်တဲ့ နှစ်(၃၀)ပြည့် အထိမ်းအမှတ်နဲ့ဆက်စပ်ပြီး ကျင်းပခြင်းဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက် ရလဒ်များ အလွယ်တကူမရရှိနိုင်ကြောင်းကို မိမိတို့နိုင်ငံများအနေနဲ့ နားလည်သဘောပေါက်ထားကြပေမယ့် မျိုးဆက်တစ်ခုအတွင်းမှာ မိမိတို့ရရှိခဲ့တဲ့




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အာဆီယံ – ကိုရီးယား စီးပွားရေးဆိုင်ရာ အမှုဆောင်အရာရှိချုပ်များ၏ ထိပ်သီးအစည်းအဝေး၂၀၁၉ တွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

အောင်မြင်မှုများဟာ အမှန်တကယ် သိသာထင်ရှားမှုရှိတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ အဲ့ဒါကြောင့်လည်း မြန်မာနိုင်ငံအနေနဲ့ မိမိတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များအောင်မြင်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံရဲ့ ကူညီအားပေးမှုကို အမြဲကြိုဆိုလျက်ရှိသလို ဆက်လက်ကြိုဆိုသွားမှာ ဖြစ်ပါတယ်။

အရေးကြီးဆုံးက တိုးတက်မှုရှိတဲ့နယ်ပယ်များနဲ့ စိန်ခေါ်မှုတွေရင်ဆိုင်ကြုံတွေ့နေရတဲ့ နယ်ပယ်တို့အကြား ချိတ်ဆက်ဆောင်ရွက်ဖို့ အခွင့်အလမ်းကောင်းတွေကို ယခုအစည်းအဝေးက ဖန်တီးပေးလျက်ရှိပါတယ်။ အပြန်အလှန် ဆက်နွှယ်နေတဲ့ ယနေ့ကမ္ဘာကြီးမှာ မိမိတို့အနေနဲ့ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခက်အခဲများကို သီးခြားစီဖြေရှင်းမယ့် အလားအလာကို ရှောင်ရှားပြီး ဘက်ပေါင်းစုံမှကြည့်၍ ပူးပေါင်းလက်တွဲကာ စုပေါင်းအဖြေရှာဖို့လိုအပ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုမှ စွမ်းအင်ဖူလုံမှုအထိ၊ စားနပ်ရိက္ခာဖူလုံမှုမှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအထိ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိန်ခေါ်မှုများကို မိတ်ဖက်ဆက်ဆံရေးမှတစ်ဆင့် ဖြေရှင်းခြင်းက စဉ်ဆက်မပြတ် အောင်မြင်မှုရရှိဖို့အတွက် အခွင့်အလမ်းကောင်းများ ဖော်ဆောင်ပေးလျက်ရှိပါတယ်။

**ဧည့်သည်တော်များရှင့်**

မြန်မာနိုင်ငံအနေနဲ့ ယနေ့အချိန်အခါမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လျက်ရှိတဲ့ အာဆီယံနဲ့ အာရှနိုင်ငံများနဲ့ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုန်သွယ်မှုဆက်ဆံရေးတိုးမြှင့်ရေးကို အာရုံစိုက်ဆောင်ရွက်လျက်ရှိပါတယ်။

အရှေ့တောင်အာရှမှာ ကုန်းမြေအကြီးဆုံးနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာ လူဦးရေ ၅၃ သန်းရှိပြီး၊ အများစုဟာ အလုပ်လုပ်ကိုင်နိုင်တဲ့ အသက်အရွယ်ရှိကြသူများ ဖြစ်ကြပါတယ်။

မြန်မာနိုင်ငံက နှစ်စဉ်စီးပွားရေးတိုးတက်မှုနှုန်း ၆ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအကြားမှာရှိပြီး၊ အာဆီယံရဲ့ စီးပွားတိုးတက်မှု အလျင်မြန်ဆုံးနိုင်ငံတွေမှာ ပါဝင်ပါတယ်။

မိမိတို့နိုင်ငံဟာ အကြီးမားဆုံးသော ဒေသတွင်းစီးပွားရေး အုပ်စု ၂ စုဖြစ်တဲ့ မဟာမဲခေါင်ဒေသခွဲနဲ့တောင်အာရှဒေသခွဲအုပ်စုတို့ကိုချိတ်ဆက်ထားတဲ့ မဟာဗျူဟာမြောက်နေရာမှာ တည်ရှိပါတယ်။

သဘာဝဓာတ်ငွေ့ ၁၇ ထရီလီယံ ကုဗမီတာ၊ ရေနံစိမ်းစည်ပေါင်း ၃.၂ ဘီလီယံ၊ ရှားပါးတဲ့သယံဇာတများ၊ ဓာတ်သတ္တုများနှင့် တွင်းထွက်ရတနာများစတဲ့ သဘာဝသယံဇာတများနဲ့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးထွက်ကုန်များရှိတာကြောင့် မြန်မာနိုင်ငံဟာ အရင်းအမြစ်ကြွယ်ဝတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။

မိမိတို့အနေနဲ့ ကိုရီးယားသမ္မတနိုင်ငံနဲ့ အပြန်အလှန် အကျိုးပြုဖြည့်ဆည်းပေးနိုင်မယ့် အားသာချက်များစွာရှိပါတယ်။ ဒါပေမယ့် မိမိတို့အားလုံး လိုလားတောင့်တကြတဲ့ ငြိမ်းချမ်းပြီး သာယာဝပြောတဲ့ အနာဂတ်ကို အပြည့်အဝ ဖော်ဆောင်နိုင်ဖို့အတွက် မိမိတို့အနေနဲ့ အတူတကွ စည်ပင်ဖွံ့ဖြိုးစေနိုင်မယ့် စီးပွားရေးမိတ်ဖက်ပြုမှုအသစ်များကို စူးစမ်းရှာဖွေလျက်ရှိပါတယ်။

နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရာမှာ စီးပွားရေးလုပ်ငန်းအချင်းချင်းနဲ့ ပြည်သူအချင်းချင်းအကြား ဆက်ဆံရေးတိုးတက်ခိုင်မာရေးကိုသာမက အဖွဲ့အစည်းဆိုင်ရာ အခြေခံအဆောက်အဦနဲ့ ဥပဒေမူဘောင်များကိုလည်း အလေးထား အာရုံစိုက်ဖို့ လိုအပ်ပါတယ်။

ဒါ့ကြောင့် မြန်မာနိုင်ငံအနေနဲ့ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (RCEP) ဆွေးနွေးညှိနှိုင်းမှုတွေကို ဆောလျင်စွာအပြီးသတ်ဖို့ အပြည့်အဝ ကတိကဝတ်ပြုထားပါတယ်။

**ဧည့်သည်တော်များရှင့်**

ကိုရီးယားသမ္မတနိုင်ငံနဲ့ အာဆီယံတို့အကြား ကုန်သွယ်မှုဟာ ဆွေးနွေးဖက် ဆက်ဆံရေး တရားဝင်စတင်တဲ့ အချိန်နဲ့နှိုင်းယှဉ်ရင် အဆနှစ်ဆယ်ကျော် တိုးတက်ခဲ့သလို အာဆီယံဟာ ကိုရီးယားသမ္မတနိုင်ငံရဲ့ ဒုတိယကုန်သွယ်မှု အများဆုံး မိတ်ဖက်ဖြစ်လာပါတယ်။ ဒီလိုတိုးတက်မှုရဲ့အကျိုးကို မြန်မာနိုင်ငံက ခံစားရရှိပြီး၊ မိမိတို့နိုင်ငံရဲ့ စက်မှုကဏ္ဍဟာ လွန်ခဲ့တဲ့နှစ်များအတွင်း လျင်မြန်စွာတိုးတက်လာခဲ့ပါတယ် (၂၀၁၁ ခုနှစ်မှာ ပြည်တွင်းအသားတင်ထုတ်လုပ်မှု၏ ၁၉.၇ ရာခိုင်နှုန်းရှိ၍ ၂၀၁၇ ခုနှစ်မှာ ၂၃.၉ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပါတယ်။)

အဝတ်အထည်တင်ပို့မှု မြှင့်တက်လာခြင်းကြောင့် ထုတ်လုပ်မှု ပမာဏ တိုးတက်လာခြင်းနဲ့ ဒလမြို့ကိုဆက်သွယ်တဲ့ မြန်မာ–ကိုရီးယား ချစ်ကြည်ရေး တံတားနဲ့ မကြာသေးမီကဖွင့်လှစ်ခဲ့တဲ့ ကိုရီးယား–မြန်မာစက်မှုဇုန်အပါအဝင် မဟာဗျူဟာကျတဲ့ အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းသစ်များကြောင့် ဆောက်လုပ်ရေးကဏ္ဍတိုးတက်လာခြင်းက စက်မှုကဏ္ဍ တိုးတက်မှုကို ကူညီဖေးမပေးလျက် ရှိပါတယ်။

**ဧည့်သည်တော်များရှင့်**

ဖွံ့ဖြိုးတိုးတက်မှု မျှဝေခံစားခြင်းကို တိုးမြှင့်နိုင်ဖို့နဲ့ ငြိမ်းချမ်းရေးကို ဆက်လက်ဖော်ဆောင်နိုင်ဖို့အတွက် မိတ်ဖက်ဆက်ဆံရေးသစ်များ တည်ဆောက်ရာမှာ ကမ္ဘာ့စီးပွားရေးမှာ မြန်မာနိုင်ငံပြန်လည်ပေါင်းစည်း ပါဝင်လာခြင်းက အခွင့်အလမ်းကောင်းများကို ဆောင်ကြဉ်းပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းအားထုတ်မှုကို အားပေးထောက်ခံဖို့နဲ့ အာဆီယံ–ကိုရီးယားဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မြဲစေဖို့အတွက် အားလုံးရဲ့ ကတိကဝတ်ပြုမှုအပေါ် မိမိအနေနဲ့ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။

ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။

**"ဖွံ့ဖြိုးတိုးတက်မှု မျှဝေခံစားခြင်းကို တိုးမြှင့်နိုင်ဖို့နဲ့ ငြိမ်းချမ်းရေးကို ဆက်လက်ဖော်ဆောင်နိုင်ဖို့အတွက် မိတ်ဖက်ဆက်ဆံရေးသစ်များ တည်ဆောက်ရာမှာ ကမ္ဘာ့စီးပွားရေးမှာ မြန်မာနိုင်ငံပြန်လည်ပေါင်းစည်း ပါဝင်လာခြင်းက အခွင့်အလမ်းကောင်းများကို ဆောင်ကြဉ်းပေးလျက်ရှိ"**

*စာမျက်နှာ ၅ မှ*

K-Pop လို အလားတူဖွဲ့စည်းထားတဲ့ မြန်မာအမျိုးသားလေးများရဲ့ ဂီတအဖွဲ့ဖြစ်တဲ့ Project K ဆိုရင် လူငယ်များအကြားမှာသာ လူကြိုက်များထင်ရှားရုံသာမက၊ ဒီအဖွဲ့ကိုနှစ်ခြိုက်သူများအထဲမှာ မိမိလည်း တစ်ဦးအပါအဝင် ဖြစ်ပါတယ်။

အာဆီယံနဲ့ ကိုရီးယားသမ္မတနိုင်ငံတို့အကြား တိုးတက်လာတဲ့ ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအပြင် ယဉ်ကျေးမှုဖလှယ်ခြင်းက ကမ္ဘာလုံးဆိုင်ရာ ငြိမ်းချမ်းရေးနဲ့ ညီညွတ်ရေးကို သိသိသာသာအထောက်အကူပြုတာကို အသိအမှတ်ပြုလျက် ဒေသတွင်းရှိ ပြည်သူများအကြားတွင်သာမက၊ တစ်ကမ္ဘာလုံးတွင် ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးကို တိုးမြှင့်နိုင်ဖို့အတွက် ယဉ်ကျေးမှုကဏ္ဍမှာပါဝင်သူများအားလုံး ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်သွားရန် တိုက်တွန်းရင်းနိဂုံးချုပ်ပါတယ်။

ပျော်ရွှင်ဖွယ်ကောင်းပြီး၊ ရလဒ်ကောင်းများပေးမယ့် ထိပ်သီးအစည်းအဝေးဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်။

ကျေးဇူးတင်ပါတယ်။

❑ *ကျောဖုံးမှ*

အမျိုးသားလွှတ်တော် ကျန်းမာရေး အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာ ဇော်လင်းထွဋ်၊ ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီ (၉)ခုမှ ကော်မတီဝင်များ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဦးစီးကော်မတီနာယက၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက အကြိမ်(၂၀) မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို အောင်မြင်စွာကျင်းပနိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးက ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်တွင် အကြိမ်(၂၀)မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နီးနှောဖလှယ်ပွဲကျင်းပရေးဦးစီးကော်မတီကို (၈)ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန် (၆) ရပ် ချမှတ်ပေးခဲ့ပါကြောင်း။

### ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်

ဦးစီးကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ယခင်နှစ်များကဲ့သို့ လုပ်ငန်းကော်မတီ (၁) ခုနှင့် ဆပ်ကော်မတီ (၉)ခုကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ ချမှတ်ကာ သက်ဆိုင်ရာကဏ္ဍများအလိုက် ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် အစည်းအဝေးသည် အကြိမ် (၂၀) မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နီးနှောဖလှယ်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များနှင့် လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် ဖြစ်ပါကြောင်း၊ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နီးနှောဖလှယ်ပွဲများကို ရန်ကုန်မြို့တွင် (၆)ကြိမ်၊ နေပြည်တော်တွင် (၁၃) ကြိမ် စုစုပေါင်း (၁၉)ကြိမ်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ကျင်းပပြီးခဲ့သည့် ညီလာခံအဆက်ဆက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတစ်ခုတည်းဖြင့် တာဝန်ယူဆောင်ရွက်နိုင်ခဲ့သည်မဟုတ်ဘဲ နီးနွှယ်ဆက်စပ်နေသည့် ဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုများကြောင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုကျင်းပမည့် အကြိမ်(၂၀)မြောက် ညီလာခံနှင့် နီးနှောဖလှယ်ပွဲတွင်လည်း ဆက်စပ်နေသည့် ဝန်ကြီးဌာနများအနေဖြင့် အစဉ်အလာမပျက် ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးစေလိုပါကြောင်း။

### ပညာရှင်များပါဝင်သည့် ဆွေးနွေးပွဲကျင်းပရန်စီစဉ်ထား

ယခုကျင်းပမည့် အကြိမ်(၂၀)မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နီးနှောဖလှယ်ပွဲတွင် ယခင်နှစ်များက ဆောင်ရွက်ခဲ့သည့်အတိုင်း နိုင်ငံတော်သမ္မတက သဝဏ်လွှာပေးပို့မည်ဖြစ်ပြီး ဒုတိယသမ္မတက အခမ်းအနားကို ဖွင့်လှစ်မည်ဖြစ်ပါကြောင်း၊ ဖွင့်ပွဲအခမ်းအနားပြီးပါက ညီလာခံကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကာ ညနေပိုင်းတွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံမည် ဖြစ်ပါကြောင်း၊ နောက်ရက်တွင် နီးနှောဖလှယ်ပွဲ ဆက်လက်ပြုလုပ်သွားမည် ဖြစ်ပါကြောင်း၊ အဆိုပါအခမ်းအနားသို့ တိုင်းရင်းဆေးကောင်စီဝင်များ၊ အနယ်နယ်အရပ်ရပ်က ညီလာခံကိုယ်စားလှယ်များ၊ ပြည်တွင်း၊ ပြည်ပက အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၂၈ ဦးခန့် တက်ရောက်မည့်အပြင် တိုင်းရင်းဆေးပညာရပ်ဝန်း အလွှာအသီးသီးမှ တိုင်းရင်းဆေးပညာရှင်များနှင့် ဘာသာရပ်ဆိုင်ရာ နီးနွှယ်သောပညာရှင်များ ပါဝင်သည့် ဆွေးနွေးပွဲကျင်းပရန် စီစဉ်ထားပါကြောင်း။

### ရည်ရွယ်ချက်

**အကြိမ်(၂၀)မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ**ကို ကျင်းပရသည့် ရည်ရွယ်ချက်(၄)ချက်မှာ "မြန်မာ့တိုင်းရင်းဆေးလောက ဘက်စုံအဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးဖွံ့ဖြိုးတိုးတက်မှု ပိုမိုရရှိစေရန်" ၊ "မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ အရည်အချင်းနှင့် ကျင့်ဝတ်ဂုဏ်သိက္ခာ ပိုမိုမြင့်မားလာစေရန်"၊ "တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်း၊ ပြည်ပရှိ ဆက်စပ်နီးနွှယ်ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်"နှင့် "တိုင်းရင်းဆေးဝါးကုန်ကြမ်းများ ပြည်တွင်း၌ ဖူလုံစွာရရှိစေရန်အတွက် ဦးစီးဌာန ပရဆေးဥယျာဉ်များအပြင် ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်" တို့ဖြစ်ပါကြောင်း။

ထို့ပြင် **မြန်မာ့တိုင်းရင်းဆေးသမားတော်များ နီးနှောဖလှယ်ပွဲ**ကို ကျင်းပရသည့် ရည်ရွယ်ချက်(၄)ချက်မှာ "မြန်မာ့တိုင်းရင်းဆေးပညာ ကုထုံးများဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကို ပိုမိုထိရောက်စွာ စောင့်ရှောက်မှုပေးနိုင်ရန်အတွက် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ လေ့ကျင့်ပေးရန်"၊ "အန္တရာယ်ကင်းရှင်း၍ အရည်အသွေးမြင့်မားသည့် အစွမ်းထက် တိုင်းရင်းဆေးဝါးများ ပေါ်ထွက်လာစေရေးအတွက် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်ရန်"၊ "တိုင်းရင်းဆေးဖြင့် ပြည်သူလူထုအား ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများကို ကျေးလက်ဒေသအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းဆေးဆရာများ၏ အစွမ်းထက်ကုထုံးများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်" နှင့် "ပြောင်းလဲလာသည့် နိုင်ငံတကာစီးပွားရေး မူဝါဒနှင့်အညီ အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် မြန်မာ့တိုင်းရင်းဆေးဝါးများ ပြည်ပသို့တင်ပို့နိုင်ရေး၊ ပြည်ပမှ အရည်အသွေးပြည့်မီသော တိုင်းရင်းဆေးဝါးများ တင်သွင်းလာစေရေး ဆောင်ရွက်ရန်" တို့ဖြစ်ပါကြောင်း။

ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို သေချာစွာပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန်၊ ညီလာခံ၏ ရည်မှန်းချက်နှင့် ညီလာခံက ထွက်ပေါ်လာသည့် လုပ်ငန်းလမ်းညွှန်ချက်များကို အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း၊ ညီလာခံ၏ အကြံပြုချက်များသည် များစွာအကျိုးရှိပြီး ၎င်းအကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက မြန်မာ့တိုင်းရင်းဆေးဝါးများသည် နိုင်ငံတကာကို ထိုးဖောက်နိုင်မည်ဖြစ်ပါကြောင်း၊ ယခုနှစ်အခမ်းအနားတွင် တိုင်းရင်းဆေးပညာရပ်၏ တိမ်မြုပ်နေသော ဝိဇ္ဇာရေးဆိုင်ရာ ဗီဒီယိုမှတ်တမ်းတင်ပြကွက်များ၊ မြန်မာနိုင်ငံမှ တိုင်းရင်းဆေးမှတ်တိုင်များစာအုပ် မိတ်ဆက်သည့်ပြကွက်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် တိုင်းရင်းဆေးဝါးမှတ်ပုံတင် လျှောက်ထားလာပါက အွန်လိုင်းစနစ်ဖြင့် ဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို တင်ပြသွားမည်ဟုသိရှိရ၍ ထူးခြားမှုရှိပါကြောင်း၊ ညီလာခံက ချမှတ်ထားသည့် လုပ်ငန်းလမ်းညွှန်ချက်များကို နောင်နှစ်ညီလာခံမတိုင်မီတွင် အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားလိုပါကြောင်း။

### ကြိုတင်ပြင်ဆင်

ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် အကြိမ်(၂၀)မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နီးနှောဖလှယ်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယခင်နှစ်ကျင်းပခဲ့သည့် အတွေ့အကြုံများအပေါ်အခြေခံပြီး အကောင်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားကြရန်နှင့် အဘက်ဘက်မှ လစ်ဟာမှုမရှိအောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း။

အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များအနေဖြင့် အကြိမ်(၂၀)မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နီးနှောဖလှယ်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန်အတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်နေမှုအခြေအနေများ၊ ဆောင်ရွက်မည့် အစီအမံများနှင့် လိုအပ်သည့်အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန် ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဦးစီးကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နီးနှောဖလှယ်ပွဲ၏ ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ တိုင်းရင်းဆေးသင်တန်းသားများကို နိုင်ငံခြားသို့ သင်တန်းများစေလွှတ်နေမှု အခြေအနေ၊ မြန်မာ့တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေ၊ တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်နိုင်ရန် ဘဏ္ဍာငွေလျာထားမှုအခြေအနေ၊ ပြည်သူများအား တိုင်းရင်းဆေးနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးသမားတော်များ ပေါ်ထွက်လာရေးအတွက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေနှင့် မြန်မာ့တိုင်းရင်းဆေးကောင်စီအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးဆွေက အကြိမ်(၂၀)မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နီးနှောဖလှယ်ပွဲ ကျင်းပရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နီးနှောဖလှယ်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအဖွဲ့ဝင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲဗိုလ်ချုပ် အောင်နိုင်သူ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဌာနမှူး ဦးဇော်ထွန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးကြီးဖေယျ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်အောင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်တို့က အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လိုအပ်သည့် အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဦးစီးကော်မတီ နာယက ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

## ဂျပန်နိုင်ငံ TBS ရုပ်သံရိုက်ကူးရေးအဖွဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် မှတ်တမ်းရိုက်ကူး

**ရန်ကုန် နိုဝင်ဘာ ၂၅**

ဂျပန်နိုင်ငံ TBS ရုပ်သံလိုင်းမှ ရိုက်ကူးရေးအဖွဲ့သည် ယနေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ ဓမ္မရံကြီးဘုရား၊ သဗ္ဗညုဘုရား၊ တုရင်တောင်ဘုရားတို့၏ ယဉ်ကျေးမှုလက်ရာများနှင့် ပတ်ဝန်းကျင် ရှုခင်းများ၊ နန်းတော်နေရာဟောင်းနှင့် မြို့ရိုးဟောင်းနေရာများအား ရိုက်ကူးသည်။

အဆိုပါ ရိုက်ကူးရေးအဖွဲ့သည် ယမန်နေ့က တန့်ကြည်တောင်စွယ်တော်ဘုရားနှင့် ၎င်းပတ်ဝန်းကျင် ရှုခင်းများ၊ ဧရာဝတီမြစ်ဆိပ်ကမ်းနှင့် မြစ်ကြောင်းတစ်လျှောက် ရှုခင်းများကိုလည်းကောင်း၊ နိုဝင်ဘာ ၂၀ ရက်မှ ၂၄ ရက်အတွင်း ရွှေစည်းခုံဘုရား၊ အာနန္ဒာဘုရား၊ လေးမျက်နှာဘုရား၊ တောင်ဘီဘုရားစုဘုရားများ၊ မင်းနန်သူ ကုန်းနေရာများမှ ပုဂံဒေသ၏နေထွက်ချိန်နှင့် နေဝင်ချိန်၊ ကျောက်ဆည်ခရိုင်ရှိ ကျီးမဲဆည်၊ ၎ပြောင်ဆည်တို့မှ ရေပေးဝေနေမှုများနှင့် ပတ်ဝန်းကျင်ရှုခင်းများကို လည်းကောင်း ရိုက်ကူးခဲ့ကြောင်း သိရသည်။

ထို့အပြင် လောကနန္ဒာဘုရား၊ ဗူးဘုရား၊ သရပါတံခါး၊ ဗူးလယ်သီးဘုရား၊ ယွန်းလုပ်ငန်းလုပ်ကိုင်ပုံအဆင့်ဆင့်၊ ရွှေဂူဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ရှင်သာမဏေများ ဝက်ကြီးအင်းရွာသို့ ဆွမ်းခံကြွပုံ၊ ပုဂံသမိုင်းနှင့် ရှေးဟောင်းဘုရားများ ပြုပြင်မွမ်းမံခြင်းနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခြင်းတို့ကို နိုဝင်ဘာ ၂၈ ရက်ထိ ရိုက်ကူးမည်ဖြစ်ကြောင်း၊ ထိုသို့ရိုက်ကူးထားရှိမှုများကို ဂျပန်နိုင်ငံ TBS ရုပ်သံလိုင်း၌ အပတ်စဉ် ထုတ်လွှင့်ပေးလျက်ရှိသည့် "The World Heritage" အစီအစဉ်တွင် ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။ **နီနီဝင်း(FDC)**



ဂျပန်နိုင်ငံ TBS ရုပ်သံရိုက်ကူးရေးအဖွဲ့ ပုဂံမြို့ရှိ ဓမ္မရံကြီးဘုရားတွင် မှတ်တမ်းရိုက်ကူးနေစဉ်။

## တိုင်းရင်းဆေးဝါးထုတ်လုပ်သူ လုပ်ငန်းရှင်များအား အသိပေးနှိုးဆော်

**နေပြည်တော် နိုဝင်ဘာ ၂၅**

တိုင်းရင်းဆေးဝါးထုတ်လုပ်သူလုပ်ငန်းရှင်များအနေဖြင့် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်များ/ အထွေထွေကိစ္စရပ်များ လျှောက်ထားခြင်းနှင့်ပတ်သက်၍ လိုအပ်ချက် အကြောင်းကြားစာများ၊ ခွင့်ပြုကြော်ငြာစာများအား တိုင်းရင်းဆေးပညာဦးစီးဌာန Website ဖြစ်သော www.dtm.gov.mm တွင် ဝင်ရောက်ကြည့်ရှုပါရန် အသိပေးနှိုးဆော်ထားကြောင်း **တိုင်းရင်းဆေးပညာဦးစီးဌာန**မှ သိရသည်။ **သတင်းစဉ်**

## မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာပြပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

တောင်သူလယ်သမားများကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းကကြီးမှူး၍ မြန်မာအပြည်ပြည်ဆိုင်ရာ လယ်ယာသုံးစက်ကိရိယာပြပွဲ(MIAME)ကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၉ ရက်မှ မတ် ၂ ရက်အထိ သာကေတမြို့နယ် မင်းနန္ဒာလမ်း Fortune Plaza ရှိ Myanmar Expo Hall တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲကြီးနှင့်အတူ ကျေးလက်တောသဘာဝလေ့ကိုဖော်ညွှန်းသော မြန်မာသံစဉ် ကျေးလက်တေးသီချင်းပြိုင်ပွဲကို ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး အရွယ်သုံးပါးမရွေး ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်များကို ပထမ၊ ဒုတိယ၊ တတိယ၊ အထူးဆုများနှင့် ထိုက်တန်သော ဂုဏ်ပြုမှုများကို ပေးအပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်လျှောက်လွှာများကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထားပေးပို့ရမည် ဖြစ်သည်။

ယှဉ်ပြိုင်သီဆိုရမည့် ကျေးလက်တေးသီချင်းအမည်နှင့် အသေးစိတ်အချက်အလက်များကို လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI အဆောက်အဦရှိ မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း ဖုန်း ၀၁၂၃၁၄၈၄၁၊ ၀၉၅၁၈၅၇၈၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **အောင်သူရ**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
သတင်းထုတ်ပြန်ချက်အမှတ်၊ ၄၃ / ၂၀၁၉
၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်)

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာနေ မကြည်ပြာထွန်း(ခ)ပုံ့ပုံ့ သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၁၁-၂၀၁၉ ရက်နေ့တွင် ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာနေ မကြည်ပြာထွန်း (ခ) ပုံ့ပုံ့ (၂၅)နှစ်၊ (ဘ) ဦးဇော်ထွန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ စာတန်းမပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဆီခဲများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လုံးခင်း)မယ (ပ) ၇၃/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀ (က)ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၂ | ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာနေ ဖူမြင့်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၁-၂၀၁၉ ရက်နေ့တွင် ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာနေ ဖူမြင့် (၆၂)နှစ်၊ (ဘ) ဦးချောင်လင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လုံးခင်း) မယ(ပ) ၇၄/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ အင်းဝိုင်းကျေးရွာနေ ခိုင်မိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၁၁-၂၀၁၉ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ အင်းဝိုင်းကျေးရွာနေ ခိုင်မိုး(၃၆)နှစ်၊ (ဘ) ဦးတင်ရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖောင်းပြင်) မယ(ပ)၁၇၆/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဇီးကုန်းမြို့၊ အောင်သိဒ္ဓိရပ်ကွက်နေ ဒေါ်နွယ်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၁၁-၂၀၁၉ ရက်နေ့တွင် ဇီးကုန်းမြို့၊ အောင်သိဒ္ဓိရပ်ကွက်နေ ဒေါ်နွယ်(ခ)တင်နွယ် (၄၄)နှစ်၊ (ဘ)ဦးရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဇီးကုန်း)မယ(ပ)၈/၂၀၁၉၊ မူး/ စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့နယ်၊ မိကျောင်းချောင်းကျေးရွာနေ မောင်နိုင်ဦးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၁၁-၂၀၁၉ ရက်နေ့တွင် ဘုတ်ပြင်းမြို့နယ်၊ မိကျောင်းချောင်းကျေးရွာနေ မောင်နိုင်ဦး(၂၅)နှစ်၊ (ဘ) ဦးဖေသန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းစာမှုန့်များနှင့် အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဘုတ်ပြင်း) မယ(ပ)၃၂/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူ ထားရှိပါသည်။ |
| ၆ | ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုဏ္ဏားကုန်းရပ်ကွက်နေ ဒေါ်အေးအေးကြိုင်သည် လက်ရှိတွင် ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်သို့ ပြောင်းရွှေ့နေထိုင်ပြီး မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်၌ သတင်းပေးချက်အရ တာမွေမြို့နယ် အတွင်း အမှု(၁)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ အမျိုးသမီး(၁)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီး ဖြစ်ပါသည်။<br>၁၇-၁၁-၂၀၁၉ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှု၏ ကွင်းဆက်သတင်းအရ တစ်ဆက်တည်း ဆက်စပ်အတည်ပြု၍ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ (၅) လမ်းနေ ဒေါ်အေးအေးကြိုင် (၅၂)နှစ်၊ (ဘ) ဦးမောင်ကို၏ နေအိမ်အား စိစစ်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ICE များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဒေါပုံ) မယ(ပ) ၄၆/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်နေ ဖိုးသား သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၁၁-၂၀၁၉ ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်၊ (၁၄) ရပ်ကွက်နေ ဖိုးသား(ခ)အောင်မြင့်ဇော် (၂၀)နှစ်၊ (ဘ) ဦးသက်ခိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(တောင်ဥက္ကလာပ) မယ(ပ)၃၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်နေ ဒေါ်ရီရီစိုးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၁၁-၂၀၁၉ ရက်နေ့တွင် လှိုင်မြို့နယ်၊ (၈)ရပ်ကွက်နေ ဒေါ်ရီရီစိုး(၄၁)နှစ်၊ (ဘ)ဦးမြင့်စိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မောင်ဖြစ်သူ ဟိန်းလင်းအောင် (၂၉)နှစ်တို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လှိုင်)မယ(ပ) ၂၆/၂၀၁၉၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၉ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်နေ နေထူး သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၁၁-၂၀၁၉ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (ည) ရပ်ကွက်နေ နေထူး (ခ) ထက်နောင်လွင် (၃၀)နှစ်၊ (ဘ) ဦးဇော်လွင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆေးခြောက်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဝေဘာဂီ)မယ(ပ) ၅၈/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လောက်ကိုင်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အောက်ဈေးလမ်းကြားနေ ကိုစိုင်း+မိမိခိုင် တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၁-၂၀၁၉ ရက်နေ့တွင် လောက်ကိုင်မြို့၊ အမှတ်(၂) ရပ်ကွက်၊ အောက်ဈေးလမ်းကြားနေ ကိုစိုင်း(ခ)ဇင်ကိုကို (၂၄)နှစ်၊ (ဘ)ဦးလှိုင်နုနှင့် ဇနီး မိမိခိုင် (၂၈)နှစ်၊ (ဘ) ဦးသန်း၏ နေအိမ် ဈေးဆိုင်ခန်းအား ဝင်ရောက်ရှာဖွေရာ ၎င်းတို့မှာ ကြိုတင်တိမ်းရှောင်နေပြီး မူးယစ်ဆေးဝါး ရောင်းချရန် ငှားရမ်းထားသူ စောပတီး(ခ)စောထီး(၂၀)နှစ်၊ (ဘ) ဦးစောဆေးဝါးနှင့် ကောင်းဝင်းလတ် (ခ) ကောင်းမြတ် (၂၀) နှစ်၊ (ဘ) ဦးမျိုးခင်တို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(လောက်ကိုင်) မယ (ပ) ၈/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် လည်းကောင်း၊ အဆိုပါ ဈေးဆိုင်ရှေ့လမ်းပေါ်၌ ကိုစိုင်း(ခ)ဇင်ကိုကိုနှင့် ဇနီး မိမိခိုင် တို့မှ မူးယစ်ဆေးဝါးရောင်းချရန် ငှားရမ်းထားသူ ၎င်းရပ်ကွက်နေ မမိုမိုကို (၂၄)နှစ်၊ (ဘ) ဦးဝင်းဆောင်ကိုလည်း WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူများ၊ ICE များနှင့်အတူ ဖမ်းဆီးရမိသဖြင့်မမစ(လောက်ကိုင်) မယ(ပ) ၉/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မဘိမ်းမြို့နယ်၊ ညောင်ပင်သာကျေးရွာနေ မအိအိမွန်သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၁၁-၂၀၁၉ ရက်နေ့တွင် မဘိမ်းမြို့နယ်၊ ညောင်ပင်သာကျေးရွာနေ မအိအိမွန် (၃၁)နှစ်၊ (ဘ)ဦးသံချောင်း၏ နေအိမ်ဈေးဆိုင်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (မဘိမ်း) မယ(ပ)၉၃/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၂ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ ရွာကြီးထက်(၂) ကျေးရွာနေ စိုးနောင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၁၁-၂၀၁၉ ရက်နေ့တွင် ညောင်ရွှေမြို့နယ်၊ ရွာကြီးထက် (၂)ကျေးရွာနေ စိုးနောင်(၅၀)နှစ်၊ (ဘ)ဦးတူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(နန်းပန်) မယ(ပ)၁၇/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၃ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့၊ ဥတ္တံတားရပ်ကွက်နေ ဘီးလင်းနှင့် တင်နိုင်မင်း တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၃-၁၁-၂၀၁၉ ရက်နေ့တွင် ရပ်စောက်မြို့၊ ဥတ္တံတားရပ်ကွက်နေ ဘီးလင်း (ခ) အောင်နိုင်လင်း (၃၉)နှစ်၊ (ဘ) ဦးကြည်အောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရပ်စောက်) မယ(ပ)၆၇/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း၊ အလားတူ ၎င်းရပ်ကွက်နေ တင်နိုင်မင်း (၄၆) နှစ်၊ (ဘ) ဦးကြည်အောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး စစ်ဆေးချက်အရ ၎င်းရပ်ကွက်နေ နေရဲလင်း (ခ)ကိုရဲ (၂၄)နှစ်၊ (ဘ) ဦးငွေသိန်းထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် ၎င်းတို့(၂)ဦးအား မမစ(ရပ်စောက်) မယ(ပ) ၆၈/ ၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် လည်းကောင်း၊ ဆက်လက်၍ နေရဲလင်း (ခ) ကိုရဲ၏ နေအိမ်အား သတင်းစုံစမ်းဖော်ထုတ်စစ်ဆေးရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ရပ်စောက်) မယ(ပ)၆၉/၂၀၁၉၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိမှု အပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆-၆-၂၀၁၈ ရက်နေ့မှ ၂၃-၁၁-၂၀၁၉ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၈၆၅)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၁၁၀၆)ဦး၊ မ(၂၁၄)ဦး၊ ပေါင်း(၁၃၂၀)ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၇၁၄၅.၂၂၉၄)ဂရမ်၊ ICE(၁၃၄၇.၃၂) ဂရမ်၊ ဘိန်း(၃၉၉၉၉.၆၁)ဂရမ်၊ အဆင့်နိမ့်ဘိန်း (၃၈၉.၉၂)ဂရမ်၊ ဘိန်းစာမှုန့် (၅၃၂၁၀.၇၆) ဂရမ်၊ ဘိန်းစာရွက်(၇၈၃၃.၁၉) ဂရမ်၊ ဘိန်းစာရည်(၂.၅)လီတာ၊ စိတ်ကြွဆေးပြား (၄၂၉၇၄၅)ပြား၊ ဆေးခြောက် (၈၄၀၆.၅၂) ဂရမ်၊ ဘိန်းရည်(၀.၁) လီတာ၊ ဘိန်းဆီခဲ(၅၂၀.၂၈)ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၂၉.၁၅)ဂရမ်၊ Ecstasy အကြေ (၀.၀၀၁) ဂရမ်၊ လက်နက်မျိုးစုံ (၁၈)လက်၊ ကျည်မျိုးစုံ(၂၅၇)တောင့်၊ လက်ပစ်ဗုံး (၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှုအခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာတိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

**ဆက်သွယ်ရန်-**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇-၅၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | - | antinarcotics@presidentoffice.gov.mm |



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးထံ အောင်နိုင်ရေးအလံ အပ်နှင်းစဉ်။ သတင်းစဉ်

✤ *ကျောဖုံးမှ*

ဗိုလ်ချုပ်အောင်သူ၊ ဦးခင်မောင်တင်၊ ဦးအောင်လှထွန်း၊ ဦးတင်မြင့်၊ ဦးသာဦး၊ ဦးဝင်းမော်ထွန်း၊ ဒေါက်တာမြလေးစိန်၊ ဦးကျော်လင်း၊ ဦးစိုးအောင်နှင့် ဦးလှမော်ဦး၊ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အလှူရှင်များ၊ ပြိုင်ပွဲဝင်အားကစားအဖွဲ့ အုပ်ချုပ်သူများ၊ နည်းပြများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## မိတ်ဆက်ဂါရဝပြု

ရှေးဦးစွာ ဒုတိယသမ္မတအား အကြိမ် (၃၀)မြောက် အရှေ့တောင်အာရှအားကစား ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာ အားကစားအဖွဲ့များက မိတ်ဆက်ဂါရဝပြု ကြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာ စကား ပြောကြားရာတွင် အားကစား မောင်မယ်များသည် မိမိတို့ ရက်ရှည်လများ လေ့ကျင့်ထားသည်များကို ပြိုင်ပွဲတွင် အစွမ်းကုန်ထုတ်သုံးနိုင်ရန် ကာယပိုင်းရော၊ စိတ်ဓာတ်ပိုင်းပါ အဆင့်အမြင့်ဆုံးအခြေ အနေသို့ ရောက်ရှိနေကြရမည်ဖြစ်ပါကြောင်း။

## အစွမ်းကုန် ကြိုးပမ်းယှဉ်ပြိုင်

ပြိုင်ပွဲတွင် အားကစားနည်း ၅၆ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သော်လည်း မြန်မာ နိုင်ငံအနေဖြင့် အချိန်ယူစခန်းသွင်းလေ့ကျင့် စေပြီး အဆင့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်မည့် အားကစားနည်း ၃၁ မျိုးတွင် အားကစား သမား စုစုပေါင်း ၃၅၁ ဦး၊ အုပ်ချုပ်သူနှင့် နည်းပြ ၁၂၇ ဦးနှင့် အုပ်ချုပ်မှုအဖွဲ့ ၄၃ ဦးတို့ကို စနစ်တကျ ဖွဲ့စည်းယှဉ်ပြိုင်သွားမည်ဖြစ်ပါ ကြောင်း၊ အားကစားမောင်မယ်များ၏ ဇွဲ၊ စိတ်ဓာတ်အပြည့်အဝဖြင့် ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်နေမှုများကို အားကစား သမိုင်းတွင် မှတ်တမ်းတင်နိုင်အောင် တက်ညီ လက်ညီ အစွမ်းကုန် ကြိုးပမ်းယှဉ်ပြိုင်သွား ကြရမည်ဖြစ်ပါကြောင်း၊ ယခု သွား ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာ အားကစားအဖွဲ့အနေဖြင့် ယခင် ပါဝင် ယှဉ်ပြိုင်ခဲ့သည့် အကြိမ်များထက် ဆုတံဆိပ် များ ပိုမိုရရှိအောင် စွမ်းဆောင်ပေးနိုင် မည်ဆိုပါက မြန်မာအားကစားအဖွဲ့၏ အောင်မြင်မှုသမိုင်းကို ပြောင်းလဲမှတ်တမ်း တင်သွားနိုင်မည် ဖြစ်ပါကြောင်း။

## သတိပြုကြရမည်

အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးအတွက် ယခုကဲ့သို့သော နိုင်ငံတကာအားကစားပြိုင်ပွဲ တစ်ရပ်သို့ နိုင်ငံ့ကိုယ်စားပြုသွားရောက် ယှဉ်ပြိုင်ရခြင်းသည် ထူးခြားသည့် ဂုဏ်ဒြပ် နှင့် အခွင့်အလမ်းဖြစ်သည်ကို အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများအားလုံး သတိချပ်စေလိုပါကြောင်း၊ ထို့အတူ နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာပါ ဆက်စပ်နေသည့် အတွက် ပြိုင်ပွဲတိုင်း အနိုင်ရရှိရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာ အားကစားအဖွဲ့ဝင်အားလုံး၏ ပခုံးထက်တွင် ရှိနေသည်ကို သတိပြုကြရမည်ဖြစ်ပါကြောင်း။

အမိ မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် နယ်ပယ်စုံ၊ ကဏ္ဍစုံ အားထုတ်ကြိုးပမ်းဆောင်ရွက်လျက် ရှိရာ အားကစားကဏ္ဍကိုလည်း နိုင်ငံတကာ အဆင့်မီလာသည်အထိ ဖွံ့ဖြိုးတိုးတက်စေရန် မျှော်မှန်း၍ စနစ်တကျအစီအမံများ ချမှတ် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ အဆိုပါ မျှော်မှန်းချက်ရောက်ရှိ ပြည့်ဝစေရန် ယခု ပြိုင်ပွဲအပါအဝင် နိုင်ငံတကာအားကစားပြိုင်ပွဲ များတွင် အားကစားမောင်မယ်များ၏ ယှဉ်ပြိုင်အနိုင်ယူနိုင်မှုဆိုသည့် တစ်ဦးချင်း စွမ်းဆောင်ရည်နှင့် အသင်းလိုက် စွမ်းဆောင် ရည်များကို ထုတ်ဖော်ပြသသွားကြရမည် ဖြစ်ပါကြောင်း။

## အောင်လံတလူလူ လွင့်ပျံနေစေရန်

ထို့ကြောင့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစား အဖွဲ့သို့ အပ်နှင်းလိုက်မည့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏ အလံတော် သည် နိုင်ငံ၏ဂုဏ်ဒြပ်နှင့် အမျိုးသားရေး တာဝန်ကိုပါ ကိုယ်စားပြုနေသည်ဆိုသည့် ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်၏ အောင်လံတလူလူ လွင့်ပျံနေစေရန် အားကစား စိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ်တို့ကို နှလုံးသားနှင့် ဦးနှောက်တို့တွင် အမြဲတစေ ကိန်းဝပ်နေစေပြီး အစွမ်းရှိသမျှ ရေကုန် ရေခမ်း ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် အလေး အနက် တိုက်တွန်းမှာကြားလိုပါကြောင်း။

အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးသို့ သွားရောက် ယှဉ်ပြိုင်နိုင်ရေး အဘက်ဘက်က ကူညီ အားပေးခဲ့ကြသည့် တိုင်းရင်းသားစီးပွားရေး လုပ်ငန်းရှင်များ၊ စေတနာရှင် ပြည်သူများနှင့် အားကစားဝါသနာရှင်များအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင် ကြမည့် နိုင်ငံ့လက်ရွေးစင်အားကစားသမား များသည် နည်းစနစ် ပိုင်နိုင်ကျွမ်းကျင်မှု၊ အားကစားစိတ်ဓာတ်ပြည့်ဝမှု၊ စွမ်းဆောင်ရည် မြင့်မားမှုနှင့် စံချိန်စံညွှန်းကောင်းမွန်မှု စသည့်အချက်များ ပြည့်ပြည့်ဝဝ ခိုင်ခိုင် မာမာရှိနေပြီဟု ယုံကြည်ထားသည့်အတွက် နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ်ကို အရင်းတည် ၍ ဇွဲ၊ လုံ့လနှင့် ဝီရိယစိုက်ထုတ်ကာ အစွမ်း ကုန် ကြိုးပမ်းသွားကြရန် ထပ်မံတိုက်တွန်း မှာကြားလိုပါကြောင်း။

## နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြှင့်တင်

မြန်မာအားကစားအဖွဲ့ဝင်များ အားလုံး အနေဖြင့် နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြှင့်တင်နိုင် ရေးဆိုသည့် အမျိုးသားရေး သန္နိဋ္ဌာန်ဖြင့် ရေကုန်ရေခမ်း ကြိုးပမ်းယှဉ်ပြိုင်သွားကြပါ၊ ပြိုင်ပွဲကာလအတွင်း စဉ်ဆက်မပြတ် လေ့ကျင့် ရင်း အသင်းအဖွဲ့စိတ်ဓာတ်၊ မိသားစု စိတ်ဓာတ်ဖြင့် အချင်းချင်း ရိုင်းပင်းကူညီ သွားကြပါ၊ အဆင့်ဆင့် စီမံကွပ်ကဲအုပ်ချုပ်မှု ကို ခံယူပြီး စည်းကမ်းနှင့်အညီ စုဖွဲ့သွားလာ လှုပ်ရှားကြပါ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ ဓလေ့စရိုက် အစဉ်အလာကောင်းများနှင့်အညီ ယဉ်ကျေးပျူငှာစွာ ပြုမူကျင့်ကြံနေထိုင်သွား ကြပါ၊ အနိုင်မခံ၊ အရှုံးမပေး ကြံ့ခိုင်သည့် စိတ်ဓာတ်၊ မလျှော့သည့် ဇွဲ၊ လုံ့လတို့ဖြင့် ရင်ဆိုင်ယှဉ်ပြိုင်၍ ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ခဲ့ကြပါ၊ ယခု SEA Games ပြိုင်ပွဲမှ အတွေ့အကြုံကောင်း၊ သင်ခန်းစာကောင်း များ ဖော်ထုတ်ရယူခဲ့ကြပါ၊ နိုင်ငံကြီးသား စိတ်ဓာတ်ဖြင့် တရားမျှတ သန့်ရှင်းစွာ ယှဉ်ပြိုင်၍ အရှေ့တောင်အာရှဒေသ ညီနောင် နိုင်ငံများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုမြှင့်တင်ပေးနိုင်သည့် အားကစား ချစ်ကြည်ရေး သံတမန်ကောင်းတာဝန်များ ကို ကျေပွန်ခဲ့ကြပါ၊ အားကစားဖြင့် တိုင်းပြည်၏ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် အားကစားသူရဲကောင်း မောင်မယ်များ အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ တော်၏ အောင်လံလွင့်ပျံနေအောင် စွမ်းဆောင်သွားကြပါဟု အလေးအနက် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြား သည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူက ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးထံ အောင်နိုင်ရေးအလံကို အပ်နှင်း သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့၏ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေ အနေများကို ရှင်းလင်းတင်ပြသည်။

## ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်

ထို့နောက် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့ထံ အလှူရှင်များက အလှူငွေများ ပေးအပ် လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာမြင့်ထွေး၊ ဒုတိယ ဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် ဦးအုန်းဝင်းတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီ ဗန်ထီးယူသည် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့ဝင် များအား နှုတ်ဆက်အားပေးပြီး အားကစား နည်းများအလိုက် အားကစားပြိုင်ပွဲများတွင် အသုံးပြုမည့် ပြိုင်ပွဲဝင်ပစ္စည်းများ ခင်းကျင်း ပြသထားရှိမှုကို လှည့်လည်ကြည့်ရှုသည်။

အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဖိလစ်ပိုင်နိုင်ငံ၌ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၁ ရက် အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အားကစားပြိုင်ပွဲများတွင် အသုံးပြုမည့် ပြိုင်ပွဲဝင်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

# လက်ပံတန်းမြို့နယ်ရှိ ကမ်းရင်းတာဟောင်းအား ကျေးရွာချင်းဆက်လမ်းအဖြစ် သတ်မှတ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိ



မြစ်သားမဲဆန္ဒနယ်မှ
ဒေါက်တာလင်းလင်းကျော်



ဒုတိယဝန်ကြီး
ဦးကျော်မျိုး



လက်ပံတန်းမဲဆန္ဒနယ်မှ
ဦးကျော်မင်း



ဒုတိယဝန်ကြီး
ဦးကျော်လင်း



နမ္မတူမဲဆန္ဒနယ်မှ
ဒေါ်နန်းခမ်းအေး



ဒုတိယဝန်ကြီး
ဦးကြည်မင်း

**နေပြည်တော် နိုဝင်ဘာ ၂၅**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

## ရုတ်တရက် ရေကြီးရေလျှံမှု ကာကွယ်ရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစ်ကြောင်း တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိ

အစည်းအဝေးတွင် မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော်၏ **မြစ်သားမြို့တွင် နှစ်စဉ်နှစ်တိုင်း ရေကြီးမှုဒဏ်ကို ခံစားနေရသော ဘူတာရပ်ကွက်နှင့် ယွေးကျေးရွာရှိ ပြည်သူများအတွက် ရေကြီးရေလျှံမှုများမှ ကာကွယ်တားဆီးရန် လုပ်ငန်းအစီအမံများ အမြန်ဆုံးချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက မြစ်သားမြို့ ဘူတာရပ်ကွက်တွင် မိုးရာသီရေများချိန်၌ နှစ်စဉ်ရေလွှမ်းမိုးလေ့ရှိပါကြောင်း၊ ယခုနှစ်တွင် ရုတ်တရက်ရေကြီးရေလျှံမှု ကာကွယ်ရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစ်ကြောင်း တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းတာတွေ့ရှိချက်များအရ ဆောင်ရွက်သင့်သည့် အစီအမံများရေးဆွဲပြီး ခန့်မှန်းကုန်ကျစရိတ်များ တွက်ချက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် လျာထားပေးမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မင်း၏ **လက်ပံတန်းမြို့နယ်ရှိ ကမ်းရင်းတာဟောင်းအား ကျေးရွာချင်းဆက်လမ်းအဖြစ် လမ်းအဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်အတွင်းရှိ ရှောဝတီမြစ်အရှေ့ဘက် ကမ်းရင်းတာဟောင်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး လယ်ယာမြေများနှင့် ကျေးရွာများကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးထားသည့် မြစ်ရေထိန်း ကမ်းရင်းတာဖြစ်ပြီး အဆိုပါ တာဟောင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးနိုင်ခြင်း မရှိပါသဖြင့် ကျေးရွာချင်းဆက်လမ်းအဖြစ် သတ်မှတ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မြေပုံ မဲဆန္ဒနယ်မှ ဦးဖေသန်း၏ **မြေပုံမြို့နယ် (အငူ-ထူးချော) ကျေးရွာချင်းဆက် ပင်လယ်ကမ်းခြေပတ်လမ်း လှိုင်းကာကျောက်စီနံရံ အရှည် ပေ ၂၈၀၀ ၏ အမြင့်အား နှစ်ပေ ထပ်မံမြှင့်တင်ပေးရန်၊ မြေသားလမ်း နှစ်မိုင်အား ကျောက်ချောလမ်းခင်းပေးရန်၊ ရွာနှစ်ရွာကြားရှိ မတ်စောက်၍ အန္တရာယ်များသော တောင်အား ဖြတ်တောက်ပြီး လမ်းနှင့်ရွာအကြား တစ်ဆက်တစ်စပ်တည်းဖြစ်စေရန် မြေသားဖို့ပေးခြင်းနှင့် လိုအပ်နေသော ရေပြွန်များအတွက် မြေထိန်းနံရံများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ တို့ကို သိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက လည်းကောင်း၊ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၏ **ကစ္ဆပနဒီ (ကုလားတန်)မြစ်ကူးတံတားကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်ပြီး ဆောင်ရွက်ရန် စီစဉ်ထားသော်လည်း ယခုတိုင် မဆောက်လုပ်နိုင်ခြင်းကို သိလိုခြင်း**မေးခွန်း၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ **ကျောင်းကုန်းမြို့နယ်ရှိ အစုကြီး-ကွမ်းခြံကုန်းလမ်းအား ရာသီမရွေးသွားလာနိုင်သော ကျောက်ခင်းလမ်းအဖြစ် ဆောင် ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်း၊ မင်းဘူး မဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ **မင်းဘူး(စကု)မြို့နယ် အိုင်းမရွာနှင့် အိုးပြင်မဲရွာတို့ကို ဆက်သွယ်သောနေရာတွင် ရာသီမရွေးသွားလာနိုင်သော မန်းချောင်းတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ၏ **ပူတာအိုမြို့နယ်အတွင်းရှိ ပမ္မတီး-နမ်ရှယ်-မလိခေါင်လမ်းတွင် ကျောက်ချောလမ်းခင်းရန် ကျန်ရှိနေသော ၂ မိုင်၊ ၁ ဖာလုံအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်း ဆက်လက်ခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်လင်းက လည်းကောင်း ရှင်းလင်းဖြေကြားသည်။

## လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းများကို မည်သို့ပင် ညွှန်ကြားထားစေကာမူ ကွဲလွဲစွာ ဆောင်ရွက်နေကြသည်ကို ဖြတ်သန်းခဲ့သည့် ဘဏ္ဍာရေးနှစ်များကို ပြန်လည်သုံးသပ်ခြင်းအားဖြင့် ငြင်းပယ်၍ မရနိုင်

ထို့နောက် နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေးက **ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာန အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် တင်ဒါများကို ဖိတ်ခေါ်ရာတွင် သက်ဆိုင်ရာလုပ်ငန်းများ၏ တည်နေရာ၊ Design Drawing နှင့် Estimate (ခန့်မှန်းရန်ပုံငွေများ)ကို ပြည့်စုံစွာ ဖော်ပြပြီး သက်ဆိုင်ရာဌာနများ၏ Website များတွင် စတင်ဖိတ်ခေါ်သည်သာမက တင်ဒါအောင်မြင်သွားသည့် ကုမ္ပဏီများကိုပါ အတူယှဉ်တွဲပြီး လုပ်ငန်းပြီးစီးသည်အထိ သက်ဆိုင်ရာဌာန၏ Website များတွင် တရားဝင်ဖော်ပြပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် ယခုအဆိုသည် ဆောက်လုပ်ရေးဝန်ကြီးဌာနတစ်ခုတည်းကို ဆိုလိုခြင်းမဟုတ်ဘဲ မိမိတို့ နိုင်ငံတွင်ရှိနေသည့် ဝန်ကြီးဌာနတိုင်းကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်(၁/၂၀၁၇)တွင် အစိုးရဌာန အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းများကို မည်သို့ပင် ညွှန်ကြားထားစေကာမူ ကွဲလွဲစွာ ဆောင်ရွက်နေကြသည်ကို ဖြတ်သန်းခဲ့သည့် ဘဏ္ဍာရေးနှစ်များကို ပြန်လည်သုံးသပ်ခြင်းအားဖြင့် ငြင်းပယ်၍ မရနိုင်ပါကြောင်း။

တင်ဒါစတင်ခေါ်ကတည်းက Design Drawing နှင့် Estimate များကို Website တွင် ဖော်ပြထားခြင်းဖြင့် တင်ဒါယှဉ်ပြိုင်ခွင့် ကန့်သတ်ချက်များကိုလည်း သိရှိနိုင်သည့်အပြင် အဂတိလိုက်စားမှုများနှင့် မလျော်ဩဇာသုံးပြီး တစ်နည်းနည်းဖြင့် လွှမ်းမိုးဆောင်ရွက်မှုများကိုလည်း အဟန့်အတား ဖြစ်စေပါကြောင်း၊ တင်ဒါဖွင့်လှစ်ပြီးနောက် တင်ဒါအောင်မြင်သည့် ကုမ္ပဏီကို လုပ်ငန်း၏ Design Drawing နှင့် Estimate များကို ပူးတွဲပြီး Website တွင် တင်ပြထားခြင်းဖြင့် Estimate များကို ပြန်လည်ပြင်ဆင်ရေးဆွဲနေသည့် သံသယများ မှေးမှိန်ပြီး တင်ဒါအောင်မြင်သည့်ဈေးနှုန်းနှင့် ခွင့်ပြုဘတ်ဂျက်ကွာဟချက်များကိုလည်း သိရှိနိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် အဂတိလိုက်စားမှုလျှော့ချရေးအတွက် အနည်းငယ်အထောက်အပံ့ဖြစ်နိုင်ရန်နှင့် လုပ်ငန်းများ၏ မူလစံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းအရည်အသွေးတိုးတက်စေရန်၊ ပြည်သူကို ဗဟိုပြုပြီး အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်ရွယ်ပြီး Website များတွင် တရားဝင်ကြေညာထားရန်အတွက် အဆိုတင်သွင်းရခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း က အဆိုအား ထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအားလက်ခံ ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ ဆန္ဒရယူရာ သဘောတူသဖြင့် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက **အမျိုးသားစာကြည့်တိုက်ဥပဒေကြမ်း**ကို တင်သွင်းပြီး စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဒေါ်မာမာခိုင်က ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပေးပို့သော **အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများ**နှင့် စပ်လျဉ်း၍ ပြည်ကြီးတံခွန် မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း တင်သွင်းထားသည့် အဆိုပြုပြင်ဆင်ချက်များအပေါ် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပေးပို့သော **တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ**နှင့်စပ်လျဉ်း၍ ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း တင်သွင်းထားသည့် အဆိုပြုပြင်ဆင်ချက်များအပေါ် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း အသိပေးတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက ပေးပို့သော **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများ**နှင့်စပ်လျဉ်း၍ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီက တင်သွင်းထားသည့် အဆိုပြုပြင်ဆင်ချက်များအပေါ် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း အသိပေးတင်ပြသည်။

## ပြည်သူ့လွှတ်တော်ရုံးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော် ဝန်ထမ်းများနှင့် ပူးပေါင်း၍ ပိုမိုအားစိုက်ဆောင်ရွက်ရန်၊ လွှတ်တော်ကိုယ်စားလှယ်များဆိုင်ရာ ကျင့်ဝတ်ကို ၂၀၁၉ ခုနှစ်အတွင်း ပေါ်ပေါက်လာစေရန်အတွက် အလေးထားဆောင်ရွက်ရန်နှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ဖြစ်

ယင်းနောက် ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဒေါက်တာလှမိုး က ဖတ်ကြားတင်ပြရာတွင် အကြံပြုသုံးသပ်ချက်အနေဖြင့် ကော်မတီသည် လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ပိုမိုအကျိုးရှိနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်ရုံးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော် ဝန်ထမ်းများနှင့်ပူးပေါင်း၍ ပိုမိုအားစိုက်ဆောင်ရွက်ရန်၊ လွှတ်တော်ကိုယ်စားလှယ်များဆိုင်ရာ ကျင့်ဝတ်ကို ၂၀၁၉ ခုနှစ်အတွင်း ပေါ်ပေါက်လာစေရန်အတွက် အလေးထားဆောင်ရွက်ရန်နှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ ဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီသည် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များနှင့်အညီ ပြည်သူ့လွှတ်တော်၊ လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်လျက်ရှိပါကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်သက်ဆိုင်ရာ လွှတ်တော်၏ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာဥပဒေများတွင် ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းရန် လိုအပ်မည့်အချက်အလက်များကို ရှာဖွေလေ့လာလျက်ရှိပြီး တွေ့ရှိချက်များကို လွှတ်တော်သို့ ဆက်လက်တင်ပြ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးဆိုင်ရာကိစ္စများနှင့် လွှတ်တော်က အခါအားလျော်စွာ တာဝန်ပေးအပ်သည့် အခြားတာဝန်များကိုလည်း ကျေပွန်စွာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အစီရင်ခံတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

*စာမျက်နှာ ၁၁ သို့*

# မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျေးရွာများအနီးရှိ ကြက်မွေးမြူရေးခြံများအား လူနေဒေသအနီးမှ ပြောင်းရွှေ့ဖယ်ရှားပေးရန် မြေနေရာရရှိမှုအပါအဝင် စီမံခန့်ခွဲမှုအပိုင်းကို ထည့်သွင်းစဉ်းစား ဆောင်ရွက်လျက်ရှိ


မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)


စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်


ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်


စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်း

**နေပြည်တော် နိုဝင်ဘာ ၂၅**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါက်တာ ကျော်သန်းထွန်း(ကန်တုန်) ၏ **မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကျေးရွာများအနီးရှိ ကြက်မွေးမြူရေးခြံများအား လူနေဒေသအနီးမှ ပြောင်းရွှေ့ဖယ်ရှားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော် က ပြင်ဦးလွင်မြို့နယ်အတွင်း ကြက်မွေးမြူရေးခြံများ စနစ်တကျမွေးမြူနိုင်ရေးအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ ထိန်းသိမ်းကြပ်မတ်လျက် ရှိသည့်အပြင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့်လည်း ကြက်မွေးမြူရေးခြံများကို ကောင်းမွန်သည့်တိရစ္ဆာန်မွေးမြူရေး ကျင့်စဉ်နှင့်အညီ မွေးမြူခြင်း ရှိ/မရှိ ကွင်းဆင်းကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ အနေဖြင့် ပြည်သူလူထုကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ကြက်မွေးမြူရေးခြံများကို စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူဆောင်ရွက်သွားရန် စီမံဆောင်ရွက်လျက်ရှိသည့်အတွက် ရပ်ကွက်၊ ကျေးရွာအတွင်းရှိ ကြက်မွေးမြူရေးခြံများကို လတ်တလောတွင် လက်ရှိနေဒေသအနီး တည်ရှိနေမှုမှ ပြောင်းရွှေ့ဖယ်ရှား ပေးရန်မှာ မြေနေရာရရှိမှုအပါအဝင် စီမံခန့်ခွဲမှုအပိုင်းကို ထည့်သွင်းစဉ်းစား ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

## ပြင်ဝန်းရေငန်တားတာကို တာပုံစံကျ မြေဖို့ပြုပြင်ရန်နှင့် မိုးရာသီအတွင်း ရေထုတ်နိုင်ရန်အတွက် ကွန်ကရစ်ရေတံခါးတစ်ခု ထည့်သွင်းတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားရန် လိုအပ်မည်

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း၏ **ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် တဲချောင်းကျေးရွာအုပ်စု ပြင်ဝန်းကျေးရွာ ဆားငန်ရေတားတာပေါင်အား ဆည်ဖို့ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က လက်ရှိအခြေအနေတွင် ကွင်းဆင်းစိစစ်ချက်အရ မုန်တိုင်းဒီရေနှင့် ထူးကဲဒီရေမြင့်တက်မှုများကြောင့် အဆိုပါ တာသည် ကျိုးပေါက်ပျက်စီးလျက်ရှိသည့်အတွက် ပြန်လည်ပြုပြင်ရန် လိုအပ်သည့် အခြေအနေ ဖြစ်ပါကြောင်း၊ ပြင်ဝန်းရေငန်တားတာသည် အလျား ပေ ၁၂၀၀ ကို တာပုံစံကျ မြေဖို့ပြုပြင်ရန်နှင့် မိုးရာသီအတွင်း ရေထုတ်နိုင်ရန်အတွက် ကွန်ကရစ်ရေတံခါးတစ်ခု ထည့်သွင်းတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် လိုအပ်မည့် ရန်ပုံငွေကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရရန်ပုံငွေတွင် တင်ပြတောင်းခံခဲ့ပါကြောင်း၊ သို့သော် ပြည်နယ်အတွင်း ဦးစားပေးလုပ်ငန်းများအလိုက် ရန်ပုံငွေစိစစ်ရာတွင် ထည့်သွင်းဆောင်ရွက်ရန် အခြေအနေမပေးသည့်အတွက် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထပ်မံထည့်သွင်းလျာထားတင်ပြ တောင်းခံသွားမည်ဖြစ်ပါကြောင်း၊ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## မေးခွန်းများပြန်လည်ရှင်းလင်းဖြေကြား

အလားတူ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ် ၏ **ရှေးရိုးစဉ်လာ အသက်မွေးဝမ်းကျောင်း အတတ်ပညာဖြစ်သော ယွန်းထည်လုပ်ငန်းကို နိုင်ငံခြား ဈေးကွက်ရှာပေးခြင်းအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သလို ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော် က လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း ၏ **ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသည် ဂရန်မူရင်းပိုင်ရှင်က အခြားသူတစ်ဦးသို့ ဂရန်နှင့်တကွ လွှဲပြောင်းရောင်းချထားပြီးကြောင်း ကန့်ကွက်သူရှိနေပါလျက် ဂရန်မိတ္တူမှန် ထပ်လျှောက်ထားခြင်းကို ခွင့်ပြုပိုင်ခွင့် ရှိ/မရှိ သိရှိလိုခြင်း မေးခွန်း**နှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဆွေနိုင် ၏ **ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အမှတ်(၁) မြို့မဈေးကြီးအား အဆင့်မီအထပ်မြင့်ဈေးအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်း**တို့နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက လည်းကောင်း ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြသည်။

ထို့နောက် **စက်မှုဇုန် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမြမင်းဆွေတို့က ဆွေးနွေးကြသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစခင်ဇော်လင်း၏ **မြန်မာနိုင်ငံတွင် တစ်စတစ်စပြုန်းတီးလျက်ရှိသော ကြိုးဝိုင်း၊ ကြိုးပြင်တောများအပါအဝင် သစ်ပင်သစ်တောများ ပြန်လည်ရှင်သန် စိုပြည်လာစေရေးနှင့် သစ်ပင်သစ်တောများကို အခြေခံပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် World Bank, ADB, WWF စသည့်နိုင်ငံတကာ အဖွဲ့အစည်းများထံမှ ငွေကြေးနှင့် နည်းပညာ ကူညီထောက်ပံ့မှုများဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်းရှိ သစ်တောဝန်ထမ်းများ၏ စွမ်းဆောင်ရည် (Capacity) လုပ်ငန်းစဉ်များ (Functions) နှင့် ကျင့်ဝတ်သိက္ခာ (Ethics) များ ပိုမိုအဆင့်အတန်း မြင့်မားလာစေရန် အထူးသင်တန်းများပေးပြီး အားပေးစည်းရုံးပညာပေးသင်ကြားရန်နှင့် ၎င်းသစ်တောဝန်ထမ်းများ လိုအပ်လျက်ရှိသော ခေတ်မီ လက်နက်ကိရိယာ (Facilities and equipments) များကို စနစ်တကျတပ်ဆင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို** လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်** က ယခင်က သစ်တောဝန်ထမ်းများကို သေနတ်၊ ကားနှင့် အခြားခေတ်မီ လက်နက်ကိရိယာများ အပြည့်အစုံတပ်ဆင်ပေးခဲ့သော်လည်း ယခုအခါ သစ်တောဝန်ထမ်းများအတွက် ရှိသင့်ရှိထိုက်သည့် ခေတ်မီလက်နက်ကိရိယာများ မရရှိတော့သည့်အတွက် သစ်တောများထိန်းသိမ်းနိုင်မှု လွန်စွာအားနည်းနေပါကြောင်း၊ သစ်တောဝန်ထမ်းများကို ခေတ်မီနည်းပညာများ တတ်မြောက်အောင် သင်တန်းပေးခြင်း၊ ထောက်လှမ်းရေး ဒရုန်းယာဉ်များ၊ စီစီတီဗွီများ၊ လမ်းကြမ်းသွား မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ ခေတ်မီသောလက်နက် အစရှိသည့် ကိရိယာတို့ကို ထောက်ပံ့တပ်ဆင်ပေးသင့်ပါကြောင်း၊ သို့မှသာ သစ်တောများကို ထိန်းသိမ်းနိုင်မည်ဖြစ်သည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

## သစ်တောများကို ပြန်လည်ပြုစုပျိုးထောင်ရာတွင် အစိုးရပိုင်းသာမက ပြည်သူများ ပိုမိုပူးပေါင်းလာစေရေး စည်းရုံးဆောင်ရွက်ရန် လိုအပ်မည်

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးခင်မောင်ဝင်း**က သစ်တောများကို ရေရှည်တည်တံ့နိုင်စေရန်အတွက် ထိန်းသိမ်းစီမံခန့်ခွဲခြင်း၊ သစ်တောများ တည်ထောင်စိုက်ပျိုးခြင်း၊ သစ်တောများအား ကာကွယ်ခြင်း၊ သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ခြင်း၊ သစ်တောများ စိုက်ပျိုးခြင်း၊ သစ်တောအခြေခံ ဇီဝလောင်စာများ အစားထိုးထုတ်လုပ်သုံးစွဲခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် သစ်တောများကို ပြန်လည်ပြုစုပျိုးထောင်ရာတွင် အစိုးရပိုင်းသာမက ပြည်သူများ ပိုမိုပူးပေါင်းလာစေရေး စည်းရုံးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်ခြင်း စသောလုပ်ငန်းများကို ဒေသခံပြည်သူများအကြား ရှင်းလင်းတင်ပြပြီး ပိုမိုကျယ်ပြန့်အောင် ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ ထို့ကြောင့် တစ်နေ့တခြား ပိုမိုဆိုးရွားလာသော ရာသီဥတုပြောင်းလဲမှုဆိုးကျိုးများကို ရင်ဆိုင်နိုင်ပြီး နိုင်ငံတော်၏ သစ်တောကဏ္ဍကြီးတစ်ခုလုံး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုကို တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းသန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်မောင်အုန်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးခင်ဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နိုဝင်ဘာ ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

---

*စာမျက်နှာ ၁၀ မှ*

## နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ကာကွယ်နိုင်ရေးအတွက် မြန်မာနိုင်ငံမှ သဘောတူအတည်ပြု ပါဝင်လက်မှတ်ရေးထိုးထားသော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များနှင့် ဆက်စပ်လေ့လာဆောင်ရွက်

ဆက်လက်၍ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၏ နှစ်ပတ်လည်အစီရင်ခံစာကို ကော်မတီဝင် ဦးစိုင်းဖိုးမြတ် က ဖတ်ကြားတင်ပြရာတွင် ကော်မတီသည် ကော်မတီလုပ်ငန်းတာဝန်များကို လက်တွေ့ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီသည် နောင်လာမည့် ဥပဒေကြမ်းဆိုင်ရာ အစည်းအဝေးများတွင်လည်း ဆက်လက်တက်ရောက် ပူးပေါင်းဆောင်ရွက်သွားရန်၊ ကော်မတီသို့ တင်ပြစာများနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် ကိုယ်စားပြု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အပြည့်အဝပူးပေါင်း ဆောင်ရွက်သွားရန်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ကာကွယ်နိုင်ရေးအတွက် မြန်မာနိုင်ငံမှ သဘောတူအတည်ပြု ပါဝင်လက်မှတ်ရေးထိုးထားသော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များနှင့် ဆက်စပ်လေ့လာ ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

ဆက်လက်၍ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီသည် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် တွေ့ဆုံမှုအကြိမ် တိုးမြှင့်၍ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုမြှင့်တင်ကာကွယ်ဆောင်ရွက်သွားရန်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးချိုးဖောက်ခံရမှုများနှင့် ပတ်သက်၍ လိုအပ်ပါက ကွင်းဆင်းလေ့လာစုံစမ်းခြင်းကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ ခွင့်ပြုချက်ရယူပြီး ဒေသဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်း ဆောင်ရွက်သွားရန်၊ အချို့သော ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ပြန်ကြားစာအချို့သည် ယေဘုယျဆန်သော ပြန်ကြားစာများဖြစ်နေသည့်အတွက် တိကျသေချာသော အဖြေများရရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် ပြန်ကြားမှုအားနည်းသော ဌာနဆိုင်ရာအဖွဲ့အစည်းများသို့ ထပ်မံနှိုးဆော်အသိပေး အကြောင်းကြားသွားရန်နှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီက စိစစ်ရမည့်ဥပဒေများနှင့် ပတ်သက်၍ ဆက်လက်ပိုမိုကြိုးပမ်း ဆောင်ရွက်သွားရန်တို့ကို သုံးသပ်ထားပါကြောင်း။

ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ရုံးဝန်ထမ်းများသည် မိသားစုစိတ်ဓာတ် အပြည့်အဝဖြင့် ကော်မတီ၏ လုပ်ငန်းတာဝန်များကို အားကြိုးမာန်တက် ကျေပွန်စွာ ဆောင်ရွက်ခဲ့ကြပါကြောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီအနေဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေးများ မဆုံးရှုံးစေရန်နှင့် တိုးတက်စေရန် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နိုဝင်ဘာ ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# ၂၀၁၉ ခုနှစ် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားကျင်းပ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

နေပြည်တော် နိုဝင်ဘာ ၂၅

**အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးအောင်၊ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်မှ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ပြည်ထောင်စုဝန်ကြီးများ၏ ဇနီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ UNFPA, Deputy Representative ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာများမှကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဝင်များ၊ INGOs/ NGOs များမှ ကိုယ်စားလှယ်များ တက်ရောက်သည်။

**လူထုလမ်းလျှောက်ပွဲများ**

အခမ်းအနားတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ ဒုတိယဥက္ကဋ္ဌက ၂၀၁၈ ခုနှစ်မှစ၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို နိုင်ငံတော်အဆင့် အခမ်းအနားပုံစံဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ နှစ်အလိုက် ကုလသမဂ္ဂမှ ဆောင်ပုဒ်များ ချမှတ်ပေးလျက်ရှိရာ ယခုနှစ်အတွက် ဆောင်ပုဒ်မှာ“Generation Equality Stands Against Rape!” “မုဒိမ်းမှုများတားဆီးဖို့၊ မုဒိမ်းမှုများပပျောက်ဖို့ အားလုံးပူးပေါင်းဆောင်ရွက်ကြပါစို့” ပဲဖြစ်ပါကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အကြိုလှုပ်ရှားမှုများအနေဖြင့် လူထုလမ်းလျှောက်ပွဲများ၊ အကြိုညှိနှိုင်းဆွေးနွေးပွဲများကိုလည်း ဆောင်ရွက်ခဲ့သကဲ့သို့ တိုင်းဒေသကြီး/ပြည်နယ်များအားလုံးတွင်လည်း ကျား၊ မအခြေပြု အကြမ်းဖက်မှုဆိုင်ရာအသိပညာပေးသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သက်ငယ်မုဒိမ်း အသိပညာပေးပိုစတာစိုက်ထူခြင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အမျိုးသမီးကော်မတီများ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

**အကြမ်းဖက်မှုတားဆီး**

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံတတိယအစည်းအဝေး၏ ပြည်ထောင်စုသဘောတူစာချုပ်တွင် ဆွေးနွေးခဲ့မှုများ၌ ငြိမ်းချမ်းရေးစကားဝိုင်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများပူးပေါင်းပါဝင်ရေးနှင့်စပ်လျဉ်း၍ ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ အနည်းဆုံး (၃၀) ရာခိုင်နှုန်းပါဝင်ရေးကို အားပေးဖို့ဆိုသည့် အချက်လည်းပါဝင်ပါကြောင်း၊ ထို့အပြင် ပဋိပက္ခအတွင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ပဋိပက္ခအတွင်းအမျိုးသမီးများအား အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၏ လုပ်ငန်းစီမံချက်(မူကြမ်း)ကိုလည်း ရေးဆွဲထားရှိပြီးဖြစ်ပါကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများမှ တားဆီးကာကွယ်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ၂၄နာရီ၊ Help Line ဝန်ဆောင်မှုကို၂၀၁၆ခုနှစ်မှစတင်၍ ထူထောင်ထားရှိပြီး ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိကာ လက်ရှိအချိန်ထိ တရားရင်ဆိုင်စရိတ် ထောက်ပံ့ခြင်း၊ အသက်မွေးဝမ်းကျောင်း ထောက်ပံ့ခြင်းအနေဖြင့် ကျပ်သိန်းပေါင်း၁၅၀ ကျော်ကို ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

**အမျိုးသမီးများ၏ ကဏ္ဍစုံဖွံ့ဖြိုးရေး**

ထို့အပြင် တရားရင်ဆိုင်ရေး၊ ကျန်းမာရေး၊ ပညာရေးအကူအညီများရရှိရန် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ One Stop Women Support Center (OSWSC) (၄)ခု တည်ထောင်၍ အကြမ်းဖက်ခံရသည့် အမျိုးသမီးများကို ယာယီလက်ခံစောင့်ရှောက်ပေးပြီး စိတ်လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီမှုများလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သုတေသနအနေဖြင့် အမျိုးသမီးများ၏ ဘဝတစ်လျှောက်အတွေ့အကြုံများဆိုင်ရာ လေ့လာမှုစစ်တမ်းအား လူမှုဝန်ထမ်းဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ UNFPA တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၉ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လမ်းညွှန်ချက်ဖြစ်သည့် အမျိုးသမီးများ၏ ကဏ္ဍစုံဖွံ့ဖြိုးရေးအတွက် လုပ်ငန်းအစီအစဉ်များ၊ စီမံကိန်းများ၊ စီမံချက်များ ချမှတ်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာနများ၊ လွှတ်တော်များ၊ INGOs/NGOs များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ လူမှုရေးစီးပွားရေးနယ်ပယ်များမှ အဖွဲ့အစည်းများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ UNFPA Deputy Representative Ms. Nelida Rodrigues က UN Message အားဖတ်ကြားသည်။

**ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်း**

ထို့နောက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး စကားဝိုင်းဆွေးနွေးပွဲကို ဆောင်ရွက်ရာ အမျိုးသားလွှတ်တော်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာ တင်တင်ဝင်း၊ ပြည်သူ့လွှတ်တော်အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်စိုးစိုးကြည်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုရဲမှူးကြီး ဒေါ်မိနီဦး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဌေး၊ Maristope International မြန်မာနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာစစ်နိုင်တို့က ဦးဆောင်ဆွေးနွေးမှုများ ဆောင်ရွက်ရာတွင် အမျိုးသမီးများအပေါ်အကြမ်းဖက်မှုများနှင့် ပတ်သက်၍ လက်ရှိဆောင်ရွက်မှုများ၊ ကြုံတွေ့နေရသည့် အခက်အခဲများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ စသည့်အချက်များအား ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသည့် ဧည့်သည်တော်များက အပြန်အလှန်မေးခွန်းမေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့လေးထပ် လူနာဆောင်သစ်ဖွင့်လှစ်

**စစ်တွေ နိုဝင်ဘာ ၂၅**

ရခိုင်ပြည်နယ် စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့လေးထပ် လူနာဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါ ဆေးရုံကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်ဦးညီပုက အမှာစကား ပြောကြားပြီး စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမိုးမြင့်ဝင်းက တိုးချဲ့လေးထပ် လူနာဆောင်သစ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုးချဲ့လေးထပ်လူနာဆောင်သစ်ကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(ကုသရေး) ဒေါက်တာ သီတာလှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(ယာပုံ)**

ယင်းနောက် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် တိုးချဲ့လေးထပ်လူနာဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ဆေးရုံအုပ်ကြီး ဒေါက်တာမိုးမြင့်ဝင်းက "ဒီဆေးရုံကြီးကို ၂၀၁၅ ခုနှစ်မှာ ခုတင် ၅၀၀ အဆင့်တိုးမြှင့်လိုက်တယ်။ ဒါပေမယ့် အဆောက်အအုံဟောင်းဆိုတော့ တကယ်တမ်း ခုတင် ၃၅၀ လောက်ပဲဆံ့တယ်။ ဒါ့ကြောင့် လိုအပ်တဲ့ ခုတင်အရေအတွက်ရအောင် အခုလို လေးထပ်အဆောက်အအုံကို ဆောက်လုပ်ရတာဖြစ်ပါတယ်။ အခုလို ဆောက်လုပ်နိုင်ခဲ့လို့ နောက်ထပ်ခုတင် ၂၀၀ လောက်ထည့်သွင်းနိုင်မယ်။ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေကိုလည်း ဆေးရုံအနေနဲ့ ပိုမိုပြီးလုပ်ဆောင်ပေးနိုင်တော့မှာဖြစ်ပါတယ်"ဟု ပြောသည်။



စစ်တွေမြို့ ပြည်သူ့ဆေးရုံကြီးကို ၁၈၆၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဒုတိယ ကမ္ဘာစစ်အတွင်း အဆောက်အအုံအားလုံးနီးပါးပျက်စီးခဲ့ရာ စစ်ပြီးကာလ ၁၉၄၆ ခုနှစ်တွင် ပြန်လည်တည်ဆောက်ခဲ့ကြောင်း၊ ၁၉၅၉ ခုနှစ်တွင် ၇၅ ခုတင်ဆံ့အဖြစ် လည်းကောင်း၊ ၁၉၆၄ ခုနှစ်တွင် ခုတင် ၁၅၀ ဆံ့အဖြစ်လည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် ခုတင် ၂၀၀ ဆံ့ပြည်နယ်ဆေးရုံကြီးအဖြစ် လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ခုတင် ၅၀၀ ဆံ့ ဆေးရုံကြီးအဖြစ် လည်းကောင်း အဆင့်ဆင့် တိုးမြှင့်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် ခုတင် ၅၀၀ ဆံ့ဆေးရုံအဖြစ် ဖွဲ့စည်းပုံတိုးမြှင့်ခဲ့သော်လည်း အသုံးပြုနိုင်မှုမှာ ခုတင် ၃၅၀ သာရှိကြောင်း၊ ယခု တိုးချဲ့လေးထပ် လူနာဆောင်သစ်အား ဖွင့်လှစ်ခြင်းအားဖြင့် ခုတင် ၂၀၀ ခန့် ထပ်မံတိုးချဲ့နိုင်မည်ဖြစ်ပြီး ဖျားနာလူနာကုသဆောင်၊ မျက်စိလူနာကုသဆောင်၊ အထူးကုပြင်ပလူနာဌာနတို့ကို ယင်းတိုးချဲ့လူနာဆောင်တွင် ပြောင်းရွှေ့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တိုးချဲ့လေးထပ်လူနာဆောင်ကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၃၄၀ ဒသမ ၃၂ သန်းဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့ (၁၄) က တာဝန်ယူဆောင်ရွက်ခဲ့ရာ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့ပြီး ယနေ့တွင် ဖွင့်ပွဲအခမ်းအနားကို ကျင်းပနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

သတင်း-ဇော်ကြီး၊
ဇင်ဦး (မြန်မာ့အလင်း)၊
ဓာတ်ပုံ-ဇော်ဇင်

# ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း နည်းပြသင်တန်း အမှတ်စဉ်(၃) ဖွင့်ပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၅**

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း နည်းပြသင်တန်း အမှတ်စဉ် (၃) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အနီးစပ်ဆုံး မှန်ကန်စွာ ခန့်မှန်းနိုင်**

သင်တန်းဖွင့်ပွဲတွင် ကြားဖြတ်သန်းခေါင်စာရင်း ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကြီးကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၁၄ ခုနှစ်က အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကောက်ယူရရှိသည့် သန်းခေါင်စာရင်းအချက်အလက်များကိုလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင်သာမက ၂၀၃၀ ပြည့်နှစ်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ ရရှိအောင်ဆောင်ရွက်ရာတွင် ဆန်းစစ်လေ့လာမှုလုပ်ငန်းများအတွက် အသုံးပြုလျက်ရှိပါကြောင်း၊ သန်းခေါင်စာရင်းကို ၁၀ နှစ်တစ်ကြိမ် ကောက်ယူရမည်ဖြစ်သည့်အတွက် ၂၀၂၄ ခုနှစ်တွင် နောက်တစ်ကြိမ် ထပ်မံကောက်ယူမည်ဖြစ်ပါကြောင်း၊ နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည့် ယနေ့ခေတ်ကာလတွင် မြန်မာနိုင်ငံ၏ လက်ရှိနှင့် အနာဂတ်လူဦးရေ၊ လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အနီးစပ်ဆုံး မှန်ကန်စွာ ခန့်မှန်းနိုင်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၄ နှင့် ၂၀၂၄ ခုနှစ် ကြားကာလသည် (၁၀)နှစ်ခန့် ကွာဟနေသည့်အတွက် စာရင်းအင်းလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန် ကြားကာလဖြစ်သည့် ၂၀၁၉ ခုနှစ်တွင် ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူရန် မိမိတို့ဝန်ကြီးဌာနက ပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ကြားဖြတ်သန်းခေါင်စာရင်းကို လေးသုတ်ခွဲပြီး ကောက်ယူသွားမည်ဖြစ်ပါကြောင်း၊ ပထမသုတ်အဖြစ် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)တို့တွင်လည်းကောင်း၊ ဒုတိယသုတ်အဖြစ် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် လည်းကောင်း၊ တတိယသုတ်အဖြစ် ပဲခူးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင်လည်းကောင်း၊ စတုတ္ထသုတ်အဖြစ် ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်လည်းကောင်း ကောက်ယူသွားမည်ဖြစ်ပါကြောင်း။

**နည်းပြသင်တန်းဖွင့်လှစ်ပို့ချ**

ယခုလက်ရှိတွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တို့တွင် နိုဝင်ဘာ ၁၈ ရက်မှစ၍ ကောက်ယူနေပြီဖြစ်ပါကြောင်း၊ ဒုတိယသုတ် ကောက်ယူမည့် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အတွက် နေပြည်တော်တွင် နည်းပြသင်တန်းကို နိုဝင်ဘာ ၁၃ရက်မှ ၂၃ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး ခရိုင်သင်တန်းများကို ဆက်လက်ဖွင့်လှစ်ဆောင်ရွက်၍ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၄ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တတိယသုတ် ကောက်ယူမည့် ပဲခူး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့အတွက် နည်းပြသင်တန်းကို နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၅ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး ခရိုင်သင်တန်းများကို ဆက်လက်ဆောင်ရွက်၍ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂ ရက်မှ ၁၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုတတိယသုတ် နည်းပြသင်တန်းပြီးပါက စတုတ္ထသုတ်ကောက်ယူမည့် ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့အတွက် နည်းပြသင်တန်းကို ဒီဇင်ဘာ ၉ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ခရိုင်သင်တန်းများ ဆက်လက်ဖွင့်လှစ်၍ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၅ ရက်မှ ၂၈ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နမူနာစာရင်းကောက်ကွက်ပေါင်း ၄၀၀၀ ကျော် ကောက်ယူမည်ဖြစ်ပါကြောင်း၊ ကြားဖြတ်သန်းခေါင်စာရင်းကောက်ယူရာမှာ ၂၀၁၄ သန်းခေါင်စာရင်းကောက်ယူစဉ်ကကဲ့သို့ မေးခွန်းစာရွက်ကို အသုံးပြုသည့်နည်းဖြင့် ကောက်ယူမည်မဟုတ်ဘဲ နိုင်ငံအတော်များများတွင် အသုံးပြုနေပြီဖြစ်သည့် ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်းမေးမြန်းစာရင်းကောက်ယူသည့်စနစ် (Computer-assisted Personal Interviewing-CAPI)ကို အသုံးပြုကောက်ယူသွားမည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းလုပ်ငန်းတွင် Mobile Tablet ကို အသုံးပြု၍ CAPI စနစ်ဖြင့် စာရင်းကောက်ယူခြင်းသည် ပထမဆုံးအတွေ့အကြုံ ဖြစ်ပါကြောင်း၊ သင်တန်းသားများသည် ယခုသင်တန်းဆင်းပြီးပါက သက်ဆိုင်ရာခရိုင်များတွင်ဖွင့်လှစ်မည့် စာရင်းစစ်၊ စာရင်းကောက်သင်တန်းများတွင် သင်တန်းနည်းပြများအဖြစ် တာဝန်ယူဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းလုပ်ငန်းစဉ်ကြီး အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်မှာ ယနေ့သင်တန်းသားများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါကြောင်း၊ ထို့ကြောင့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် စာရင်းကောက်ယူခြင်းဆိုင်ရာ နည်းပညာများကို နှစ်ပတ်တာ သင်တန်းကာလအတွင်း ဂရုတစိုက်ဖြင့် နားလည်သဘောပေါက်အောင် သင်ယူလေ့လာကြရန်နှင့် မရှင်းလင်းသည်များကိုလည်း ပွင့်ပွင့်လင်းလင်းမေးမြန်း ဆွေးနွေးဆောင်ရွက်ကြရန်လိုကြောင်း၊ စာရင်းကောက်ယူရာတွင်လည်း ဒေသရှိဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းကာ လုပ်ငန်းအခက်အခဲများရှိပါက အချိန်မီတင်ပြ ဆောင်ရွက်ကြရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်လုပ်ငန်းစဉ်၌ တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်ပေးနေခြင်းဖြစ်သည်ဟု ခံယူကာ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**သင်တန်းကာလ နှစ်ပတ်**

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြားကာလရှိ မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ အနီးစပ်ဆုံးမှန်ကန်စွာ ခန့်မှန်းနိုင်ရန်၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း အချက်အလက်များ၏ ပြောင်းလဲမှုများအား နှိုင်းယှဉ်လေ့လာ သုတေသနပြုနိုင်ရန်၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan–MSDP) ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သောအညွှန်းကိန်းများ ရရှိနိုင်ရန် စသည့်ရည်ရွယ်ချက်ဖြင့် လေးသုတ်ခွဲကာ ကောက်ယူမည်ဖြစ်ပြီး ခရိုင်အဆင့် ကိုယ်စားပြုနမူနာကောက်ကွက်များ ပြုစုကောက်ယူမည်ဖြစ်ကြောင်းနှင့် ယခုတတိယသုတ် ဖွင့်လှစ်သည့် နည်းပြသင်တန်း အမှတ်စဉ် (၃) တွင် ပဲခူး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့မှ နည်းပြဆောင်ရွက်မည့် သက်ဆိုင်ရာခရိုင်ဦးစီးမှူးရုံးများမှ အရာထမ်း ၂၂ ဦးနှင့် ဒေသခံလူငယ် ၄၄ ဦး၊ ပြည်သူ့အင်အားဦးစီးဌာန (ရုံးချုပ်) မှ ၂၅ ဦး စုစုပေါင်းသင်တန်းသား/ သင်တန်းသူ ၉၁ ဦးတက်ရောက်၍ သင်တန်းကာလ ရက်သတ္တပတ် နှစ်ပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း နည်းပြသင်တန်းအမှတ်စဉ် (၃) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

## မန္တလေးလျှပ်စစ်အခက် Hot Line ဖုန်းနံပါတ်၊ 1616 ကိုဆက်

**မန္တလေး နိုဝင်ဘာ ၂၅**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားသုံးစွဲသူပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို တည်ငြိမ်ပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ အသစ်တိုးချဲ့တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား အစီအမံများရေးဆွဲကာ အရှိန်အဟုန်ဖြင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် တစ်ဖက်မှလည်း အများပြည်သူတို့ လျှပ်စစ်ဓာတ်အားရယူသုံးစွဲမှုနှင့်ပတ်သက်၍ သိရှိလိုသည့်ကိစ္စရပ်များ၊ လျှပ်စစ် ဓာတ်အားပြတ်တောက်မှုနှင့် လျှပ်စစ်ဓာတ်အားခဆိုင်ရာ သိရှိလိုမှုများ၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက် ရန်အကြံပေးခြင်း၊ သတင်းပေးပို့ခြင်းအစရှိသည့် လျှပ်စစ် နှင့်ပတ်သက်သမျှသော မည်သည့်ကိစ္စကိုမဆို တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ရန်အတွက် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ဝန်ဆောင်မှုဌာနစိတ် (MESC Call Center) ဖွင့်လှစ်ထားရှိကာ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ MESC Call Center အား ပြည်သူများ လွယ်လင့်တကူ ဆက်သွယ်နိုင်စေရန်အတွက် Hot Line ဖုန်းနံပါတ်၊ 1616 ကို သတ်မှတ်ထားရှိပြီး MPT၊ MYTEL၊ Ooredoo၊ Telenor အစရှိသည့် မည်သည့်တယ်လီဖုန်း Sim Card အမျိုးအစားနှင့်မဆို ဆက်သွယ်ရေး သင်္ကေတ (Code) မခံဘဲ ၄င်းဂဏန်းလေးလုံးအားနှိပ်၍ ဖုန်းခေါ်ဆိုပြီး သိရှိလိုသမျှ မေးမြန်းစုံစမ်းအကြံပြုနိုင်သည်။

ထိုသို့ သိရှိလိုသမျှကို စိစစ်မေးမြန်းဖြေကြားနိုင်ရန်အတွက် ဝန်ထမ်းများကို နေ့/ည ၂၄ နာရီ ပိတ်ရက်မရှိ တာဝန်ချ ထားကာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ၊ အသီးသီးမှ ပြည်သူများအား လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ ဝန်ဆောင်မှုပေးလျက်ရှိသည်။ အဆိုပါဝန်ဆောင်မှုအား ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သိရှိအသုံးပြုစေနိုင်ရန်အတွက် ဗီနိုင်းပိုစတာများပြုလုပ်ကာ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများ၊ ဓာတ်အားခွဲရုံများ၊ ဓာတ်အားခပေးဆောင်ရာ နေရာများ၊ လူစည်ကားသည့် လမ်းဆုံ၊ ဈေး၊ ကျောင်းများအနီးတွင် ချိတ်ဆွဲအသိပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဂူတာပြင်ဖြစ်စဉ်နှင့် စပ်လျဉ်း၍ စစ်တရားရုံးဖြင့် စစ်ဆေးစီရင်မည်

**နေပြည်တော် နိုဝင်ဘာ ၂၅**

ဂူတာပြင်ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သည်ဟု ကနဦးတွေ့ရှိရသူများကို ဘူးသီးတောင်မြို့ နယ်မြေခံတပ်၌ စစ်တရားရုံး(Court–Martial)ဖြင့် စတင်စစ်ဆေးသွားမည်ဖြစ်ကြောင်းသိရသည်။

တပ်မတော်အက်ဥပဒေ (The Defence Services Act )၊ တပ်မတော်နည်းဥပဒေများ(The Defence Services Rules )နှင့်အညီ ဖွဲ့စည်းခဲ့သည့် ဗိုလ်ချုပ်မြတ်ကျော် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် စုံစမ်းစစ်ဆေးရေးခုံရုံး (Court of Inquiry )က ဂူတာပြင်ကျေးရွာ ဖြစ်စဉ်အချို့တွင် စစ်တရားရုံးဖြင့် စစ်ဆေးစီရင်သင့်သည် ဟု တင်ပြခဲ့သည့် ထင်မြင်ယူဆချက်အရ စစ်ဘက်တရားစီရင်ရေး၏ လုပ်ငန်းစဉ်များ ( Process of Military Justice) အတိုင်း ဆောင်ရွက်လျက်ရှိရာ ပြစ်မှုကျူးလွန်သည်ဟု ကနဦးတွေ့ရှိရသူများအပေါ် အကျဉ်းစစ်တရားရုံးချုပ် (Summary General Court–Martial) ဖြင့် ရုံးထိုင်စစ်ဆေးခြင်းအား နိုဝင်ဘာလ ၂၆ ရက်တွင် ဘူးသီးတောင်မြို့ နယ်မြေခံတပ်၌ စတင်စစ်ဆေးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

တပ်မတော်အနေဖြင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (Independent Commission of Enquiry–ICOE) နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ICOE ၏ အစီရင်ခံစာ ထွက်ရှိလာသည့်အချိန်တွင်လည်း အစီရင်ခံစာ၌ တပ်မတော်သားများက ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်မှုရှိပါက ဥပဒေနှင့်အညီ ဆက်လက်စုံစမ်းစစ်ဆေး၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# မိုက်ကယ်ဘလွန်းဘာ့ဂ် အမေရိကန်သမ္မတလောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု တရားဝင်ကြေညာ

**နယူးယောက် နိုဝင်ဘာ ၂၅**

နယူးယောက်မြို့တော်ဝန်ဟောင်း ဘီလျံနာသူဌေးကြီး မိုက်ကယ်ဘလွန်းဘာ့ဂ်သည် သမ္မတလောင်းအဖြစ် ၂၀၂၀ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဟု နိုဝင်ဘာ ၂၄ ရက်က တရားဝင်ကြေညာခဲ့သည်။ လက်ရှိသမ္မတ ဒေါ်နယ် ထရမ့်ကို အနိုင်ယူပြီး အမေရိကန်ကို ပြန်လည်တည်ဆောက်မည်ဟု အသက် ၇၇ နှစ်အရွယ် မီဒီယာလောကမှ ဩဇာတိက္ကမကြီးမားသူ မစ္စတာ ဘလွန်းဘာ့ဂ်က ၎င်း၏ ဝက်ဘ်ဆိုက်ပေါ်မှတစ်ဆင့် ပြောကြားခဲ့သည်။

ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် ပြိုင်ပွဲဝင်မည်ဖြစ်ကြောင်း၊ ချမ်းသာကြွယ်ဝသူများသည် အခွန်ငွေပိုမိုပေးဆောင်ရမည်ဖြစ်ပြီး အလယ်အလတ်တန်းစားလူများသည် သင့်တင့်မျှတသည့် အခွန်ငွေ ပေးဆောင်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် လူတိုင်းတတ်နိုင်သည့် ကျန်းမာရေးအာမခံ ရှိရမည်ဟုလည်း ၎င်းက မဲဆွယ်ထားသည်။ ၂၀၀၁ ခုနှစ် နယူးယောက်မြို့၌ အကြမ်းဖက်တိုက်ခိုက်ခံရမှုအပြီး နယူးယောက်မြို့အခြေအနေကို ထိန်းသိမ်းနိုင်ခဲ့မှုကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။ ပရဟိတလုပ်ငန်းအတွေ့အကြုံ၊ အုပ်ချုပ်ရေးအတွေ့အကြုံနှင့် စီးပွားရေးအတွေ့အကြုံများကို လုံးဝယုံကြည်မှုရှိကြောင်း ယင်းအတွေ့အကြုံများကြောင့် ရွေးကောက်ပွဲတွင် အနိုင်ရပြီး ဦးဆောင်နိုင်လိမ့်မည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

၎င်းသည် နယူးယောက်မြို့တော်ဝန်အဖြစ် သုံးကြိမ်တိုင်တိုင် တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး တိုင်းပြည်တစ်ဝန်းတီဗွီမှတစ်ဆင့် ၎င်း၏ မဲဆွယ်မှုကြော်ငြာများအတွက် ဒေါ်လာသန်း ၃၀ အကုန်အကျခံ သုံးစွဲသွားမည်ဟု အမေရိကန်မီဒီယာများက ပြောကြသည်။

အမေရိကန်သမ္မတ ထရမ့်၏ ကျိုးကြောင်းမစဉ်းစားဘဲ လုပ်ထုံးလုပ်နည်းနှင့်မညီသည့် လုပ်ရပ်များကို နောက်ထပ်လေးနှစ် ပို၍သည်းမခံနိုင်တော့ဟု စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်သူ ဘလွန်းဘာ့ဂ်က ပြောသည်။ ထရမ့်၏ အတ္တလွန်ကဲသည့် ခြိမ်းခြောက်မှုများ တိုင်းပြည်အပေါ်ကျရောက်နေကြောင်း အကယ်၍ နောက်ထပ်တစ်ကြိမ်သာ ထရမ့်အနိုင်ရပြီး သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရခဲ့ပါက ယခုပျက်စီးနေမှုများကို ပြင်ဆင်၍ ရနိုင်တော့မည်မဟုတ်ဟု ဘလွန်းဘာ့ဂ်က ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ၊ ဆင်ဟွာ**



နယူးယောက်မြို့တော်ဝန်ဟောင်း မိုက်ကယ်ဘလွန်းဘာ့ဂ်

# ရိုမေးနီးယား၌ သိုးအကောင်ရေ ၁၄၆၀၀ တင်ဆောင်လာသည့် သင်္ဘောတစ်စင်းနစ်မြုပ်

**ဘူခါရက်စ် နိုဝင်ဘာ ၂၅**

ရိုမေးနီးယား၌ သိုးအကောင်ရေ ၁၄၆၀၀ တင်ဆောင်လာသည့် ကုန်တင်သင်္ဘောတစ်စင်း ရိုမေးနီးယားကမ်းခြေ ပင်လယ်နက်အတွင်း တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ကယ်ဆယ်ရေးအဖွဲ့များက သိုးများကို ကယ်ဆယ်ရန် ကြိုးပမ်းခဲ့ကြကြောင်း သိရသည်။

ဆော်ဒီအာရေဗျသို့ ထွက်ခွာမည့် Queen Hind သင်္ဘောသည် ရိုမေးနီးယားရှိ မီဒီယာဆိပ်ကမ်းမှ နိုဝင်ဘာ ၂၄ ရက်က ထွက် ခွာလာခဲ့ပြီးနောက် မကြာမီတိမ်းမှောက်မှု ဖြစ်သွားခဲ့သည်။ အဘယ့်ကြောင့် သင်္ဘောတိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း မသိရှိရသေးပေ။ သင်္ဘောပေါ် လိုက်ပါလာသည့် ဆီးရီးယားနိုင်ငံသား သင်္ဘောအမှုထမ်း ၂၀ နှင့် လက်ဘနွန်နိုင်ငံသား သင်္ဘောအမှုထမ်းတစ်ဦးကို သိုး ၃၂ ကောင်တို့နှင့်အတူ ကယ်ဆယ်နိုင်ခဲ့သည်။ ၎င်းတို့အထဲက နှစ်ဦးကို ရေထဲမှ ကယ်ဆယ်ခဲ့ရကြောင်း ကယ်ဆယ်ရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးဖြစ်သည့် အန်နာမာရီယာ စတွိုင်ကာကပြောသည်။

ကယ်ဆယ်ရေး လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်နေဆဲဖြစ်ပြီး သင်္ဘောအတွင်းပိုင်းတွင် ကျန်ရှိနေသည့် သိုးများ အသက်ဆက်ရှင်နေဦးမည်ဟု မျှော်လင့်ရကြောင်း ၎င်းက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။ တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ရေငုပ်အဖွဲ့သားများ ပူးပေါင်းအကူအညီပေးလျက်ရှိသည့် ကယ်ဆယ်ရေးအဖွဲ့များသည် သင်္ဘောကို ဆိပ်ကမ်းဆီသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

သင်္ဘောတိမ်းမှောက်မှုနှင့် ပတ်သက်၍ အရေးပေါ် စုံစမ်းစစ်ဆေးမှု လုပ်ဆောင်ရန် အာဏာပိုင်များက ညွှန်ကြားထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**



တူးဖော်တွေ့ရှိခဲ့သည့် တိရစ္ဆာန်မံမီရုပ်ကြွင်းအချို့။

# အီဂျစ်နိုင်ငံ၌ နှစ်ပေါင်း ၂၇၀၀ ခန့်က တိရစ္ဆာန်မံမီရုပ်ကြွင်းများ တွေ့ရှိ

**ကိုင်ရို နိုဝင်ဘာ ၂၅**

အီဂျစ်နိုင်ငံ မြို့တော်ကိုင်ရိုတောင်ဘက် ၃၀ ကီလိုမီတာအကွာရှိ ဆက်ကွာရာဒေသတွင် လွန်ခဲ့သော နှစ်ပေါင်း ၂၇၀၀ ခန့်ကဟု ယူဆရသည့် တိရစ္ဆာန်မံမီရုပ်ကြွင်းများနှင့် ရုပ်တုများကို တူးဖော်တွေ့ရှိခဲ့ကြောင်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများဆိုင်ရာ ဝန်ကြီးဌာနဝန်ကြီး ခါလက် အယ်လ် အနာနီက ယမန်နေ့တွင် ဖော်ပြခဲ့သည်။

ယခုတွေ့ရှိရသည့် တိရစ္ဆာန်မံမီရုပ်ကြွင်းများတွင် ခြသေ့်၊ ကြောင်၊ မိကျောင်းနှင့် မြွေပါ စသည့်တိရစ္ဆာန်များဖြစ်ပြီး သဏ္ဌာန်ဖော်စာလုံးများဖြင့် တန်ဆာဆင်ထားသည့် သစ်သားသေတ္တာအတွင်းထည့်ကာ မြေအောက်တွင် မြှုပ်နှံထားခဲ့ကြောင်း သိရသည်။

ထို့ပြင်ရှေးဟောင်း အီဂျစ်ကြောင်နတ်သမီး Bastet ၏ ရုပ်တု ၇၅ ခု၊ သစ်သားဖြင့် ပြုလုပ်ထားသည့် Neith နတ်သမီးရုပ်တု တစ်ခု၊ Osiris နတ်ဘုရား ကြေးသွန်းရုပ်တု ၅၇ ခုနှင့် အခြားအသုံးအဆောင်ပစ္စည်းကိုလည်း တွေ့ရှိခဲ့ကြောင်း အီဂျစ်ရှေးဟောင်းသမိုင်းဝင်ကောင်စီ အကြီးအကဲ မိုစတာဖာ ဝါဇီရီက ပြောကြားခဲ့သည်။

ဆက်ကွာရာဒေသသည် ရှေးဟောင်းအီဂျစ်ယဉ်ကျေးမှုအမွေအနှစ်များ ကြွင်းကျန်ရစ်ရာ ဗဟိုနေရာဖြစ်ပြီး ဖာရိုဘုရင်များနှင့် ပိရမစ်များနှင့် မင်းညီမင်းသားများ၏ ဂူသင်္ချိုင်းများကို တွေ့ရှိရာနေရာဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**



ကုန်တင်သင်္ဘော တိမ်းမှောက်နေသည့်မြင်ကွင်းကို တွေ့ရစဉ်။

# ဟောင်ကောင် ဒေသကောင်စီရွေးကောက်ပွဲတွင် ဒီမိုကရေစီလိုလားသည့်အဖွဲ့က သောင်ပြိုကမ်းပြိုအနိုင်ရ

**ဟောင်ကောင် နိုဝင်ဘာ ၂၅**

ဟောင်ကောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နိုင်ငံရေးဆိုင်ရာ ဆူပူအုံကြွမှုများ ဖြစ်ပွားနေသော်လည်း နိုဝင်ဘာ ၂၄ ရက်က ကျင်းပသည့် ဟောင်ကောင်ဒေသကောင်စီရွေးကောက်ပွဲတွင် ဒီမိုကရေစီလိုလားသည့် လှုပ်ရှားမှုအဖွဲ့က သောင်ပြိုကမ်းပြို အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဒေသကောင်စီဝင်နေရာ စုစုပေါင်း ၄၅၂ နေရာအနက် ၈၀ ရာခိုင်နှုန်းကျော်ကို ဒီမိုကရေစီလိုလားသည့်လှုပ်ရှားမှုအဖွဲ့ ကိုယ်စားလှယ်များက အနိုင်ရခဲ့ကြောင်း ဒေသမီဒီယာများက ဖော်ပြကြသည်။ ပြင်းထန်သည့် ပဋိပက္ခဖြစ်ပွားမှုများ ပိုမိုတိုးပွားလာနေသည့်အတွက် ရွေးကောက်ပွဲကို ပြည်သူ့ဆန္ဒခံယူပွဲတစ်ခုအနေဖြင့် ကျင်းပခဲ့သည်။

နိုဝင်ဘာ ၂၄ ရက်က မဲဆန္ဒရှင်ပြည်သူများသည် မဲပေးရန်အတွက် ငြိမ်းချမ်းစွာဖြင့် တန်းစီစောင့်ဆိုင်းခဲ့ကြသည်။ မဲပေးရန် စာရင်းသွင်းထားသည့် မဲဆန္ဒရှင်အရေအတွက်၏ ၇၀ ရာခိုင်နှုန်းကျော် မဲထည့်ဝင်ခဲ့ကြကြောင်း သိရသည်။

ရွေးကောက်ပွဲအတွင်း အနိုင်ရရှိခဲ့သူအချို့မှာ ဆန္ဒဖော်ထုတ်ရာတွင် ဦးဆောင်ပါဝင်ခဲ့ကြသူများဖြစ်ပြီး ကောင်စီဝင်အသစ်အဖြစ် ရွေးချယ်ခံရသည့် ဂျင်မီရှမ်သည် ဆန္ဒပြပွဲများကို စီစဉ်ခဲ့သူဖြစ်ကာ လွန်ခဲ့သော တစ်လက တူဖြင့် တိုက်ခိုက်ခံခဲ့ရသည်။

ဒီမိုကရေစီလိုလားသည့် လှုပ်ရှားမှုအဖွဲ့၏ အနိုင်ရရှိမှုသည် အနာဂတ်ဆန္ဒပြပွဲများကို ပိုမိုအရှိန်အဟုန်ကောင်းလာစေနိုင်ပြီး ဟောင်ကောင်အကြီးအကဲ ကယ်ရီလမ်ကို ဥပဒေပြဋ္ဌာန်းမှုများ ပြုလုပ်ရန် ဖြစ်လာစေနိုင်ကြောင်း လေ့လာသူများက သုံးသပ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ဖိလစ်ပိုင်၌ ပိုလီယိုရောဂါဖြစ်ပွားမှု ရှစ်ဦးအထိရှိလာ

**မနီလာ နိုဝင်ဘာ ၂၅**

ဖိလစ်ပိုင်နိုင်ငံ၌ နိုဝင်ဘာ ၂၅ ရက်က ဖိလစ်ပိုင်တောင်ပိုင်းရှိ နောက်ထပ်ကလေးငယ်တစ်ဦးထံတွင် ပိုလီယိုဗိုင်းရပ်ရှိနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရပြီးနောက် နိုင်ငံအတွင်း ပိုလီယိုရောဂါဖြစ်ပွားသူအရေအတွက်မှာ ယခုနှစ်အတွင်း ရှစ်ဦးအထိရှိလာပြီဖြစ်ကြောင်း သိရသည်။

ပိုလီယိုဗိုင်းရပ်ရှိနေကြောင်း နောက်ဆုံးစစ်ဆေးတွေ့ရှိခဲ့သူမှာ မင်ဒါနာအိုကျွန်းပေါ်ရှိ ဆင်းရဲနွမ်းပါးသည့် ပြည်နယ်တစ်ခုဖြစ်သည့် ဘာစီလန်မှ အသက်ကိုးနှစ်အရွယ် မိန်းကလေးတစ်ဦးဖြစ်ပြီး ပိုလီယိုရောဂါ ကာကွယ်ဆေးမရရှိခဲ့သူဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် မင်ဒါနာအိုရှိ ဘန်ဆာမိုရိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျန်းမာရေးဝန်ကြီးဌာနနှင့် အတူပူးပေါင်းကာ ဘာစီလန်ပြည်နယ်၌ ခုခံအားစနစ် မြှင့်တင်နိုင်စေရေးနှင့် ပိုလီယိုရောဂါကာကွယ်ရေးကြိုးပမ်းမှုများ အရှိန်မြှင့်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ဖိလစ်ပိုင် ကျန်းမာရေးဝန်ကြီး ဖရန်စီစကိုဂျူတ်က ပိုလီယိုအစက်ချကာကွယ်ဆေး လုံလုံလောက်လောက်ဖြန့်ဝေပေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဂျပန်ကေရာဇ်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့ တွေ့ဆုံ

**တိုကျို နိုဝင်ဘာ ၂၅**

ဂျပန်ကေရာဇ် နာရူဟီတိုနှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့သည် နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက ဂျပန်ကေရာဇ်နန်းတော်တွင် တွေ့ဆုံခဲ့ကြကြောင်း သိရသည်။

ပုပ်ရဟန်းမင်းကြီးသည် နံနက် ၁၁ နာရီတွင် အဓိကဝင်ပေါက်မှ နန်းတော်အတွင်း ဝင်ရောက်ခဲ့ပြီး လုံခြုံရေးယာဉ်တန်းဖြင့် ပုပ်ရဟန်းမင်းကြီးကို နန်းတော်သို့ ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။ ဂျပန်ကေရာဇ်သည် နန်းတော်တောင်ဘက် ဆင်ဝင်အောက်တွင် ကြိုဆိုနှုတ်ဆက်ခဲ့သည်။

ယခုတစ်ကြိမ်သည် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့် ဂျပန်ကေရာဇ် နာရူဟီတို တို့ ပထမဆုံးအကြိမ်တွေ့ဆုံကြခြင်းလည်း ဖြစ်သည်။ တနင်္လာနေ့က တွေ့ဆုံမှုသည် မိနစ် ၂၀ ခန့်ကြာမြင့်ပြီး တာကီနိုမာ ဧည့်ခန်းမတွင် တွေ့ဆုံခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

### ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ အရှေ့ပိုင်းရှိ လူနေအိမ်ရာ အတွင်း လေယာဉ်ပျက်ကျရာ လူ ၂၉ ဦးသေဆုံး

**ဂိုမာ နိုဝင်ဘာ ၂၅**

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ အရှေ့ပိုင်း ဂိုမာမြို့တွင် လူဦးရေထူထပ်စွာ နေထိုင်သည့် နေရာ၌ လေယာဉ်ငယ်တစ်စင်း နိုဝင်ဘာ ၂၄ ရက်က ပျက်ကျရာ ၂၉ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု သိရသည်။

လေယာဉ်ပေါ်တွင် ခရီးသည် ၁၇ ဦးနှင့် လေယာဉ်အမှုထမ်း နှစ်ဦး ပါဝင်ခဲ့ပြီး တစ်ဦးသာ အသက်ရှင်ခဲ့ကြောင်း သိရသည်။ အသက်ရှင်ကျန်ရစ်သူတစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး မြေပြင်ပေါ်၌လည်း လူ ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရက ပြောသည်။

အပျက်အစီးများကြားတွင် လူသေအလောင်း ၂၉ လောင်းကို တွေ့ရှိရကြောင်း သတင်းထုတ်ပြန်ထားသည်။ Busy Bee လေကြောင်းကုမ္ပဏီမှ Dornier – 228 လေယာဉ်ငယ်သည် လေဆိပ်အနီး နေအိမ်နှစ်လုံးအပေါ် ပျက်ကျခဲ့ခြင်းဖြစ်သည်။ အဆိုပါလေယာဉ်ငယ်သည် ဂိုမာမြို့မြောက်ပိုင်း ၃၅၀ ကီလိုမီတာအကွာရှိ ဘီနီမြို့သို့ ဦးတည်ပျံသန်းခဲ့ခြင်း ဖြစ်သည်။ လေယာဉ်ပျံတက်ပြီး မကြာမီ လူနေထိုင်ရာအရပ်တွင် မြေပြင်သို့ လေယာဉ်ထိုးဆင်းသွားခြင်း ဖြစ်သည်။

**အေအက်ဖ်ပီ**

# ဂျပန်၌ ကပ်ဘေးသုံးခု၏ အန္တရာယ် ယနေ့ချိန်ထိ စိုးထိတ်နေရ

**ထွန်းသစ်စ**

ဂျပန်နိုင်ငံမှာ ၂၀၁၁ ခုနှစ်က ကြောက်စရာကောင်းလောက်အောင် ဖြစ်ပွားခဲ့တဲ့ ငလျင်လှုပ်မှုနဲ့ ဆူနာမီဒဏ်တို့ကြောင့် စိတ်မကောင်းဖွယ်ရာ၊ ဝမ်းနည်းဖွယ်ရာတွေ တစ်လှေကြီး ကြုံတွေ့ခဲ့ရပါတယ်။ သေသူသေ၊ ဒုက္ခရောက်သူရောက်နဲ့ အပူလုံးကြွပြီး ယူကြုံးမရ ဖြစ်ခဲ့ရပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ ဂျပန်နိုင်ငံမှာ နျူကလီးယားဓာတ်ပေါင်းဖိုတွေလည်း ရှိနေလေတော့ ပိုမိုကြီးမားတဲ့ ဘေးအန္တရာယ်နဲ့တောင် ရင်ဆိုင်ခဲ့ရပါတယ်။ နျူကလီးယားဓာတ်ပေါင်းဖိုတွေထဲမှာမှ ဖူကူရှီးမားနျူကလီးယားဓာတ်ပေါင်းဖို မတော်တဆဖြစ်တဲ့အခြေအနေနဲ့လည်း ကြုံတွေ့ခဲ့ကြပါသေးတယ်။ အဲဒီလို ဒုက္ခတွေနဲ့ မကင်းတဲ့သူတွေကို ဂျပန်နိုင်ငံကို အလည်အပတ်ရောက်ရှိလာတဲ့ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က တွေ့ဆုံခဲ့ပြီး အားပေးနှစ်သိမ့်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီ ၂၀၁၁ ခုနှစ်ကို ကပ်ဘေးသုံးခု ရင်ဆိုင်ကြုံတွေ့ရတဲ့ နှစ်တစ်နှစ်အဖြစ် သမုတ်ခဲ့ကြသလို အတိတ်ရဲ့ သုံးပွင့်ဆိုင်ဘေးအန္တရာယ်အကြောင်းတွေကို ပြန်ပြောင်းပြီး တင်ပြပေးသွားမှာ ဖြစ်ပါတယ်။



၂၀၁၁ ခုနှစ်က ဖြစ်ပွားခဲ့သော အင်အားပြင်းငလျင်လှုပ်ပြီးနောက် ဆူနာမီဖြစ်ပေါ်ခဲ့ရာ အပျက်အစီးများကို တွေ့ရစဉ်။

### ဆူနာမီလှိုင်းတွေက ဝါးမြို

၂၀၁၁ ခုနှစ် မတ်လ ၁၁ ရက်မှာ လှုပ်ခဲ့တဲ့ ငလျင်ကြောင့် လူပေါင်း ၁၆၀၀၀ နီးပါး သေဆုံးခဲ့ပြီး လူ ထောင်သောင်းပေါင်းများစွာ အိုးပစ်အိမ်ပစ် ထွက်ပြေးခဲ့ကြရပါတယ်။ အဲဒီနေ့ရဲ့ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၆ မိနစ်မှာ ဂျပန်နိုင်ငံ မီယာဂီစီရင်စုရဲ့ အရှေ့ဘက် မိုင် ၈၀ လောက်အကွာ ကီလိုမီတာ ၁၃၀ လောက်မှာ ပစိဖိတ်ပင်လယ်ကြမ်းပြင်ကို ဗဟိုပြုပြီး ပြင်းအား ၉ ဒသမ ၀ အဆင့်ရှိတဲ့ ငလျင်ကြီးတစ်ခု လှုပ်သွားခဲ့ပါတယ်။ ငလျင်ကြီးကြောင့် အမြင့် ၁၆ ဒသမ ၇ မီတာ (၅၄ ဒသမ ၈ ပေ)လောက်ရှိတဲ့ လှိုင်းလုံးကြီးတွေဟာ ဒေသခံတွေကို ဆွဲငင်ယူဆောင်သွားကြသလို အိမ်တွေကိုလည်း ဖျက်ဆီးခဲ့ပြီး ကွန်ကရစ်တိုက်တွေကိုလည်း ဝါးမြိုလိုက်ကြပါတော့တယ်။

ငလျင်လှုပ်ပြီး သိပ်မကြာခင်မှာပဲ ဆူနာမီလှိုင်းတွေဟာ ဖူကူရှီးမား ဒိုင်အိချီနျူကလီးယားဓာတ်ပေါင်းဖိုအပါအဝင် ပင်လယ်ကမ်းရိုးတန်းဒေသတွေကို လွှမ်းခြုံသွားကြပါတော့တယ်။ အဲဒီဖူကူရှီးမား နျူကလီးယားဓာတ်ပေါင်းဖိုကို တိုကျိုလျှပ်စစ်စွမ်းအင် (တပ်ကို)က စီမံခန့်ခွဲလည်ပတ်ခဲ့တာဖြစ်ပါတယ်။ ဖူကူရှီးမားနျူကလီးယားဓာတ်ပေါင်းဖိုရဲ့ စွမ်းအင်ထောက်ပံ့ရေးနဲ့ အအေးပေးစနစ်တို့ဟာ လုံးဝပျက်စီးသွားခဲ့ပြီး အကျိုးဆက်အားဖြင့် နျူကလီးယားဓာတ်ပေါင်းဖို ခြောက်လုံးရှိတဲ့အနက် သုံးလုံးဟာ အပူလွန်ကာ အရည်ပျော်ကျသွားခဲ့ပါတယ်။ အစိုးရကလည်း အဲဒီကိစ္စဖြစ်ပြီးပြီးချင်း ၃ ကီလိုမီတာအတွင်းမှာရှိတဲ့ ဒေသခံတွေကို အလျင်အမြန်ရွှေ့ပြောင်းမှုတွေ လုပ်ဆောင်ဖို့ ဆော်ဩခဲ့ရသလို နျူကလီးယားဖိတ်စဉ်မှုမှ ရှောင်လွှဲနိုင်ရန် အိမ်ထဲတွင်သာ နေထိုင်ကြဖို့ တိုက်တွန်းပြောကြားခဲ့ပါတယ်။

### စိမ့်ထွက်ယိုစီးမှုတွေ ဆက်ဖြစ်

နောက်ရက်တွေမှာတော့ ရွှေ့ပြောင်းမှုလုပ်ဆောင်ဖို့ တိုက်တွန်းနှိုးဆော်မှုတွေဟာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာခဲ့ပါတယ်။ အဲဒီလိုလုပ်ဆောင်မှုနဲ့ ပတ်သက်ပြီး အစိုးရရဲ့ တုံ့ပြန်မှုဟာ နှေးကွေးပြီး ရှုပ်ထွေးမှုတွေဖြစ်စေတယ်လို့ဆိုကာ ပြည်သူတွေက အစိုးရကို ပြစ်တင်ခဲ့ကြပါတယ်။ နျူကလီးယားစက်ရုံအလုပ်သမားတွေဟာ အခြေအနေကို ထိန်းသိမ်းဖို့ အသည်းအသန်ကြိုးစားခဲ့သော်လည်း နောက်ဆုံးမှာတော့ ဘယ်လိုမှ မတတ်နိုင်ဘဲ လက်လျှော့ခဲ့ရပါတယ်။

မတ်လ ၁၂ ရက်မှာ စက်ရုံမှာရှိတဲ့ ကျန်ရှိတဲ့ နျူကလီးယားဓာတ်ပေါင်းဖိုရဲ့ လေဝင်လေထွက်ပေါက်ကို ဖွင့်ပေးဖို့ လိုအပ်လာပါတယ်။ အဲဒီလိုဖွင့်ပေးလိုက်တဲ့အတွက် ရေဒီယိုသတ္တိကြွပစ္စည်းတွေဟာ စိုက်ပျိုးမြေအတော်များများနဲ့ စက်မှုဇုန်ဧရိယာပါမကျန် ပစိဖိတ်ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဖုံးလွှမ်းသွားပါတော့တယ်။ တစ်နေ့တည်းမှာပဲ နျူကလီးယားဓာတ်ပေါင်းဖို ၁ မှာ ဟိုက်ဒရိုဂျင်ပေါက်ကွဲမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ အဲဒီပေါက်ကွဲမှုဟာ နျူကလီးယားဓာတ်ပေါင်းဖို ၃ ပေါက်ကွဲပြီး နှစ်ရက်အကြာမှာ ဖြစ်ပွားခဲ့တာ ဖြစ်ပါတယ်။ မတ်လ ၁၅ ရက်မှာတော့ နျူကလီးယားဓာတ်ပေါင်းဖို ၄ ဟာလည်း ပေါက်ကွဲခဲ့ပါတော့တယ်။ အဲဒီလိုပေါက်ကွဲမှုတွေ ဖြစ်ပွားခဲ့တာတောင် နျူကလီးယားဓာတ်ပေါင်းဖိုတွေဟာ အတော်ကလေး ပကတိအနေအထားအတိုင်း ကျန်ရှိနေခဲ့ပါတယ်။ သို့သော်လည်း ရေဒီယိုသတ္တိကြွပစ္စည်းတွေဟာ ဆက်လက်ပြီး စိမ့်ထွက်ယိုစီးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။

> “နိုင်ငံတော်အဆင့်နဲ့ ဒေသအဆင့် အစိုးရတွေက ရေဒီယိုသတ္တိကြွပစ္စည်းတွေကို ဖယ်ရှားနေကြပြီဖြစ်ပါတယ်။ ထို့အတူ ပြောင်းရွှေ့သွားသူတွေ ပြန်လည်အခြေချရေး အပေါ်ယံမြေလွှာတွေကို ဖယ်ရှားခြင်း၊ လမ်းများကို ရှင်းလင်းခြင်း၊ အိမ်များကို ရှင်းလင်းထားခြင်း စတဲ့ကြိုးစားမှုတွေကို လုပ်ဆောင်နေကြသော်လည်း လူတွေက ပြန်လည်အခြေချဖို့ဆိုတာ အတော်လေးစဉ်းစားနေကြ”

### တင်းကျပ်တဲ့စစ်ဆေးမှုတွေ လုပ်ဆောင်

မတ်လ ၁၆ ရက်မှာ ဘုရင် အာကီဟီတိုဟာ ပြည်သူလူထုတွေရဲ့ စိတ်ကို အားပေးနှစ်သိမ့်ဖို့အတွက် ရုပ်မြင်သံကြားကတစ်ဆင့် မိန့်ခွန်းပြောကြားခဲ့ပါတယ်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလမှာ နျူကလီးယားဓာတ်ပေါင်းဖိုတွေကို ရေဒီယိုသတ္တိကြွမှုတွေ သိသိသာသာလျှော့ချဖို့အတွက် စိတ်ချရတဲ့ ပိတ်နည်းနဲ့ ပိတ်မယ်လို့ ပြောခဲ့ပါတယ်။

ငလျင်၊ ဆူနာမီ၊ နျူကလီးယားဓာတ်ပေါင်းဖိုတွေရဲ့ ဘေးအန္တရာယ်တွေကြောင့် လူပေါင်း ၁၅၈၉၈ ဦး သေဆုံးခဲ့ပြီး ၂၅၃၁ ဦး ပျောက်ဆုံးခဲ့ပါတယ်။ ဖူကူရှီးမားနျူကလီးယားဘေးဒုက္ခကြောင့်ချည်း သေဆုံးခဲ့သူ တစ်ဦးတစ်ယောက်မျှ မရှိခဲ့သော်လည်း သုံးပွင့်ဆိုင်ဘေးဒုက္ခနဲ့ ကြုံတွေ့ခဲ့တဲ့ လူပေါင်း ၃၇၀၀ ဟာ နောက်ပိုင်းမှာ စိတ်ဖိစီးမှုတွေ၊ သွေးတိုးမှုတွေအပါအဝင် ရှုပ်ထွေးလှတဲ့ ကိစ္စတွေကြောင့် သေဆုံးခဲ့ကြပါတယ်။ လူပေါင်း ၄၇၀၀၀၀ ဟာ သုံးပွင့်ဆိုင်ဘေးဒုက္ခရဲ့ ပထမရက်တွေမှာ သူတို့ရဲ့ အိမ်တွေကို ပစ်ပြေးပြီး ခိုလှုံရာအသစ်ကို ရှာဖွေခဲ့ကြပါတယ်။ ယနေ့အချိန်အထိ လူပေါင်း ၅၀၀၀၀ ခန့်ဟာ ယာယီခိုလှုံရာနေရာတွေမှာပဲ နေထိုင်နေရတုန်းရှိပါသေးတယ်။ သုံးပွင့်ဆိုင်ဘေးဒုက္ခဖြစ်ပြီး ရှစ်နှစ်ရှိခဲ့ပေမယ့်လည်း စေတနာရှင်လုပ်အားပေးတွေဟာ ပစိဖိတ်အရှေ့မြောက်ပိုင်းကို လာရောက်ပြီး ပျောက်ဆုံးသွားတဲ့သူတွေကို ဆက်လက်ရှာဖွေလျက်ရှိပါသေးတယ်။

အစိုးရနဲ့ တပ်ကိုကုမ္ပဏီက ဖူကူရှီးမားစက်ရုံကို ပိတ်သိမ်းဖို့ ဆယ်စုနှစ် လေးစုလောက် အချိန်ယူရဦးမှာဖြစ်တယ်လို့ ပြောပါတယ်။ ဒေသခံတွေဟာ ပျက်စီးသွားတဲ့ လယ်ယာမြေတွေ၊ မွေးမြူရေးလုပ်ငန်းတွေ၊ ငါးကန်တွေကို စွန့်ခွာခဲ့ကြပါတယ်။ တစ်ချိန်က ဒေသထွက်ကုန်တွေဟာ အခုအခါမှာတော့ တင်းကျပ်တဲ့ စစ်ဆေးမှုတွေ လုပ်ဆောင်နေရပြီဖြစ်သလို ပိတ်ပင်တဲ့အထိတောင် လုပ်ဆောင်လာကြပြီ ဖြစ်ပါတယ်။

### သုံးပွင့်ဆိုင်ဘေးဒုက္ခရဲ့ ဆိုးကျိုး

နိုင်ငံတော်အဆင့်နဲ့ ဒေသအဆင့် အစိုးရတွေက ရေဒီယိုသတ္တိကြွပစ္စည်းတွေကို ဖယ်ရှားနေကြပြီ ဖြစ်ပါတယ်။ ထို့အတူ ပြောင်းရွှေ့သွားသူတွေ ပြန်လည်အခြေချရေး အပေါ်ယံမြေလွှာတွေကို ဖယ်ရှားခြင်း၊ လမ်းများကို ရှင်းလင်းခြင်း၊ အိမ်များကို ရှင်းလင်းထားခြင်း စတဲ့ကြိုးစားမှုတွေကို လုပ်ဆောင်နေကြသော်လည်း လူတွေက ပြန်လည်အခြေချဖို့ဆိုတာ အတော်လေးစဉ်းစားနေကြပါတယ်။

ယခင်ဒေသခံတွေ အထူးသဖြင့် ငယ်ရွယ်တဲ့ မိသားစုတွေဟာ ဖူကူရှီးမားစက်ရုံနဲ့ နီးတဲ့ဒေသတွေကို လာရောက်အခြေချဖို့ မရွေးချယ်ကြတော့ဘဲ တခြားဒေသတွေမှာသာ အဆင်ပြေသလို နေထိုင်သွားကြဖို့ ရှိနေကြပါတယ်။ သူတို့တွေဟာ နောက်ဆက်တွဲ ဘေးအန္တရာယ်တွေကို အတော်စိုးထိတ်နေကြပါတယ်။ ဟုတ်လည်း ဟုတ်ပါတယ်။ နောက်ဆက်တွဲဖြစ်ပေါ်လာမယ့် ဘေးအန္တရာယ်တွေက ဘယ်လောက်ထိ ဆိုးရွားလာမလဲ၊ ဘာတွေဆက်ဖြစ်လာမလဲဆိုတဲ့အပေါ် ဘယ်သူမှ စိတ်ချလက်ချ ရွေးချယ်ပြီး နေထိုင်ရဲမှာ မဟုတ်ပါဘူး။

အဲဒီလို သုံးပွင့်ဆိုင်ဘေးဒုက္ခတွေဖြစ်ပြီးတဲ့နောက်မှာ ဂျပန်နိုင်ငံမှာရှိတဲ့ တခြားနျူကလီးယားစက်ရုံတွေကို ယာယီပိတ်ခဲ့ရတဲ့အပေါ် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးကတော့ အမြန်ပြန်ဖွင့်ဖို့ တိုက်တွန်းလျက်လည်းရှိပါတယ်။ ပြည်သူလူထုရဲ့ တင်းကျပ်တဲ့ ခုခံဆန့်ကျင်မှုတွေကြောင့် အခုအခါမှာတော့ လက်တစ်ဆုပ်စာလောက်သော နျူကလီးယားစက်ရုံတွေကိုသာ ပြန်လည်စတင်နိုင်ခဲ့ပါတယ်။ သုံးပွင့်ဆိုင်ဘေးဒုက္ခတွေဖြစ်ခဲ့တာ ရှစ်နှစ်တိုင်တိုင်ကြာခဲ့ပါပြီ။ ဒါပေမယ့်လည်း သူ့ရဲ့ ဆိုးရွားလှတဲ့အကျိုးဆက်တွေကို လူတွေ ဆက်ပြီး စိုးရွံ့ထိတ်လန့်လျက်ရှိတုန်းပါလို့ တင်ပြလိုက်ရပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင် တမူးခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**တမူး နိုဝင်ဘာ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူတို့သည် ယနေ့နံနက်ပိုင်းက တမူးမြို့ပေါ်ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

တမူးမြို့ပေါ် ဈေးတန်း(၈) ရပ်ကွက်ရှိ စက်ရောင်ဘီလူးခန်းမ အကြီးစားပြင်ဆင်မှုရှိရေးနှင့် တမူးမြို့ကားဝင်းတွင် တည်ဆောက်နေသည့် ယာဉ်အသင်းဂိတ်အဆောက်အအုံဆောက်လုပ်နေမှု၊ ယာဉ်ရပ်နားစခန်း တည်ဆောက်နေမှုတို့အား ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေးနှင့် အမြန်ပြီးစီးရေးတို့ကို အလေးထားဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားသည်။

မြို့မရပ်ကွက်ရှိ နယ်စပ်ကုန်သွယ်ရေး ကုန်သည်ကြီးများအသင်းရုံးဒေသထွက်ကုန်စည်ပြပွဲသို့ ရောက်ရှိပြီးပြပွဲတွင် အာဆီယံ ၁၀ နိုင်ငံမှ သံအမတ်ကြီးများအား ခင်းကျင်း ပြသထားသော အိမ်တွင်းမှု အသုံးအဆောင်ပစ္စည်းမျိုးစုံ၊ အထည်အလိပ်များ၊ အထင်ကရတန်ခိုးကြီးဘုရားများ၊ တည်းခိုခန်းများ၊ သွားလာလည်ပတ် လေ့လာစရာနေရာမျိုးစုံပါရှိသော မှတ်တမ်းဓာတ်ပုံပြခန်းများ၊ သနပ်ခါးတန်ဖိုးမြှင့်ထုတ်ကုန်များ၊ ပရိဘောဂပစ္စည်းများ၊ အမှတ်တရပစ္စည်းများ၊ ဂီတာများ၊ ကျောက်ပန်းချီနှင့် ကျောက်မျက်ရတနာများ စသည့်ဒေသထွက်ကုန်ပစ္စည်းမျိုးစုံ အရောင်းပြခန်းတို့ကို ကြည့်ရှုအားပေးပြီး **(အောက်ပုံ)** ဒေသထွက်ကုန် ပစ္စည်းများနိုင်ငံတကာသို့ အဆင့်မြှင့် တင်ပို့ဆောင်နိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တမူးမြို့ ခုတင် ၁၀၀ ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံဝင်းအတွင်း ဆောက်လုပ်လျက်ရှိသော အရာထမ်းဝန်ထမ်းအိမ်ရာ လေးခန်းတွဲ လေးထပ်ဆောက်လုပ်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးနှင့် အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

**ထွန်းကိုကို(ယင်းမာပင်)**





တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ဗုဒ္ဓမြတ်စွယ်တော်အား ပင့်ဆောင်ပေးစဉ်။

# မြသိန်းရုံဗုဒ္ဓမြတ်စွယ်တော်နှင့် နှစ်ကျိပ်ရှစ်ဆူဘုရား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်တက်ရောက်ကြည်ညို

**ဇီးကုန်း နိုဝင်ဘာ ၂၅**
(၃၆)ကြိမ်မြောက် မြသိန်းရုံဗုဒ္ဓမြတ်စွယ်တော်နှင့် နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်အပူဇော်ခံပွဲကို ယမန်နေ့က ဇီးကုန်းမြို့ မြသိန်းရုံစွယ်တော်မြတ်စေတီမြို့လယ်သံဓမ္မာရုံ၌ ကျင်းပသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းပေးပြီးနောက်အလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းမြင့်က ယာယီအပူဇော်ခံပလ္လင်ထက်မှ ဗုဒ္ဓမြတ်စွယ်တော်အားစတင်ပင့်ဆောင်ကာ တိုင်းဒေ သကြီးဝန်ကြီးချုပ်က ဆက်လက်ပင့်ဆောင်ပေးသည်။

အဆိုပါ စွယ်တော်နှင့် နှစ်ကျိပ်ရှစ်ဆူဘုရားများ၊ ဒေဝါဝင်းရာဇာဝင်းအဖွဲ့များ၊ ဓာတ်နိပါတ်တော်များ၊ ဖျော်ဖြေရေးကားများဖြင့် ဇီးကုန်းမြို့အတွင်းသို့စတင်လှည့်လည်ပူဇော်ခံရာ အနယ်နယ်အရပ်ရပ်မှ ပြည်သူများက ဖူးမြော်ကြပြီး အလှူငွေများ ထည့်ဝင်ကုသိုလ်ယူကာ စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**

# ပွင့်ဖြူမြို့၌ ကျင်းပသည့် သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက် ပူဇော်ကန်တော့

**ပွင့်ဖြူ နိုဝင်ဘာ ၂၅**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့အခြေခံပညာအထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ယူခဲ့ကြသည့် ကျောင်းသားကျောင်းသူဟောင်းများအဖွဲ့မှ ကြီးမှူးကျင်းပသည့် သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ယမန်နေ့က ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ယာယီမဏ္ဍပ်၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို တက်ရောက်ပူဇော်ကန်တော့ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့်အဖွဲ့၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူဟောင်းများနှင့် ဖိတ်ကြားထားသူများက အသက်(၆၀)ပြည့် အပူဇော်ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ခဲ့ကြသည်။

ယင်းနောက် အပူဇော်ကန်တော့ခံ ဆရာကြီးဆရာမကြီးများ ကိုယ်စား ဆရာကြီး ဦးမိုးချစ်နှင့် ဆရာမကြီး ဒေါ်လှလှတို့က ဆုံးမဩဝါဒစကားများပြောကြားကာ ကျောင်းသားကျောင်းသူဟောင်းများနှင့် ဖိတ်ကြားထားသူများက အသက် ၆၀ ပြည့်နှစ် အပူဇော်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးစုစုပေါင်း ၁၃၉ ဦးကို ကန်တော့လက်ဆောင်ပစ္စည်းများဖြင့် တစ်ဦးချင်းစီအား ပူဇော်ကန်တော့ခဲ့ကြသည်။ **(ယာပုံ)**

**ရဲဝင်းနိုင်(ညောင်ဦး)**



# မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အေးဇံ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ကျိုက်မရော နိုဝင်ဘာ ၂၅**
မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံသည် ပြည်နယ်ဝန်ကြီးများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့က ကျိုက်မရောမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



**ဒေသခံပြည်သူများနှင့်တွေ့ဆုံ**

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျိုက်မရောမြို့နယ် ရေပူ၊ ကော့စပ်ကျေးရွာ လမ်းခင်းခြင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားခဲ့သည်။ မရင်းကုန်းကျေးရွာ ကျေးလက်လမ်းခင်းခြင်း ဆောင်ရွက်နေမှုအားကြည့်ရှုပြီး ကြခတ်ကုန်းကျေးရွာရှိ ကြံစိုက်ပျိုးရေးစီမံကိန်း ရှင်းလင်းဆောင်၌ ချက်ကြံစိုက်ပျိုးထားမှုများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးကာ လိုအပ်သည်များကို မှာကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ချို့မြတ်မြတ်ထွေး( ကျိုက်မရော)**

# ရှမ်းပြည်နယ်၌ လားဟူဓမ္မတက္ကသိုလ်ဖွင့်လှစ်

**ကျိုင်းတုံ နိုဝင်ဘာ ၂၅**
ငွေကျပ်သိန်း ၆၀၀၀ ကျော် ကုန်ကျသည့် ဓမ္မကျမ်းစာများ သင်ကြားပို့ချပေးသည့် လားဟူဓမ္မတက္ကသိုလ် ကျမ်းစာသင်ကျောင်းကို ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် လွယ်မွေကျေးရွာအုပ်စု ပန်ဝိုင်(အထက်)ရွာ၌ နိုဝင်ဘာ ၂၄ ရက်က ဖွင့်လှစ်ခဲ့သည်။ အခမ်းအနားကို ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာ အောင်သန်းမောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွှန့်လွင်၊ လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသပ်၊ လားဟူဓမ္မတက္ကသိုလ် ကျောင်းအုပ်ကြီး သိက္ခာတော်ရ ဒေါက်တာနာသန်ဖန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး၊ လားဟူတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးတို့က အမှာစကားပြောကြားသည်။ လားဟူဓမ္မတက္ကသိုလ်တွင် တစ်နိုင်ငံလုံးမှ နှစ်ခြင်းခရစ်ယာန်များကို လက်ခံသွားမည်ဖြစ်ပြီး တက္ကသိုလ်ကို မြန်မာတစ်နိုင်ငံလုံးရှိ နှစ်ခြင်းခရစ်ယာန်ကျောင်းပေါင်း ၄၀၀ ခန့်မှ အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ကျောင်းအုပ်ကြီး ဒေါက်တာနာသန်ဖန်းက ပြောသည်။

" အကျယ် ၃၄ပေ၊ အလျား ပေ ၃၀၀ ရှိပါတယ်။ အခန်းပေါင်း ၁၃ခန်းရှိပါတယ်။ စာကြည့်တိုက်လည်း ရှိပါတယ်။ ကျောင်းသားပေါင်း ၂၀၀ ကျော် ပညာဆည်းပူးနေပါတယ်" ဟု ၎င်းက ပြောသည်။ ယခုလို ဓမ္မတက္ကသိုလ်တည်ထောင်ဖွင့်လှစ်ခြင်းမှာ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ပထမဆုံးအကြိမ်ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# မုံရွာ (ညောင်ပင်ကြီး)ပုလဲ-ဂန့်ဂေါ-ဟားခါး ကားလမ်း ချင်းပြည်နယ်လမ်းဦးစီးဌာနက တာဝန်ယူပြုပြင်နေ

**ရန်ကုန် နိုဝင်ဘာ ၂၅**

မုံရွာ(ညောင်ပင်ကြီး)ပုလဲ-ဂန့်ဂေါ-ဟားခါးကားလမ်းသည် မုံရွာ (ညောင်ပင်ကြီး) မှ ဟားခါးအထိ ၆၃ ဒသမ ၅၇ ကီလိုမီတာရှိပြီး မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်ကို ဆက်သွယ်ထားသော လမ်းဖြစ်ပြီး ပြည်ထောင်စုအစိုးရက စီမံခန့်ခွဲသည်။

လမ်း၏ နောက်ခံသမိုင်းမှာ ၁၉၇၇ - ၁၉၇၈ ခုနှစ်အတွင်းက ကျေးရွာလူထု လုပ်အားများဖြင့် စတင်ဖောက်လုပ်ခဲ့ပြီး ၁၉၈၂-၁၉၈၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရက စက်ယန္တရားကြီးများဖြင့် လမ်းကို ဆက်လက် ဖောက်လုပ်ပေးခဲ့ရာ ၁၉၈၃ - ၁၉၈၄ ဘဏ္ဍာနှစ်တွင် မြေသားလမ်းအဖြစ် ဖောက်လုပ်ပြီးစီးခဲ့သည်။



မုံရွာ(ညောင်ပင်ကြီး)ပုလဲ-ဂန့်ဂေါ-ဟားခါး လမ်းတစ်နေရာကို တွေ့ရစဉ်။

ထို့နောက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၈-၂၀၁၉ မီနီ (၆) လဘဏ္ဍာနှစ်အထိ ရှစ်နှစ်အတွင်း ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၄၃၁၈၁ ဒသမ ၅၆၁ သန်းသုံးစွဲ၍ အဆင့်မြှင့်တင်ခဲ့ရာ လမ်းမိုင်အားလုံး ကွန်ကရစ်နှင့်ကတ္တရာအဆင့်ရောက်ရှိသွားပြီဟု သိရသည်။

**ခရမ်းစိုးမြင့်**

# ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်များငှားရမ်းပေးခြင်း ဆောင်ရွက်

**ကွန်ဟိန်း**

ရှမ်းပြည်နယ်တောင်ပိုင်း ကွန်ဟိန်းမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့နယ်စာရင်းရုံးနှင့်



အိမ်တွင်းမှုသင်တန်းကျောင်းများသို့ သွားရောက်သည်။ (ဝဲပုံ)

အဆိုပါ ဆောင်ရွက်မှုတွင် သုတ/ရသစာအုပ်များကို စာဖတ်သူများ လက်ဝယ်အရောက်ငှားရမ်းပေးခဲ့ပြီး အပတ်စဉ်သွားရောက်လဲလှယ်ပေးခြင်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပြည့်စန္ဒီမြင့် (ပြန်/ဆက်)**

**ချောင်းဆုံ**

မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ပူးပေါင်းပြီး ရွှေ့လျားစာကြည့်တိုက်လုပ်ငန်းများ အရှိန်အဟုန်မပျက် စာဖတ်ရှိန်မြှင့်တင်ရေးဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၅ ရက်က ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် ချောင်းဆုံမြို့နယ်ရှိ အခြေခံပညာကျောင်းသုံးကျောင်းနှင့် ကျေးရွာသုံးရွာရှိ စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ငှားရမ်းပေးလျက် ရှိပြီး အခမဲ့ ငှားရမ်းပေးသည့် စာအုပ်စာစောင်များမှာ ကလေးစာပေများ၊ ရုပ်ပြပုံပြင်များ၊ ပညာရပ်ပိုင်းဆိုင်ရာ သုတစာအုပ်များကို နှစ်ပတ်လျှင် တစ်ကြိမ်လဲလှယ်ငှားရမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထူးအိမ် (ပြန်/ဆက်)**

# မန္တလေး၌ ကျင်းပမည့် လူမှုစီးပွားပွဲလမ်းများ

## လူငယ်နှင့် မြန်မာ့ယဉ်ကျေးမှု ပြည်သူ့စကားဝိုင်း

လူငယ်နှင့် မြန်မာ့ယဉ်ကျေးမှု ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို မန္တလေးမြို့ အမရပူရမြို့နယ်ရှိ အ.ထ.က (အမှတ်-၂၊ ပင်မအလုပ်ရုံ လျှပ်/စက် ) ကျောင်းခန်းမ၌ နိုဝင်ဘာ ၂၆ ရက်တွင် ကျင်းပသွားမည် ဖြစ်သည်။ အဆိုပါပြည်သူ့စကားဝိုင်းတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ဆွေ၊ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သင်းသင်းအေး၊ စာရေးဆရာနေဝင်းမြင့်နှင့် မြို့မိမြို့ဖ ဦးတင်ထွဋ်တို့က ဦးဆောင်ဆွေးနွေးသွားမည်ဖြစ်သည်။

## တိုင်းဒေသကြီး (သို့) ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေအား လေ့လာ သုံးသပ်ခြင်း စကားဝိုင်းဆွေးနွေးပွဲ

တိုင်းဒေသကြီး (သို့) ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေအား လေ့လာသုံးသပ်ခြင်း စကားဝိုင်းဆွေးနွေးပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းနှင့်(၇၁)လမ်းထောင့်ရှိ မန္တလေးကွန်ဗင်းရှင်းစင်တာ၌ နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

## စားသောက်ကုန် ထုတ်လုပ်နည်းပညာသင်တန်း

မန္တလေးမြို့တွင် စားသောက်ကုန်များ ကိုယ်ပိုင်စီးပွားဖြစ် ထုတ်လုပ်ရောင်းချလိုသူများအတွက် စားသောက် ကုန်ထုတ်လုပ်နည်းပညာ သင်တန်းကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၄၁လမ်း၊၈၆လမ်းနှင့် ၈၇ လမ်းကြားရှိ တိုင်းဒေသကြီးအသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး၌ နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၆ ရက် အထိ နေ့စဉ် နံနက် ၉ နာရီ မှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

## ကျောက်ကပ်အစားထိုးခြင်းအကြောင်း သိကောင်းစရာများ ဆွေးနွေး

ကျောက်ကပ်အစားထိုးခြင်းအကြောင်း သိကောင်းစရာများ ဆွေးနွေးဟောပြောပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ဟိုတယ်မန္တလေး၌ နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်သည်။

## ဒစ်ဂျစ်တယ် အနာဂတ်နှင့် အခွင့်အလမ်း ဆွေးနွေးဟောပြောပွဲ

ဒစ်ဂျစ်တယ် အနာဂတ်နှင့် အခွင့်အလမ်းခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောပွဲကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဘူတာကြီးအပေါ်ထပ်ရှိ ဟိုတယ်မာဘယ်၌ နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

## မဟာအောင်မြေမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များဖလား ကျို့ခ်ရှင်းကရာတေးပြိုင်ပွဲ

မဟာအောင်မြေမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များဖလား ကျို့ခ်ရှင်းကရာတေးပြိုင်ပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မန္တလေးတက္ကသိုလ်မိုးလုံလေလုံအားကစားရုံ၌ ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်) စုစည်းတင်ပြသည်။**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅-၁၁-၂၀၁၉

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၇၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၇၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၇၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၀၈၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၉၀/၉၇၀ ကျပ် | ၉၆၅/၉၈၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၀၀/၉၈၅ကျပ် | ၉၈၀/၁၀၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀/၈၉၀ ကျပ် | ၉၂၅/၉၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၉၄၀/၉၉၅ ကျပ် | ၁၀၃၅/၁၀၅၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၁၄ . ၆ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၆၉ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၁၀ . ၁ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၄၉ . ၄ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၉၁ . ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၂၈ . ၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၅ . ၂၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၁၂၃ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၂၈ . ၇၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၂ . ၇၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၁၀၃ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၁၅၀၀ | ၂၆၈၁ | ၃၀၈၄၃၀၀၀ |
| MTSH | ၃၅၀၀ | ၃၈၅၀ | ၆၄၆၀ | ၂၅၁၈၃၃၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၁ | ၈၁၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၆၅၈ | ၁၅၁၃၄၀၀၀ |
| TMH | ၂၃၅၀ | ၃၀၀၀ | ၃၄၆ | ၁၀၂၂၅၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | စိုးစိုးနိုင် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt@ gmail.com,

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အာဟာရလည်းပေး ရောဂါလည်းပေးနိုင်သည့် ခရု

မောင်စော(မွေး/ဆေးတက္ကသိုလ်)

ခရုသည် ကျွန်တော်တို့ မြန်မာလူမျိုးများနှင့် မစိမ်းပါ။ "ခရုမှာအဆံ၊ လူမှာအကြံ"၊ "ခရုခါးတောင်းကျိုက်ဖမ်း" စသည့် မြန်မာ့ရိုးရာစကားပုံများကိုလည်း လူတိုင်း ကြားဖူးကြပါသည်။ တောင်ပေါ်တိုင်းရင်းသားတို့၏ နာမည်ကြီးဟင်းလျာတစ်မျိုးဖြစ်သည့် ခရုဆန်လှော် ဟင်းကိုလည်း မြန်မာလူမျိုးများ အတော်ကြိုက်နှစ်သက်ကြ၏။ ခရုကို ဟင်းလျာအဖြစ် ချက်ပြုတ်စားသောက်နိုင်ရုံသာမက ခရုခွံကို အလှအပတန်ဆာဆင်ပစ္စည်းအဖြစ်လည်း အသုံးပြုနိုင်ပါသည်။ သို့သော် ခရုသည် စိုက်ပျိုးရေးအတွက် အဖျက်ပိုးအဖြစ်လည်းကောင်း၊ လူနှင့် တိရစ္ဆာန်များအတွက် ရောဂါသယ်ဆောင်ဖြန့်ဖြူးပေးသူအဖြစ်လည်းကောင်း ဆိုးကျိုးများလည်းပေးနိုင်ပါသည်။

**ခရု၏ သဘာဝ**

ခရုသည် ကမ္ဘာအနှံ့ ပတ်ဝန်းကျင်အနေအထား အမျိုးမျိုးဖြစ်ကြသည့် မြစ်၊ ချောင်း၊ မြောင်း၊ အလွန်နက်ရှိုင်းသည့် ပင်လယ်၊ ကုန်းမြေနှင့် သဲကန္တာရတို့တွင် နေထိုင်ကျက်စားကြပါသည်။ ခရုမျိုးစိတ်ပေါင်း သိန်းဂဏန်းအထိပင် ရှိနိုင်ကြောင်း ပညာရှင်များ ခန့်မှန်းကြသည်။ အချို့ခရုမျိုးစိတ်များသည် အပင်စားသတ္တဝါများဖြစ်ပြီး အချို့သည် အစုံစားသတ္တဝါများဖြစ်ကြသည်။ အရွယ်အစားမှာလည်း အမျိုးမျိုးရှိပါသည်။ အလွန်သေးငယ်သောအရွယ်အစားမှစကာ အချို့အာဖရိကတိုက်ခရုမျိုးသည် ၁၅ လက်မ အရွယ်အထိကြီးပြီး အချို့ပင်လယ်ခရုမျိုးများသည် ၃၅ လက်မအထိပင် ကြီးမားကြကြောင်း လေ့လာသိရှိရပါသည်။ ခရုတစ်ကောင်တွင် အထီးအမအင်္ဂါနှစ်မျိုးစလုံးပါရှိပြီး မိတ်လိုက်၍သော်လည်းကောင်း၊ အလိုအလျောက်သော်လည်းကောင်း မျိုးအောင်ကြသည်။ တစ်ကြိမ်လျှင် ဥပေါင်း ၁၀၀ မှ ၄၀၀ အထိ ဥနိုင်ကြသည်။

**အာဟာရပြည့်ဝသည့် ဟင်းလျာ**


ခရုတွင် ပရိုတိန်း၊ သံဓာတ်၊ ဗီတာမင် B12၊ မဂ္ဂနီဆီယမ်၊ ဆီလီယမ်နှင့် Omega-3 တို့ကြွယ်ဝစွာပါဝင်ပါသည်။ အဆီဓာတ်နည်းပြီး ကိုလက်စထရောပါဝင်မှုနည်းပါးသဖြင့် ကျန်းမာရေးအတွက် အလွန်ကောင်းမွန်ကြောင်း လေ့လာသိရှိရပါသည်။ ကမ္ဘာပေါ်ရှိနိုင်ငံအများအပြားတွင် ခရုကိုဟင်းလျာအဖြစ် စားသုံးကြသည်။ မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများတွင်လည်း ရှေးကတည်းကပင် ခရုကို နည်းအမျိုးမျိုးဖြင့် ချက်ပြုတ်စားသောက်ကြပါသည်။ အာဖရိကနိုင်ငံ အချို့မှာ giant snail ဟုခေါ်သော ခရုကြီးများကိုလည်း စားသုံးနေကြကြောင်း လေ့လာမှတ်သားရပါသည်။ ထို့ကြောင့် အချို့နိုင်ငံများတွင် ခရုမွေးမြူရေးကိုပင် စီးပွားဖြစ် လုပ်ကိုင်နေကြပြီဖြစ်သည်။

**အလှကုန်ပစ္စည်း**

ထိုင်းနိုင်ငံတွင် ခရုမှထွက်ရှိသည့် အကျိအချွဲ ထုတ်ယူသည့် လုပ်ငန်းကြောင့် ဝင်ငွေတိုးလျက်ရှိကြောင်း သတင်းတစ်ပုဒ်ကိုလည်း မကြာမီက ဖတ်လိုက်ရပါသည်။ ခရု၏အကျိအချွဲမှ ကိုလာဂျင်ဓာတ်သည် အနာလိမ်းဆေး၊ နေလောင်ခံအလှဆီ၊ အလှပြင်ဆီပစ္စည်းများကို ဖော်စပ်ရာတွင် အသုံးပြုနိုင်ကြောင်း၊ လယ်သမားတစ်ဦးသည် ခရုကောင်ရေ ၁၀၀၀ မှ တစ်လလျှင် ဒေါ်လာ ၃၂၀ မှ ၆၅၀ အထိပင် ဝင်ငွေရရှိနိုင်ကြောင်း ဖော်ပြထားပါသည်။

**စိုက်ပျိုးရေး၏ အဖျက်ပိုး**

ရွှေခရုသည် မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံအတော်များများ၏ လယ်ယာ စိုက်ပျိုးရေးအတွက် ကြီးမားသော အဖျက်ပိုးအဖြစ် သတ်မှတ်ခံနေရသည်။ အာရှတိုက်သို့ ဟင်းလျာအတွက် အသုံးပြုရန် ယူဆောင်လာကြရာမှ ပျံ့နှံ့လာခြင်းဖြစ်သည်ဟု လေ့လာသိရှိရပါသည်။ ရွှေခရု၏ ဖျက်ဆီးမှုကြောင့် အာရှတိုက်၏ ဆန်စပါးထုတ်လုပ်မှုတန်ဖိုး ဒေါ်လာဘီလီယံနှင့်ချီပြီး ဆုံးရှုံးခံခဲ့ရဖူးကြောင်း၊ မြန်မာနိုင်ငံတွင်လည်း စာရင်းဇယားများအရ ၂၀၁၇ ခုနှစ်တွင် နိုင်ငံတစ်ဝှမ်းလုံး၌ လယ်ဧကသောင်းနှင့်ချီ၍ ဖျက်ဆီးခံခဲ့ရဖူးကြောင်း သိရှိရပါသည်။ ထို့ကြောင့် ခရုသည် စိုက်ပျိုးခင်းကို ဖျက်ဆီးသည့် အဖျက်ပိုးတစ်မျိုးအဖြစ် ဆန်စပါးစိုက်ပျိုးရေးကို ခြိမ်းခြောက်လျက်ရှိသည်။



လူတွင် ကူးစက်မှုဖြစ်ပွားသည့် Schistosome ၏ ဘဝစက်ဝန်း

**လူနှင့် တိရစ္ဆာန်ရောဂါသယ်ဆောင်ဖြန့်ဖြူးသူ**

ကမ္ဘာပေါ်ရှိ ရေချိုခရုမျိုးစိတ်ပေါင်း ၃၅၀ ခန့်သည် ကပ်ပါးပိုးများ၏ ကြားလက်ခံကောင်အဖြစ် ရောဂါသယ်ဆောင်ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ခရုမှတစ်ဆင့် ကူးစက်သော Schistosome ကပ်ပါးပိုးကြောင့် ဖြစ်ပွားသည့် Schistosomiasis ရောဂါကြောင့် အာရှ၊ အာဖရိကနှင့် တောင်အမေရိကတိုက်တို့တွင် နှစ်စဉ်လူပေါင်းသန်း၂၅၀ ခန့် ကူးစက်ခံနေရကြောင်း ပညာရှင်များဖော်ပြထားသည်။ Trematode ခေါ် အဆစ်မပါသည့် သန်ပြားကောင်များသည် ဘဝစက်ဝန်းလည်ပတ်ရန် ရေချိုခရုကို အဓိကကြားလက်ခံကောင်အဖြစ် အသုံးပြုရပါသည်။ ခရုမှတစ်ဆင့် ကူးစက်သည့် Schistosome, Chinese Liver Fluke ရောဂါကိုဖြစ်စေသည့် Clonorchis နှင့် Fasciola စသည်တို့သည် လူကိုကူးစက်မှုအများဆုံး Trematode ကပ်ပါးကောင်များဖြစ်ကြပါသည်။ ယင်းတို့အနက် Schistosome သည် လူကိုကူးစက်မှုအမြန်ဆုံးနှင့် အဆိုးရွားဆုံးဖြစ်သည်။ အချို့ Schistosome ကပ်ပါးပိုး (ဥပမာ Schistosoma japonicum)သည် လူမှာရော ကျွဲ၊ နွားတို့ကိုပါ ကူးစက်မှုဖြစ်ပွားစေသည်။

ခရုကိုယ်တွင်း၌ ပွားများပြီး ထွက်လာသော Schistosome ၏ သားလောင်း Cercaria (အမြီးနှစ်ခွပါ) သည် ရေတွင် ကူးခပ်နေလေ့ရှိသည်။ ထိုကပ်ပါးကောင်၏ သားလောင်းသည် လူနှင့် အခြားသတ္တဝါတို့၏ အရေပြားကို ထိုးဖောက်ဝင်ရောက်ပြီး ရောဂါဖြစ်စေပါသည်။ Schistosomiasis ရောဂါ၏ လက္ခဏာများမှာ ကူးစက်ခံရပြီး နှစ်ပတ်မှ ၁၂ ပတ်အကြာတွင် အရေပြားအဖုအကျိတ်ထွက်လာ၍ ယားယံခြင်း၊ ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်စေခြင်း၊ ဆီးအိတ်၌နေသော မျိုးစိတ်ကြောင့် ဆီးပူ၊ ဆီးအောင့်ခြင်းတို့ကိုဖြစ်စေပြီး ဆီးအိမ်ကင်ဆာကိုပင် ဖြစ်ပွားစေသည်။ Schistosome ကပ်ပါးပိုးသည် မျိုးစိတ်များစွာရှိပြီး လူအပြင် ကျွဲ၊ နွား၊ ဆိတ်၊ ဝက်၊ ကြွက်နှင့် ငှက်မျိုးနွယ်များစသည့် သတ္တဝါတို့တွင်လည်း ရောဂါဖြစ်ပွားသည်ကို တွေ့ရှိရပါသည်။ တိရစ္ဆာန်ကို ရောဂါဖြစ်ပွားစေသည့် Schistosome ၏ cercaria သည်လည်း လူ၏အရေပြားကို ထိုးဖောက်ဝင်ရောက်နိုင်ပြီး အရေပြားကို ယားယံစေနိုင်ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များအရ ရခိုင်ပြည်နယ်တွင် Schistosomiasis ရောဂါ သံသယရှိ လူနာများ ရှိနေကြောင်းထုတ်ပြန်ထားပါသည်။ အင်းလေးဒေသရှိ ရေနှင့် ဆက်စပ်လုပ်ကိုင်သူများ၏ သွေးရည်ကြည်နမူနာများကိုလေ့လာကြည့်ရာ အဆိုပါရောဂါကို တုံ့ပြန်သည့် ပဋိပစ္စည်းများတွေ့ရှိရကြောင်း ဆရာကြီးဒေါက်တာထင်ဇော်စိုး၏ လေ့လာတွေ့ရှိချက်စာတမ်းအရ သိရှိရပါသည်။ Clonorchis ကပ်ပါးကောင်၏ ဘဝစက်ဝန်းတွင်မူ ခရုကို ပထမကြားလက်ခံကောင်အဖြစ် အသုံးပြုပြီး ငါးကိုဒုတိယကြားလက်ခံကောင်အဖြစ် အသုံးပြုပါသည်။ ထိုကပ်ပါးရောဂါကြောင့် လူတွင် ဝမ်းပျက်ဝမ်းလျှောနှင့် ဗိုက်အောင့်ဗိုက်နာခြင်း တို့ကိုဖြစ်စေနိုင်ပါသည်။

Schistosome အပြင် ခရုကြောင့် ကူးစက်နိုင်ပြီး လူကို ဒုက္ခပေးနိုင်သည့် သန်လုံးကောင်တစ်မျိုးမှာ Angiostrongylus ခေါ် ကြွက်၏အဆုတ် သန်ကောင်ဖြစ်ပါသည်။ ကြွက်၏ မစင်တွင် ပါလာသောသန်ဥကို ခရုကစားမိပြီး ကြားလက်ခံကောင်အဖြစ်ဆောင်ရွက်သည်။ ခရုကို မကျက်တကျက် ချက်စားမိပါက သန်ကောင်၏ သားလောင်းသည် လူကိုကူးစက်နိုင်ပြီး ဦးနှောက်အမြှေးရောင်ရောဂါနှင့် အကြောနာကျင် ကိုက်ခဲရောဂါတို့ကိုဖြစ်စေနိုင်ပါသည်။

ခရုကြောင့်ကူးစက်သည့် Trematode ကပ်ပါးတစ်မျိုးဖြစ်သည့် Fasciola (ရွက်သန်/အသည်း ကပ်ပါးပိုး)သည် မြန်မာနိုင်ငံတွင် ဖြစ်ပွားနှုန်းမြင့်မားပြီး မွေးမြူရေး လုပ်ငန်းကို ထိခိုက်မှုမြင့်မားပါသည်။ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ သုတေသနတွေ့ရှိချက်အရ ရှမ်းပြည်နယ်အတွင်း အချို့ဒေသများတွင် မွေးမြူထားသော ကျွဲနွားများ၏ ၁၉-၂၂ ရာခိုင်နှုန်းအထိ Fasciola ကပ်ပါးပိုး ရောဂါစွဲကပ်နေကြောင်း သိရှိရပါသည်။ တက္ကသိုလ်နယ်မြေအနီးရှိ အင်းအိုင်များမှ ကပ်ပါးပိုးသယ်ဆောင်တတ်သည့် ခရုမျိုးစိတ်များကို လေ့လာကြည့်ရာတွင်လည်း ၆၀ ရာခိုင်နှုန်းသော ခရုများသည် Cercaria တစ်မျိုးမျိုးကို သယ်ဆောင်ထားကြကြောင်း တွေ့ရှိရပါသည်။ Fasciola ကပ်ပါးကောင်သည် စားမြုံ့ပြန်သတ္တဝါများဖြစ်ကြသည့် ကျွဲ၊ နွား၊ သိုး၊ ဆိတ်တို့တွင် အဓိကကူးစက်ပြီး ရောဂါဖြစ်စေသည်။

ခရုမှထွက်လာသည့် သားလောင်းအဆင့် Cercaria (အမြီးမခွ) သည် ရေတွင်ကူးခပ်နေပြီး ရေစပ်တွင် ပေါက်ရောက်သော မြက်ပင်၊ကန်စွန်းပင် စသည့်အပင်များတွင် တွယ်ကပ်ကာ metacercaria အရည်အိတ်(cyst) ဖြစ်သွားပါသည်။ ထိုမြက်ပင်နှင့် ကန်စွန်းပင်များကို စားမိရာမှ ကပ်ပါးကောင်၏ သားလောင်းသည် အသည်းသို့ရောက်ပြီး သည်းခြေပြွန်၌ အရွယ်ရောက်အဆင့်သို့ ရောက်ရှိသည်။ အဆိုပါ ကန်စွန်းပင်ကို အစိမ်းစားမိပါက လူကိုလည်းကူးစက်နိုင်ပါသည်။ တိရစ္ဆာန်တို့ကို ဒုက္ခပေးတတ်သည့် အခြား Trematode ကပ်ပါးကောင်မှာ Paramphistome ဖြစ်ပြီး ဘဝစက်ဝန်းလည်ပတ်ပုံမှာ Fasciola နှင့် အတူတူပင်ဖြစ် ပါသည်။ အရွယ်ရောက်အဆင့်ကပ်ပါးကောင်သည် အစာအိမ်နှင့် အူလမ်းကြောင်းတို့တွင် အဓိကနေထိုင်သည်။ ယင်းကပ်ပါးပိုးသည် စားမြုံ့ပြန်သတ္တဝါများတွင်သာမက ဆင်များတွင်လည်း အဖြစ်များလေ့ရှိပါသည်။ သွေးစုပ်လေ့ရှိသဖြင့် တွယ်ကပ်ခံရသည့် ကပ်ပါးကောင်ရေများလွန်းပါက တိရစ္ဆာန်ကို သေစေနိုင်ပါသည်။ တိရစ္ဆာန်တို့တွင် အသုံးများသည့် သန်ချဆေး (ဥပမာ-Ivermectin) ဖြင့် ကုသ၍ မရပါ။ Trematode ကပ်ပါးပိုးများအတွက် သီးသန့်ဖော်စပ်ထားသည့် သန်ချဆေးများဖြင့်သာ ကုသနိုင်သည်။

**ခရုမှတစ်ဆင့်ကူးစက်သည့်ရောဂါများကို ကာကွယ်နှိမ်နင်းနည်းများ**

ခရုကိုနှိမ်နင်းရန် ထုံးဖြူးခြင်း၊ မက်တယ်ဒီဟိုဒ်၊ နီကလိုစမိုက်၊ ကော့ပါးဟိုက်ဒြောဆိုဒ် စသည်တို့ကို ပက်ဖျန်းခြင်းအပြင် ဆေးရွက်ကြီး၊တမာစသည်တို့ကို ပက်ကြဲခြင်းဖြင့် သဘာဝနည်းများကိုလည်း အသုံးပြုနိုင်ပါသည်။ သို့သော် ခရုသတ်ဆေးများ အလွန်အကျွံ အသုံးပြုပါက ရေနေသတ္တဝါနှင့် အခြားသတ္တဝါများကို ထိခိုက်နိုင်ပြီး ဂေဟစနစ်ကိုလည်း ထိခိုက်စေနိုင်ပါသည်။ ဂျပန်နိုင်ငံသည် ၁၉၇၀ ပြည့်နှစ်ကတည်းက ခရုပေါက်ဖွားရာနေရာကို လျှော့ချသောနည်းများဖြင့် ခရုပေါက်ပွားနှုန်းကိုလျှော့ချနိုင်ခဲ့ပြီး Schistosomiasis ရောဂါကိုပါ အမြစ်ပြတ်နှိမ်နင်းနိုင်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။ Schistosomiasis ကဲ့သို့သော ရောဂါဖြစ်ပွားရာဒေသများတွင် ရေကူးခြင်း၊ မြစ်၊ချောင်းများမှ ရေကိုကောင်းစွာ မကျိုချက်ဘဲ သောက်သုံးခြင်းတို့ကို ရှောင်ကြဉ်သင့်ပါသည်။

စိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူများသည်လည်း ကပ်ပါးသားလောင်းများ ခန္ဓာကိုယ်အရေပြားဖောက်ပြီး ဝင်မလာအောင် ကာကွယ်ထားသင့်သည်။ ကပ်ပါးရောဂါများ ကာကွယ်ရန် တစ်ကိုယ်ရေသန့်ရှင်းမှုသည် အရေးအကြီးဆုံးဖြစ်ပြီး ခရုကို ချက်စားလိုပါက ကျက်အောင်ချက်ပြုတ်စားရန်လည်း အရေးကြီးပါသည်။ ရောဂါကူးစက်ခံရသည်ဟု သံသယဖြစ်ပါက အနီးဆုံးကျန်းမာရေးဌာနသို့ သွားရောက်ပြသပြီး ကုသမှုခံယူသင့်ပါသည်။ တိရစ္ဆာန်များတွင်လည်း ခရုမှတစ်ဆင့် ကူးစက်သည့် ရောဂါများအဖြစ်များလေ့ရှိသဖြင့် မွေးမြူရေးတိရစ္ဆာန်များတွင် ရောဂါဖြစ်ပွားလာပါက ကျွမ်းကျင်သည့် တိရစ္ဆာန်ဆေးကုဆရာဝန်နှင့် ပြသကုသသင့်သည်။

နိဂုံးချုပ်အနေဖြင့် ခရုကိုကျက်အောင်ချက်စားခြင်းဖြင့် အာဟာရပြည့်ဝသည့် ဟင်းတစ်ခွက်အဖြစ် ဖန်တီးနိုင်သကဲ့သို့ ခရုသည် လူနှင့် အခြားသတ္တဝါများကို ကောင်းစွာဒုက္ခပေးနိုင်ကြောင်းကိုလည်း သတိပြုသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

> **"ခရုကိုကျက်အောင် ချက်စားခြင်းဖြင့် အာဟာရပြည့်ဝသည့် ဟင်းတစ်ခွက်အဖြစ် ဖန်တီးနိုင်သကဲ့သို့ ခရုသည် လူနှင့် အခြားသတ္တဝါများကို ကောင်းစွာ ဒုက္ခ ပေးနိုင်ကြောင်းကိုလည်း သတိပြုသင့်ပါကြောင်း"**

*တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကို သတင်းစာ၏ မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင် ပါရှိသမျှတို့သည် သက်ဆိုင်ရာ ဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်၏နောက်ကွယ်သို့ “ဝင်”ကြည့်ခြင်း

**— — ဝင်းဇေယျာထွန်း — —**

**သမိုင်းကိုပြန်ကြည့်မယ်ဆိုရင် သဘာဝဘေးအန္တရာယ်များ၊ စစ်ပွဲများ၊ ရောဂါကပ်ဆိုးများအစရှိတဲ့ ဘေးဒုက္ခများကြောင့် ကမ္ဘာပေါ်မှာ မှီတင်းနေထိုင်တဲ့ လူသားများ အကူအညီလိုအပ်ချိန်မှာ မားမားမတ်မတ်ရပ်တည်ပြီး အကူအညီများနဲ့ အကာအကွယ်များ အများဆုံးပေးနိုင်ခဲ့တာ ကုလသမဂ္ဂအဖွဲ့ကြီး (United Nations–UN) ပဲ ဖြစ်ပါတယ်။ ကမ္ဘာ့လူသားများအပေါ် ကုလသမဂ္ဂအဖွဲ့ကြီးက အကျိုးပြုခဲ့တာတွေဟာ စာဖွဲ့လို့ ကုန်နိုင်မှာ မဟုတ်ပါဘူး။ နိုင်ငံတကာ ဆက်ဆံရေး စာမျက်နှာမှာဆိုရင်လည်း ကုလသမဂ္ဂအဖွဲ့ကြီးဟာ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို ထိန်းသိမ်းရင်း အဓိကကဏ္ဍကနေ ပါဝင်ခဲ့တာ နှစ်ပေါင်း ၇၄ နှစ် ရှိခဲ့ပြီ ဖြစ်ပါတယ်။ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ရည်ရွယ်ချက်နဲ့ လုပ်ငန်းဆောင်ရွက်မှု သဘောသဘာဝချင်းဆင်တူတဲ့ နိုင်ငံပေါင်းချုပ်အသင်းကြီး (League of Nations) ရဲ့သက်တမ်းဟာ ၂၆ နှစ် ( ၁၉၂၀ – ၁၉၄၆ ) သာ ရှိခဲ့တဲ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးအပေါ် အဖွဲ့ဝင်နိုင်ငံများက ထားရှိတဲ့ ယုံကြည်ကိုးစားမှုအတိုင်းအတာကို သိရှိနိုင်လောက်ပါတယ်။ ကမ္ဘာ့လူသားများအတွက် ကုလသမဂ္ဂ အဖွဲ့ကြီးဟာ မရှိရင်မဖြစ်တဲ့ လိုအပ်ချက်တစ်ခု ဖြစ်ပါတယ်။**

ကုလသမဂ္ဂအဖွဲ့ကြီး ဘာအကြောင်းကြောင့်အခုလို နှစ်ပေါင်းများစွာ ရပ်တည်လာနိုင်သလဲလို့ မေးမယ်ဆိုရင် အဖွဲ့ကြီးတည်ထောင်ဖို့ချုပ်ဆိုခဲ့တဲ့ ကုလသမဂ္ဂပဋိညာဉ်စာချုပ် ( Charter of the United Nations) ( UN Charter) (ယူအန်ချာတာ) က နိုင်ငံတကာဥပဒေကြောင်း အရ အထောက်အပံ့ပေးနေတာကြောင့် ဖြစ်ပါတယ်လို့ ဖြေချင်ပါတယ်။ ကမ္ဘာ့အခြေအနေများနဲ့ လိုက်လျော ညီထွေမှုရှိအောင် ရေးဆွဲထားတဲ့ ကုလသမဂ္ဂပဋိညာဉ် စာချုပ်သာမရှိခဲ့ရင် ယခင် နိုင်ငံပေါင်းချုပ်အသင်းကြီး မှာလိုပဲ အဖွဲ့ဝင်နိုင်ငံများအကြား အငြင်းပွားမှုတွေ၊ ထိပ်တိုက်ရင်ဆိုင်မှုတွေဖြစ်ပွားပြီး အခုလိုကြာရှည်စွာ ရပ်တည်နိုင်မှာ မဟုတ်ပါဘူး။

လက်ရှိနိုင်ငံတကာဥပဒေလောကမှာ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ဟာ ပြိုင်ဘက်ကင်းတဲ့ နိုင်ငံတကာဥပဒေ တစ်ရပ်ဖြစ်ပြီး အမြင့်မားဆုံးသော အခွင့်အာဏာများကို လည်း ပိုင်ဆိုင်ထားပါတယ်။ နိုင်ငံတကာအရေးကိစ္စ တွေမှာ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ဟာ ကမ္ဘာ့နိုင်ငံများ ရဲ့ အားကိုးစရာဖြစ်သလို တစ်ဖက်မှာလည်း နိုင်ငံများက ၎င်းတို့ရဲ့အကျိုးစီးပွားအတွက် အသုံးချစရာ ကိရိယာ (Tool)တစ်ခု ဖြစ်နေတယ်ဆိုတာကိုလည်း ကုလသမဂ္ဂရဲ့ သမိုင်းစာမျက်နှာမှာ တွေ့ရှိရပါတယ်။ ဒါကြောင့် ကုလ သမဂ္ဂပဋိညာဉ်စာချုပ်ကို ဘယ်လိုအသုံးချမှုတွေ ရှိခဲ့ တယ် ဆိုတာကို ထင်ရှားတဲ့ ဥပမာလေးတွေနဲ့ တင်ပြ လိုတာဖြစ်ပါတယ်။ ယခင် တင်ပြထားတာတွေဟာ မြောက်မြားစွာသော ဖြစ်စဉ်များထဲ တချို့သာ ဖြစ်ပါ တယ်။

## ကုလသမဂ္ဂအဖွဲ့ကြီး၏ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ

ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ ဖွဲ့စည်းပုံနဲ့ လုပ်ငန်းတာဝန် တွေကို သိရှိထားရင် ဆွေးနွေးသွားမယ့် အကြောင်းအရာ တွေကို ပိုမိုပြည့်ပြည့်စုံစုံ သဘောပေါက်နိုင်မှာဖြစ်တဲ့ အတွက် အကျဉ်းတင်ပြလိုပါတယ်။ ကုလသမဂ္ဂကို ဒုတိယကမ္ဘာစစ်ပြီး၁၉၄၅ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ ပါတယ်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်မှာ အချုပ် အခြာ အာဏာပိုင်နိုင်ငံလို့ အသိအမှတ်ပြုထားသော နိုင်ငံပေါင်း ၁၉၅ နိုင်ငံရှိတဲ့အနက် နိုင်ငံပေါင်း ၁၉၃ နိုင်ငံက ကုလသမဂ္ဂအဖွဲ့ဝင်အဖြစ် “ကုလသမဂ္ဂပဋိညာဉ် စာချုပ်”မှာ ပါဝင်လက်မှတ်ရေးထိုးထားပါတယ်။ အဖွဲ့ဝင် အဖြစ်ပါဝင်ခြင်းမရှိတာ ဗာတီကန် ( Holy See) (ပုပ်ရဟန်းမင်းကြီး၏ နယ်မြေ)နဲ့ ပါလက်စတိုင်းတို့ ဖြစ်ပါတယ်။ သူတို့ကို တင်းပြည့်နိုင်ငံတစ်နိုင်ငံအဖြစ် သတ်မှတ်ထားခြင်းမရှိတဲ့အတွက် “ကုလသမဂ္ဂပဋိညာဉ် စာချုပ်”မှာ ပါဝင်လက်မှတ်ရေးထိုးခွင့် မရှိသော်လည်း ကုလသမဂ္ဂလုပ်ငန်းစဉ်တွေမှာ လေ့လာသူအဖြစ် ပါဝင် လျက် ရှိပါတယ်။ တိုင်ဝမ်၊ ကွပ်ကျွန်းစု (The Cook Islands) နဲ့ နေဲရူး (Niue) တို့ကို ၁၉၅ နိုင်ငံ ရေတွက် မှုမှာ ထည့်သွင်းရေတွက်ခြင်း မပြုပါဘူး။

## ကုလသမဂ္ဂ၏ဖွဲ့စည်းပုံ

ကုလသမဂ္ဂကို အောက်ပါအဓိကအစိတ်အပိုင်းကြီး များနဲ့ ဖွဲ့စည်းထားရှိပါတယ်–

(၁) အထွေထွေညီလာခံ (General Assembly)၊
(၂) လုံခြုံရေးကောင်စီ (Security Council)၊
(၃) စီးပွားရေးနှင့်လူမှုရေးကောင်စီ (Economic and Social Council)၊
(၄) လက်အောက်ခံနယ်မြေများ ထိန်းသိမ်းစောင့်ရှောက် ရေးကောင်စီ (Trusteeship Council)၊
(၅) အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice)၊
(၆) အတွင်းရေးမှူးချုပ်ရုံး (Secretariat) စတဲ့ ပင်မ အဖွဲ့အစည်း(၆)ခုနဲ့ ဖွဲ့စည်းထားပါတယ်။

## အထွေထွေညီလာခံ၏လုပ်ငန်းတာဝန်များ

အထွေထွေညီလာခံမှာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ အားလုံးက အဖွဲ့ဝင်အဖြစ် ပါဝင်ပါတယ်။ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်မှာပါဝင်တဲ့ ကိစ္စရပ်များအားလုံးကို အထွေထွေညီလာခံက ကိုင်တွယ်ဆောင်ရွက်ရပါတယ်။ အထွေထွေညီလာခံအနေနဲ့ အခြေခံအားဖြင့် ကိစ္စရပ် တစ်ခုအပေါ် စဉ်းစားဆွေးနွေးခြင်း၊ အဖွဲ့ဝင်နိုင်ငံများရဲ့ သဘောဆန္ဒခံယူရန် မဲခွဲဆုံးဖြတ်ခြင်း၊ အကြံပြုချက်များ (Recommendation) နဲ့ ဆုံးဖြတ်ချက်များ( Resolution) ချမှတ်ခြင်း စတာတွေကို ဆောင်ရွက်ပါတယ်။ အထွေထွေ ညီလာခံရဲ့ အကြံပြုချက်များနဲ့ ဆုံးဖြတ်ချက်များဟာ ဥပဒေပိုင်းဆိုင်ရာ စည်းနှောင်မှု ( Legally binding) မရှိ သော်လည်း လက်ရှိကျင့်သုံးနေတဲ့ နိုင်ငံတကာ ဓလေ့ ထုံးတမ်း(Custom)အရ အဖွဲ့ဝင်နိုင်ငံများအနေနဲ့ လိုက်နာ ဆောင်ရွက်ဖို့ တာဝန်ရှိပါတယ်။

## လုံခြုံရေးကောင်စီ၏ လုပ်ငန်းတာဝန်များ

လုံခြုံရေးကောင်စီရဲ့ အဓိကတာဝန်ကတော့ ကမ္ဘာ့ ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ကုလသမဂ္ဂရဲ့ မူဝါဒများ၊ ရည်ရွယ်ချက်များနဲ့အညီ ထိန်းသိမ်းရေး ဖြစ်ပါတယ်။ လုံခြုံရေးကောင်စီရဲ့ လုပ်ငန်းတွေမှာ ကိစ္စရပ်တစ်ခုဟာ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို ထိခိုက်စေခြင်း ရှိ မရှိ စုံစမ်းစစ်ဆေးဆုံးဖြတ်ခြင်း၊ စစ်ရေး (သို့မဟုတ်) စစ်ရေး မဟုတ်သောနည်းလမ်းများဖြင့် အရေးယူဆောင်ရွက်ခြင်း စတာတွေလည်း ပါဝင်ပါတယ်။ လုံခြုံရေးကောင်စီဟာ ကုလသမဂ္ဂရဲ့ အာဏာအရှိဆုံး အဖွဲ့အစည်းတစ်ရပ်လည်း ဖြစ်ပါတယ်။ လုံခြုံရေးကောင်စီရဲ့အဓိကလုပ်ငန်းတာဝန် (Substantive)နဲ့ သက်ဆိုင်တဲ့ ဆုံးဖြတ်ချက်များ ( ဥပမာ– ပဋိညာဉ်စာချုပ်၊ အခန်း(၇)အောက်က ချမှတ်တဲ့ ဆုံးဖြတ် ချက်..)ဟာ ဥပဒေအရ စည်းနှောင်မှုရှိတဲ့အတွက် အဖွဲ့ဝင်နိုင်ငံ များက မဖြစ်မနေ လိုက်နာရမှာ ဖြစ်ပါတယ်။ တချို့သော လုပ်ရိုးလုပ်စဉ်ရုံးလုပ်ငန်းဆိုင်ရာ (Procedural) ဆုံးဖြတ် ချက်များကတော့ ဥပဒေအရ စည်းနှောင်မှုမရှိတဲ့အတွက် အထွေထွေညီလာခံရဲ့ ဆုံးဖြတ်ချက်တွေလိုပဲ နိုင်ငံများက လိုက်နာဖို့ တာဝန်ရှိပေမယ့် မဖြစ်မနေတော့ မဟုတ်ပါဘူး။ လုံခြုံရေးကောင်စီကို စတင်ဖွဲ့စည်းစဉ်က အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံ (အမေရိကန်၊ ဗြိတိန်၊ ရုရှား၊ ပြင်သစ်၊ တရုတ်)နဲ့ အမြဲတမ်းမဟုတ်သော အလှည့်ကျအဖွဲ့ဝင်နိုင်ငံခြောက် နိုင်ငံ စုစုပေါင်း ၁၁ နိုင်ငံနဲ့ ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၆၃ ခုနှစ် ကုလသမဂ္ဂပဋိညာဉ်စာချုပ်ရဲ့ စာပုဒ်(၂၃၊ ၂၇၊ ၆၁)တို့ကို ပြင်ဆင်မှုများ ပြုလုပ်တဲ့အခါမှာ အမြဲတမ်းမဟုတ်သော အလှည့်ကျ အဖွဲ့ဝင်နိုင်ငံအရေအတွက်ကို ၁၀ နိုင်ငံအထိ တိုးချဲ့ဖွဲ့စည်းခဲ့တဲ့အတွက် ယခုအခါမှာ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံ (အမေရိကန်၊ ဗြိတိန်၊ ရုရှား၊ ပြင်သစ်၊ တရုတ်)နဲ့ အမြဲတမ်းမဟုတ် သော အလှည့်ကျအဖွဲ့ဝင်နိုင်ငံ ၁၀ နိုင်ငံ စုစုပေါင်း ၁၅ နိုင်ငံ ဖြစ်လာခဲ့ပါတယ်။

လုံခြုံရေးကောင်စီရဲ့ အဓိကလုပ်ငန်းတာဝန်နဲ့ သက် ဆိုင်တဲ့ ဆုံးဖြတ်ချက် (Substantive Resolutions)တစ်ခု ချမှတ်ဖို့အတွက် အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံလုံးရဲ့ ထောက်ခံ မဲလိုအပ်ပါတယ်။ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံအထဲက နိုင်ငံ တစ်နိုင်ငံက သဘောမတူရင် (သို့မဟုတ်) ကြားနေရင် ဆုံးဖြတ်ချက်ချမှတ်လို့ မရပါဘူး။ ဒါ့အပြင် ဒီငါးနိုင်ငံမှာ လုံခြုံရေးကောင်စီမှာ ဆွေးနွေးနေတဲ့ကိစ္စတွေကို ဆုံးဖြတ် ချက်ချလို့မရအောင် လွှမ်းမိုးပယ်ဖျက်နိုင်တဲ့ ဗီတိုအာဏာ (Veto power)လည်း ရှိပါတယ်။ ထူးဆန်းတာက ဗီတို အာဏာအကြောင်းကို ကုလသမဂ္ဂပဋိညာဉ်စာချုပ်မှာ တိုက်ရိုက်သိသာထင်ရှားစွာ ဖော်ပြသတ်မှတ်ပေးထားခြင်း မရှိပါဘူး။ အခန်း–၅၊ စာပုဒ်(၂၇) မှာ လုံခြုံရေးကောင်စီရဲ့ အဓိကလုပ်ငန်းတာဝန် (Substantive)နဲ့ သက်ဆိုင်တဲ့ ဆုံးဖြတ်ချက်များ ချမှတ်ရန်အတွက် အမြဲတမ်းအဖွဲ့ဝင်ငါး နိုင်ငံလုံးရဲ့ထောက်ခံမဲငါးမဲ အပါအဝင် လုံခြုံရေးကောင်စီ အဖွဲ့နိုင်ငံများရဲ့ စုစုပေါင်းထောက်ခံမဲ ကိုးမဲ လိုအပ်ကြောင်း ဖော်ပြထားမှုနဲ့ ဆက်စပ်ပြီး အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံက ဗီတိုအာဏာကို “မသိမသာ” ရယူထားခြင်းသာ ဖြစ်ပါတယ်။ ကုလသမဂ္ဂပဋိညာဉ်စာချုပ် ချုပ်ဆိုဖို့အတွက် စာသားများ ညှိနှိုင်းတဲ့ ဒန်ပါဘာတန်အုပ်အစည်းအဝေး ၁၉၄၄ နဲ့ ယောလ်တာအစည်းအဝေး ၁၉၄၅ များမှာ ဗီတိုအာဏာနဲ့ စပ်လျဉ်းပြီး အသေးစိတ် ဆွေးနွေးခဲ့ကြပါတယ်။ အဆိုပါ အစည်းအဝေးတွေမှာ နိုင်ငံငယ်များက ဗီတိုအာဏာ မရှိ သင့်ကြောင်း ရပ်တည်ခဲ့ကြပေမယ့်၊ နိုင်ငံကြီးငါးနိုင်ငံက နိုင်ငံငယ်များကို ဘက်ပေါင်းစုံက ဖိအားများစွာ ပေးခဲ့တဲ့ အတွက် နောက်ဆုံးမှာ နိုင်ငံငယ်များက မလွဲမရှောင်သာဘဲ လက်ခံခဲ့ကြရပါတယ်။ အဆိုပါ အစည်းအဝေးများသို့ တက်ရောက်ခဲ့တဲ့ အမေရိကန်ကိုယ်စားလှယ်အဖွဲ့ဝင် တက္ကဆက်ပြည်နယ်မှ အထက်လွှတ်တော်အမတ် Thomas Connally ဆိုရင် ဩစတြေးလျနိုင်ငံက ဗီတိုအာဏာမရှိသင့် ကြောင်း အဆိုပြုချက်အပေါ် တုံ့ပြန်ရာမှာ လက်ထဲမှာ ကိုင်ဆောင်ထားတဲ့ ကုလသမဂ္ဂပဋိညာဉ်စာချုပ်မူကြမ်းကို စင်မြင့်ထက်မှာ ဆုတ်ဖြဲပြတဲ့အထိ ပြုမူဆောင်ရွက်ခဲ့ပါ တယ်။

## စီးပွားရေးနှင့် လူမှုရေးကောင်စီ၏ လုပ်ငန်းတာဝန်များ

စီးပွားရေးနှင့် လူမှုရေးကောင်စီဟာ အဓိကအားဖြင့် စီးပွားရေး၊ လူ့အခွင့်အရေး၊ လူသားချင်းစာနာထောက် ထားမှု၊ မူးယစ်ဆေးဝါးနှိမ်နင်းရေး၊ ယဉ်ကျေးမှု၊ လူမှုရေး၊ ပညာရေးနဲ့ ကျန်းမာရေးဆိုင်ရာကိစ္စများကို တာဝန်ယူ ဆောင်ရွက်ပါတယ်။

## လက်အောက်ခံနယ်မြေများ ထိန်းသိမ်းစောင့်ရှောက်ရေး ကောင်စီ၏ လုပ်ငန်းတာဝန်များ

လက်အောက်ခံနယ်မြေများ ထိန်းသိမ်းစောင့်ရှောက် ရေးကောင်စီကို ဒုတိယကမ္ဘာစစ်အပြီးမှာ အသိမ်းပိုက်ခံ နယ်မြေများဖြစ်ခဲ့ပြီး နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင် ခြင်းမရှိသေးသော နယ်မြေများအား ကုလသမဂ္ဂက ယာယီအုပ်ချုပ်ရန်အတွက် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ ၁၉၄၅ ခုနှစ် ကုလသမဂ္ဂတည်ထောင်ချိန်မှာ နိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ခြင်း မရှိသေးသော နယ်မြေ ၁၁ ခု ရှိခဲ့ရာမှ နောက်ဆုံးလွတ်လပ်ရေးရရန် ကျန်ရှိနေတဲ့ ပစိဖိတ်ကျွန်းနိုင်ငံ Palau (ပလောင်း)ဟာ ၁၉၉၄ ခုနှစ်မှာ လွတ်လပ်ရေး ရရှိခဲ့တဲ့အတွက် လက်အောက်ခံနယ်မြေ များ ထိန်းသိမ်းစောင့်ရှောက်ရေးကောင်စီရဲ့ လုပ်ငန်း တာဝန်များ ပြီးဆုံးခဲ့ပါတယ်။ ဒါပေမယ့် ဒီအဖွဲ့ဟာ ပဋိညာဉ်စာချုပ်အရ ဖွဲ့စည်းထားခြင်းဖြစ်ပြီး ဖျက်သိမ်း ဖို့ဆိုရင် ပဋိညာဉ်စာချုပ်ကို ပြင်ဆင်ရမှာ ဖြစ်ပါတယ်။ ပဋိညာဉ်စာတမ်းကို ပြင်ဆင်ဖို့ ကိစ္စဟာ များစွာခက်ခဲမှု ရှိတဲ့အတွက် ဒီအတိုင်း ဆက်လက်ဖွဲ့စည်းထားရခြင်းပဲ ဖြစ်ပါတယ်။

## အပြည်ပြည်ဆိုင်ရာတရားရုံး၏ လုပ်ငန်းတာဝန်များ

အပြည်ပြည်ဆိုင်ရာ တရားရုံးဟာ အဓိကအားဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ဖြစ်ပွားသော အငြင်းပွားမှုများ ကို ဖြေရှင်းပေးခြင်း၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့ အစည်းများနဲ့ အဖွဲ့ဝင်နိုင်ငံများက တောင်းခံသော ဥပဒေ ပိုင်းဆိုင်ရာ အကြံပြုသုံးသပ်ချက်များ ( Advisory opinion) များပေးခြင်း စတဲ့လုပ်ငန်းများကို ဆောင်ရွက် ပါတယ်။ အထွေထွေညီလာခံနဲ့ လုံခြုံရေးကောင်စီမှလည်း အခါအားလျော်စွာ အပြည်ပြည်ဆိုင်ရာ တရားရုံးထံမှ ဥပဒေအကြံဉာဏ်များ တောင်းခံလေ့ရှိပါတယ်။

## ကုလသမဂ္ဂမဋိညာဉ်စာချုပ်

မြန်မာနိုင်ငံမှာ “UN Charter”(ယူအန်ချာတာ)ကို “ကုလသမဂ္ဂပဋိညာဉ်စာတမ်း” လို့လည်း တချို့က ဖော်ပြရေးသားကြတာကို တွေ့ရှိရပါတယ်။ စာရေးသူ အနေနဲ့ကတော့ “ ကုလသမဂ္ဂပဋိညာဉ်စာချုပ်” လို့ သုံးစွဲတာ ပိုမိုမှန်ကန်တယ်လို့ ယူဆပါတယ်။ ဘာဖြစ် လို့လဲဆိုတော့ “ကုလသမဂ္ဂပဋိညာဉ်စာချုပ်” ဟာ Public International Law ခေါင်းစဉ်အောက်က နိုင်ငံတကာ ဥပဒေတစ်ရပ်ဖြစ်နေတဲ့အတွက် ဖြစ်ပါတယ်။ စာရေးသူ ယခင်က ရေးသားတင်ပြခဲ့တဲ့ “နိုင်ငံတကာစာချုပ်နှင့် MOU” ဆောင်းပါးမှာ ဖော်ပြခဲ့သလိုပဲ၊ ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများဟာပဋိညာဉ်စာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးပြီး “စာချုပ်ပါ အချက်များကို နိုင်ငံတကာဥပဒေသကဲ့သို့ သတ်မှတ်၍ စည်းနှောင်မှု ခံယူလိုသောဆန္ဒ (Consent to be bound)ကို ဖော်ထုတ်ပြသခဲ့ကြပါတယ်။ ဒါ့အပြင် ကုလသမဂ္ဂ၊ အဖွဲ့ဝင်နိုင်ငံများနဲ့ တခြားအဖွဲ့အစည်းများ ကလည်း ပဋိညာဉ်စာချုပ်ကို ဥပဒေတစ်ရပ်ကဲ့သို့ သတ်မှတ်ပြီး နိုင်ငံတကာတရားရုံးနဲ့ တခြားတရားရုံး များမှာ အသုံးပြုခဲ့ကြ ပါတယ်။ ဒီအချက်တွေဟာ “UN Charter” ကို နိုင်ငံတကာ ဥပဒေတစ်ရပ်ဖြစ်ကြောင်း သက်သေပြနေပါတယ်။ ဒါ့ကြောင့် စာချုပ်လို့ သတ်မှတ် သုံးစွဲတာဟာ ပိုမိုမှန်ကန်တယ်လို့ ယူဆတာ ဖြစ်ပါတယ်။

## ကုလသမဂ္ဂပဋိညာဉ်စာချုပ်၏ဖွဲ့စည်းပုံ

ကုလသမဂ္ဂပဋိညာဉ်စာချုပ်မှာ အခန်း( Chapter) ပေါင်း ၁၉ ခန်း ပါဝင်ပြီး စာပိုဒ် (အာတီကယ်) (Article) ပေါင်း ၁၁၁ ခု ပါဝင်ပါတယ်။ အများစုက ဖွဲ့စည်းမှုပိုင်း ဆိုင်ရာ၊ လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ အခန်းများဖြစ်ကြ ပါတယ်။ ဒါကြောင့် နိုင်ငံတကာ ဥပဒေရှုထောင့်အရ အငြင်းပွားမှုများ ဖြစ်ပေါ်စေတဲ့အခန်းများနဲ့ စာပိုဒ်တချို့ ကိုသာ ရွေးချယ်ပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်မှာ နောက်ဆက်တွဲအဖြစ် ပါဝင်တဲ့ နိုင်ငံတကာတရားရုံး ( International Court of Justice – ICJ) ရဲ့ ဖွဲ့စည်းမှုဆိုင်ရာစာချုပ် “Statue of the International Court of Justice”ကတော့ သီးခြားဘာသာရပ်တစ်ခုဖြစ်လို့ ထည့်သွင်းဆွေးနွေးမှာ မဟုတ်ပါဘူး။ တချို့စာပိုဒ်များကို မြန်မာဘာသာသို့ ပြန်ဆိုရာမှာလည်း ပိုမိုလွယ်ကူစွာ သဘောပေါက် နားလည်နိုင်စေရန် လိုအပ်တဲ့အချက်အလက်များကိုသာ ပြန်ဆိုပေးသွားမှာ ဖြစ်ပါတယ်။

**“လက်ရှိနိုင်ငံတကာဥပဒေလောကမှာ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ဟာ ပြိုင်ဘက်ကင်းတဲ့ နိုင်ငံတကာဥပဒေတစ်ရပ်ဖြစ်ပြီး အမြင့်မားဆုံးသော အခွင့်အာဏာများကိုလည်း ပိုင်ဆိုင်ထားပါတယ်။ နိုင်ငံတကာအရေးကိစ္စတွေမှာ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ဟာ ကမ္ဘာ့နိုင်ငံများရဲ့ အားကိုးစရာဖြစ်သလို တစ်ဖက်မှာလည်း နိုင်ငံများက ၎င်းတို့ရဲ့ အကျိုးစီးပွားအတွက် အသုံးချစရာကိရိယာ (Tool) တစ်ခု ဖြစ်နေတယ်ဆိုတာကိုလည်း ကုလသမဂ္ဂရဲ့သမိုင်းစာမျက်နှာမှာ တွေ့ရှိရပါတယ်”**

*စာမျက်နှာ ၂၀ သို့*

# ဒေသတွင်းစားနပ်ရိက္ခာလုံခြုံရေး ပိုမိုကောင်းမွန်ရန် အာဆီယံ+၃ လှူပ်ရှားမှုလုပ်ငန်းစဉ်များတွင် မြန်မာ ပိုမိုပါဝင်မည်

**နေပြည်တော် နိုဝင်ဘာ ၂၅**
အာဆီယံ ၁၀ နိုင်ငံနှင့် ဂျပန်၊ တရုတ်၊ ကိုရီးယားနိုင်ငံတို့ ပူးပေါင်း၍ သဘာဝဘေးကြုံတွေ့ရသည့် ဒေသများအတွက် အရေးပေါ် ကူညီထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်နေသည့် အာဆီယံ+၃ အရေးပေါ် အရန်ဆန်ရိက္ခာ အစီအစဉ် (APTERR)လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့(Program Management Team-PMT) အစည်းအဝေးကို နိုဝင်ဘာ ၂၂ ရက်က တော်ဝင်နေပြည်တော်ဟိုတယ်၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးက အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် APTERR အစီအစဉ်-၃ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစီမံခန့်ခွဲရေးအဖွဲ့ အတွင်းရေးမှူး ဦးအေးကိုကိုက APTERR အစီအစဉ်-၃ အကောင်အထည်ဖော်မှု အခြေအနေများကိုလည်းကောင်း၊ ဆန်စပါးဌာနခွဲ ညွှန်ကြားရေးမှူး ဦးကိုကိုကြီးက မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် APTERR ကောင်စီ၏ (၈)ကြိမ်မြောက် အစည်းအဝေး ကျင်းပရေး အစီအစဉ်မူကြမ်းနှင့် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းခြင်း မူကြမ်းကိုလည်းကောင်း ဆွေးနွေးသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသော PMT အဖွဲ့ဝင်များက APTERR အစီအစဉ်-၃ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်များ၊ (၈)ကြိမ်မြောက် APTERR ကောင်စီအစည်းအဝေး ကျင်းပရေးဆိုင်ရာ ကိစ္စရပ်များကို အကြံပြု ဆွေးနွေးကြသည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် APTERR ကောင်စီ၏ (၈)ကြိမ်မြောက် အစည်းအဝေးကို နေပြည်တော်နှင့် ပုဂံ ယဉ်ကျေးမှုဒေသတို့တွင် ကျင်းပရန် ပဏာမ ရွေးချယ်ထားပြီး ဆပ်ကော်မတီ ခုနစ်ရပ် ဖွဲ့စည်းထားကာ အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ အစည်းအဝေးတွင် APTERR ကောင်စီဝင်များ၏ နိုင်ငံအလိုက် ဆောင်ရွက်မှုအခြေအနေများ ညှိနှိုင်းဆွေးနွေးရန်၊ APTERR လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူချောမွေ့စေရန်နှင့် ဒေသတွင်း စားနပ်ရိက္ခာလုံခြုံရေး ပိုမိုကောင်းမွန်ခိုင်မာအောင် မြန်မာနိုင်ငံအနေဖြင့် APTERR လှုပ်ရှားမှု လုပ်ငန်းစဉ်များတွင် ပိုမိုပါဝင်ရန်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆန်စပါးဌာနခွဲ ညွှန်ကြားရေးမှူးက ပြောသည်။

၂၀၁၁ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၁) ကြိမ်မြောက် အာဆီယံ+၃ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးများ ထိပ်သီးအစည်းအဝေး APTERR သဘောတူညီချက်တွင် မြန်မာနိုင်ငံက ပါဝင် လက်မှတ်ရေးထိုးခဲ့ပြီး APTERR အစီအစဉ်-၃ ဖြင့် အရေးပေါ် အရန်ဆန်ရိက္ခာကို အိမ်ရှင်နိုင်ငံအဖြစ် သိုလှောင်ခြင်းကို ၂၀၁၇ ခုနှစ်က စတင်ဆောင်ရွက်ခဲ့သည်။

အာဆီယံ+၃ အရေးပေါ် အရန်ဆန်ရိက္ခာ အစီအစဉ်အရ အရေးပေါ် သတ်မှတ်အစီအစဉ်-၁ တွင် သတ်မှတ်ဆန်ကို စီးပွားရေးနည်းလမ်းဖြင့် ဖြန့်ဝေခြင်း၊ အစီအစဉ်-၂ တွင် သတ်မှတ်ဆန်ကို ကာလရှည် ချေးငွေ/အကူအညီအဖြစ် ဖြန့်ဝေခြင်းနှင့် အစီအစဉ်-၃ တွင် သိုလှောင်ဆန်ကို အကူအညီအဖြစ် ဖြန့်ဝေခြင်းတို့ကိုဆောင်ရွက်ပေးလျက် ရှိသည်။

အဆိုပါ အရေးပေါ် ကူညီထောက်ပံ့မှုသည် အကူအညီရယူသည့်နိုင်ငံ၏ ဆင်းရဲချမ်းသာမှု၊ ဆန်စပါးထုတ်လုပ်နိုင်မှု စွမ်းအားတို့နှင့် သက်ဆိုင်ခြင်းမရှိဘဲ ဒေသအတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် အရေးပေါ်လိုအပ်ချက် ကြုံတွေ့ရပါက ထိရောက်သော ဆန်ရိက္ခာကူညီထောက်ပံ့ပေးနိုင်ရေးကိုသာ ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုက ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် APTERR သဘောတူညီချက်အရ သတ်မှတ်ထားသော အဖွဲ့ဝင်ကြေးများ ထည့်ဝင်ထားရှိပြီး APTERR နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်နည်းတူ သဘာဝဘေးသင့်ဒေသနေ ပြည်သူများ ခံစားခွင့်ရှိသည့် အထောက်အပံ့များ ရရှိရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။

APTERR အစီအစဉ်-၃ အရ ၂၀၁၇-၂၀၁၈ ခုနှစ်အတွင်း ဂျပန်နိုင်ငံမှ လှူဒါန်းသော ဆန်တန်ချိန် ၅၀၀ နှင့် ကိုရီးယားသမ္မတနိုင်ငံမှ လှူဒါန်းသော ဆန်တန်ချိန် ၁၈၀၀ ကိုလည်းကောင်း၊ ၂၀၁၉ ခုနှစ်အတွင်း ဂျပန်နိုင်ငံမှ လှူဒါန်းသော ဆန်တန်ချိန် ၃၀၀ နှင့် ကိုရီးယား သမ္မတနိုင်ငံမှ လှူဒါန်းသော ဆန်တန်ချိန် ၅၀၀ ကိုလည်းကောင်း သဘာဝဘေးသင့်ပြည်သူများထံ ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဇူလိုင်မိုး**

# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

**နေပြည်တော် နိုဝင်ဘာ ၂၅**
နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံ၊ အလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါ ရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန်ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ်ပုံစံဖြင့် အမျိုးသား (၃၈၃၁) ဦး၊ အမျိုးသမီး (၁၂၀၆၉) ဦးတို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်စုစုပေါင်း(၁၅၉၀၀) ဦးချုပ်ဆိုခဲ့သည်။ အလုပ်ရှင်/အလုပ်သမားအငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် အောက်တိုဘာလအတွင်း လက်ခံရရှိမှု (၉၂) မှုတွင် ကျေအေးမှု(၂၈) မှု၊ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု (၂၀)မှု၊ ပိတ်သိမ်းမှု(၅)မှုနှင့်ငွေကြေးအကျိုးခံစားခွင့်(၃၉)မှုတို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ (၂၁၄) ဦးအား ငွေကျပ် ၉၅,၆၀၂,၃၅၃ကို ခံစားခွင့်ရရှိစေခဲ့သည်။ ကျွမ်းကျင်လုပ်သားများရရှိစေရန် လေ့ကျင့်ပေးခြင်းအနေဖြင့် အောက်ပါအတိုင်းဖြစ်ပါသည်-

**ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများတွင်**
**၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအတွင်း ဖွင့်လှစ်ခဲ့သော သင်တန်းများစာရင်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ | သင်တန်းသားဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း |
| ၁။ | လေအေးပေးစက်တပ်ဆင်/ ပြုပြင်ခြင်း သင်တန်း (မန္တလေး) | ၁၆-၁၀-၂၀၁၉ မှ ၂၀-၁၁-၂၀၁၉ အထိ | ၂၀ | - | ၂၀ |
| ၂။ | လျှပ်စစ်သင်တန်း(မန္တလေး) | ၁၆-၁၀-၂၀၁၉ မှ ၂၀-၁၁-၂၀၁၉အထိ | ၂၆ | ၁၆ | ၄၂ |
| ၃။ | ပြည်ပအလုပ်အကိုင်ဆိုင်ရာလမ်းညွှန် သင်တန်း(မန္တလေး) | ၃-၁၀-၂၀၁၉ မှ ၂၈-၁၀-၂၀၁၉ အထိ | ၂၅၂၂ | ၃၉၄ | ၂၉၁၆ |
| ၄။ | ပြည်ပအလုပ်အကိုင်ဆိုင်ရာလမ်းညွှန် သင်တန်း (မြောက်ဒဂုံ) | ၂၆-၉-၂၀၁၉ မှ ၂၆-၁၀-၂၀၁၉ အထိ | ၄၁၀၅ | ၉၆၁ | ၅၀၆၆ |
| | စုစုပေါင်း | | ၆၆၇၃ | ၁၃၇၁ | ၈၀၄၄ |

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူအလုပ်ပိတ်ရက်အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကိုငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခ ကျန်ငွေ မရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များ ရရှိအောင် ဆောင်ရွက်ပေးခဲ့ရာငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၁၄၀၀၀ ကျော်နှင့် US$ ၂၁၂၇.၅၂ ကို ခံစားခွင့်ပေးနိုင်ခဲ့ပြီး စက်ရုံ/အလုပ်ရုံများတွင် အလုပ်သမားများလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ စစ်ဆေးရေးအရာရှိများက စက်ရုံ/အလုပ်ရုံ(၁၉၅)ရုံမှ အလုပ်ရှင်၊အလုပ်သမားများအားလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာ သိမှတ်ဖွယ်ရာများအား ပညာပေးဟောပြောပို့ချမှု (၁၇၀) ကြိမ် ဆောင်ရွက်ခဲ့သည်။

အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အလုပ်ရှင်အလုပ်သမားအငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရာ၌ ခုံသမာဓိအဖွဲ့တွင်(၇)မှုနှင့် ခုံသမာဓိကောင်စီတွင် (၆) မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး တရားစွဲဆိုမှု (၁) မှုမှ အလုပ်သမား (၆) ဦးအတွက် ငွေကြေးအကျိုးခံစားခွင့်ငွေကျပ် ၂၂ သိန်းကျော် ရရှိအောင်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သောစက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအားငွေကြေးအကျိုးခံစားခွင့်များအလိုက်ငွေကျပ်သိန်းပေါင်း၁၃၀၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၁၅၆ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၁၀၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှု ဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ဆေးဝါးကုသပေးမှုအခြေအနေ**

| စဉ် | အကြောင်းအရာ | ဆေးကုသပေးမှုဦးရေ |
|---|---|---|
| က | အလုပ်သမားဆေးရုံကြီး (၃) ရုံ (ပြင်ပလူနာ ၈၁၉၇ ဦး ၊ အတွင်းလူနာ ၅၅၅ ဦး) | ၈၇၅၂ ဦး |
| ခ | လူမှုဖူလုံရေးဆေးခန်း(၉၆)ခန်း၊ ဌာနကြီးဆေးခန်း(၅၈)ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်း(၅)ခန်းနှင့် PPS စနစ်ဖြင့် စာချုပ်ချုပ်ဆိုထားသည့် ဆေးခန်း (၇)ခန်းတို့မှ ဆေးကုသပေးမှု | ၈၇၆၈၂ ဦး |
| ဂ | အလုပ်သမားဆေးရုံကြီး (၃)ရုံ မှ ဆရာဝန်များ ကွင်းဆင်းဆေးကုသပေးမှု (၂)ကြိမ် | ၁၀၄၅ ဦး |
| ဃ | လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု (၇၁)ကြိမ် | ၁၄၀၃ ဦး |

**သတင်းစဉ်**

*စာမျက်နှာ ၁၉ မှ*
**နိဒါန်းပိုင်း**

ကုလသမဂ္ဂပဋိညာဉ်စာချုပ်ရဲ့နိဒါန်းပိုင်းမှာ ပါဝင်တဲ့ စာပုဒ်များဟာ ကျန်တဲ့အခန်းတွေမှာ ပါဝင်တဲ့အကြောင်းအရာပိုင်းဆိုင်ရာ စာပိုဒ်များ (OP- Operative Paragraphs) ကဲ့သို့ ဥပဒေပိုင်းအရ သက်ရောက်မှု (Legal effect)မရှိသော်လည်း ကုလသမဂ္ဂအနေနဲ့ ယုံကြည်လက်ခံထားတဲ့မူဝါဒ (Doctrine)များ၊ ရည်ရွယ်ချက်များကို ဖော်ပြထားတဲ့အတွက် ဥပဒေပိုင်းဆိုင်ရာ လုပ်ငန်းစဉ်တွေမှာ ထည့်သွင်းစဉ်းစားလေ့ရှိပါတယ်။ နိဒါန်းအပိုင်းမှာ ပါဝင်နေတဲ့ ကုလသမဂ္ဂရဲ့ မူဝါဒတွေကို အလွယ်တကူ သဘောပေါက်အောင် အတိုချုပ် ကောက်နုတ်တင်ပြရမယ်ဆိုရင် အောက်ပါအတိုင်း မူဝါဒ ၁၀ ခုကို တွေ့ရမှာ ဖြစ်ပါတယ်-

(၁) စစ်ပွဲကြီး (War) များ ထပ်မံဖြစ်ပွားခြင်းမှ ကာကွယ်ရန်၊
(၂) နိုင်ငံတိုင်းက လူသားတစ်ဦးစီ၏ တန်ဖိုးနှင့် အခြေခံလူ့အခွင့်အရေးများအပေါ် တန်ဖိုးထားယုံကြည်မှုရှိလာစေရေး ဆောင်ရွက်ရန်၊
(၃) မိန်းမနှင့် ယောကျ်ား၊ နိုင်ငံကြီးနှင့် နိုင်ငံငယ်များအကြား တန်းတူအခွင့်အရေးရရှိစေရန်၊
(၄) နိုင်ငံများမှ နိုင်ငံတကာစာချုပ်နှင့် နိုင်ငံတကာဥပဒေများအားလိုက်နာစေရေး ဆောင်ရွက်သွားရန်၊
(၅) လူသားများအတွက် လွတ်လပ်မှုအပြည့်အဝရှိပြီး တိုးတက်ကောင်းမွန်နေသော လူနေမှုဘဝ တည်ဆောက်ပေးသွားရန်၊
(၆) လူအချင်းချင်း၊ နိုင်ငံအချင်းချင်းအကြား သည်းခံခွင့်လွှတ်မှုတရား တိုးပွားစေရေး ဆောင်ရွက်သွားရန်၊
(၇) တစ်ဦးနှင့်တစ်ဦး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား သည်းခံခွင့်လွှတ်သည့်စိတ် အခြေခံ၍ အိမ်နီးချင်းကောင်းပီသစွာဖြင့် ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေး ဆောင်ရွက်ပေးသွားရန်၊
(၈) ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းသွားရန်၊
(၉) နိုင်ငံများအကြား ဖြစ်ပွားသော ပဋိပက္ခများကို လက်နက်ဖြင့် အင်အားသုံးဖြေရှင်းခြင်း မပြုဘဲ ငြိမ်းချမ်းသော နည်းလမ်းများဖြင့် ဖြေရှင်းရေး ကြီးကြပ်ဆောင်ရွက်သွားရန်၊
(၁၀) ကမ္ဘာပြည်သူများအားလုံး၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားရန်။

ဒီမူဝါဒတွေထဲက တချို့အချက်တွေဟာ နောက်ပိုင်းမှာ Operative Paragraphs များအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နေတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

* ဤဆောင်းပါးပါအကြောင်းအရာများသည် စာရေးသူ၏ နိုင်ငံတကာဥပဒေပိုင်းဆိုင်ရာထင်မြင်ယူဆချက်များသာဖြစ်ပြီး စာရေးသူ တာဝန်ထမ်းဆောင်နေသော ဝန်ကြီးဌာနနှင့်သော်လည်းကောင်း၊ မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့်သော်လည်းကောင်း သက်ဆိုင်မှုမရှိပါကြောင်း ဖော်ပြအပ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ရှမ်းတိုင်းရင်းသားရိုးရာ ရှမ်းနှစ်သစ်ကူးပွဲတော် ဟိုမိန်းမြို့၌ ကျင်းပ

**ဟိုမိန်း နိုဝင်ဘာ ၂၅**

ရှမ်းစာဆိုတော်ကြီးများအားဂုဏ်ပြုပူဇော်ပွဲနှင့် ရှမ်းနှစ်သစ်ကူးပွဲတော် ဖွင့်ပွဲကို ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် ဟိုမိန်းမြို့ အမှတ်(၁) ရပ်ကွက် ပွဲတော်ကျင်းပရာကွင်း၌ ယမန်နေ့က ကျင်းပကြောင်း သိရသည်။

ဟိုမိန်းမြို့၌ ရှမ်းနှစ်သစ်ကူးပွဲတော်ကို ရှမ်းရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားတို့ကို အစဉ်အမြဲ ထိန်းသိမ်းစောင့်ရှောက်ရန်၊ လူမျိုးနှင့် စာပေစကားတို့ မတိမ်ကော မပပျောက်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် နှစ်စဉ်မပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနေခြင်းဖြစ်ကြောင်းနှင့် ပွဲတော်ကို နိုဝင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုင်းမောင်လူက ပြောသည်။



ရှမ်းတိုင်းရင်းသားရိုးရာ ရှမ်းနှစ်သစ်ကူးပွဲတော် ကျင်းပနေစဉ်။

နှစ်စဉ်ကျင်းပလျက်ရှိသော ရိုးရာပွဲတော်အတွင်း ရှမ်းစာဆိုတော်များ၏ အတ္ထုပ္ပတ္တိဟောပြောပွဲ ကျင်းပခြင်း၊ ရှမ်းရိုးရာယဉ်ကျေးမှုအနေဖြင့် တိုးနယား၊ ကိန္နရီကိန္နရာ၊ ခား၊ လက်၊ တုတ်တိုင်း၊ အုပ်စုလိုက် အကပဒေသာ ပြိုင်ပွဲများဖြင့် ကပြဖျော်ဖြေခြင်းနှင့် ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကာ ဟိုမိန်း ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့လူငယ်မောင်မယ်များ၏ ဖျော်ဖြေရေးအစီအစဉ်များလည်း ဖျော်ဖြေသွားမည် ဖြစ်ကြောင်း သိရသည်။

**ရဲနောင်(ဟိုမိန်း)**

# ဘုရင့်နောင်ပွဲရုံ၌ မြန်မာကြက်သွန်နီဈေးငြိမ်သက်ပြီး တရုတ်ကြက်သွန်နီအဝင်များနေ

**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ဘုရင့်နောင်ပွဲရုံနယ်မြေအတွင်း မြန်မာကြက်သွန်နီဈေးနှုန်းမှာ တစ်ပတ်ခန့်ငြိမ်သက်နေပြီး တရုတ်ကြက်သွန်နီအဝင်များလာကြောင်း ကုန်သည်တစ်ဦးထံမှ သိရသည်။

ယနေ့နံနက် ဘုရင့်နောင်ပွဲရုံ၌ ကြက်သွန်နီပုံမှန်အရောင်းအဝယ်ပေါက်ဈေးသည် ပိဿာနှုန်းထားအရ မုန့်ဟင်းခါးဆိုက်ကြက်နီ ငွေကျပ် ၁၈၀၀၊ မြစ်ဝကြက်သွန်နီ ငွေကျပ် ၂၅၀၀၊ လတ်ကြီးကြက်သွန်နီ ငွေကျပ် ၂၇၀၀၊ ရှယ်ကြက်သွန်နီ ငွေကျပ် ၂၉၀၀ ဖြစ်၍ ဆိတ်ဖြူမြို့နယ်၊ မြင်းခြံမြို့နယ်၊ တောင်သာမြို့နယ်၊ မလှိုင် မြို့နယ်၊ ပျော်ဘွယ်မြို့နယ် အစရှိသောနယ်စုံမှထွက်ရှိသည့် မြန်မာကြက်သွန် အဟောင်းများသာဖြစ်သည်။ အလုံးအားဖြင့် ကြီးလွန်းသော တရုတ်ကြက်သွန်များမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ နှုန်းထားသာရှိ၍ အဝင်များနေခြင်းလည်းရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မြန်မာ့ကြက်သွန်နီအဟောင်းကို ရောင်းတာပါ။ အသစ်က နယ်စုံမထွက်သေးပါဘူး။ မြစ်ဝကြက်သွန်နီ အသစ်ကို ငွေကျပ် ၁၆၀၀၊ လတ်ကြီးကြက်သွန်နီအသစ်ကို ငွေကျပ် ၁၈၀၀ တစ်ပိဿာဈေးပါ။ ခုထွက်တဲ့ အသစ်က ညံ့ပါတယ်။ ပေါလည်းပေါပါတယ်။ တရုတ်ကြက်သွန်နီ အဝင်များလာတယ်။ ဒါပေမယ့် အိမ်ရှင်မတွေမကြိုက်ဘူး။ အသုံးနည်းတော့ဝယ်သူနည်းတာပါ။ စားသောက်ဆိုင်နဲ့ ဟိုတယ်၊မိုတယ်တွေအကြိုက်ပါ။ ကြက်သွန်က ထုတ်ကုန်မရှိဘူး။ အခု ဒီဇင်ဘာလဝက်လောက်မှာ နယ်စုံကအသစ်တွေဝင်လာမယ် မှန်းထားပါတယ်။ အသစ်တွေထွက်လာတော့မှာပါ။ အဲဒီအခါ ကြက်သွန်ဈေးကျသွားနိုင်တယ်။ ပုပ်ကုန်ဖြစ်တော့ တွန်းရောင်းကြမှာပါ"ဟု ဘုရင့်နောင်ပွဲရုံမှ မန်နေဂျာ ကိုအောင်အောင်က ပြောသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

# ပြင်သစ်နိုင်ငံအထိ လမ်းလျှောက်ကြမည့် ထိုင်းနိုင်ငံမှ ဘုန်းတော်ကြီးများ ကျောက်ပန်းတောင်းမြို့သို့ ရောက်ရှိ

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၅**

ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် မြန်မာနိုင်ငံမှ ပြင်သစ်နိုင်ငံသို့ တစ်ရက်လျှင် မိုင် ၃၀ နှုန်းဖြင့် လမ်းလျှောက်ကြမည့် ထိုင်းနိုင်ငံမှ ဘုန်းတော်ကြီးများနှင့် လိုက်ပါကူညီသူ နိုင်ငံခြားသားများသည် ယမန်နေ့က ကျောက်ပန်းတောင်းမြို့သို့ ဖြတ်သန်းရောက်ရှိခဲ့ကြသည်။

အဆိုပါ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် လမ်းလျှောက်ခဲ့ကြသူများမှာ ထိုင်းနိုင်ငံသား ဘုန်းတော်ကြီးရှစ်ပါး၊ ထိုင်းနိုင်ငံသား လူပုဂ္ဂိုလ်နှစ်ဦးနှင့် ချီလီနိုင်ငံသားတစ်ဦးတို့ဖြစ်ကြပြီး ၎င်းတို့သည် နတ်မောက်မြို့နယ်မှ ထွက်ခွာလာခြင်းဖြစ်ကြောင်း သိရပြီး နတ်မောက်-ကျောက်ပန်းတောင်းလမ်းအတိုင်း ထွက်ခွာလာခဲ့ရာ နံနက် ၈ နာရီ ၁၀ မိနစ်တွင် ကျောက်ပန်းတောင်း- မိတ္ထီလာ-နတ်မောက်လမ်းခွဲ (ရွှေအုန်းပင်လမ်းခွဲ)သို့ ရောက်ရှိခဲ့ကြပြီး ညနေ ၃ နာရီတွင် ကျောက်ပန်းတောင်းမြို့ ဘူတာလမ်းဆုံသို့ ရောက်ရှိကြသည်။

ထို့နောက် ကျောက်ပန်းတောင်းမြို့၌ ခေတ္တနား၍ ညနေ ၄ နာရီခွဲတွင် ကျောက်ပန်းတောင်းမြို့မှ ညောင်ဦးမြို့သို့ ဆက်လက်ထွက်ခွာသွားကြသည်။ ၎င်း ထိုင်းနိုင်ငံသား ဘုန်းတော်ကြီးများ၊ လူပုဂ္ဂိုလ်များနှင့်အတူ HIJET အဖြူရောင်မော်တော်ယာဉ်တစ်စီးနှင့်အတူ လိုက်ပါကူညီကြသည့် ကပ္ပိယယာဉ်မောင်း ဦးကျော်ကျော်မိုးနှင့် ယာဉ်နောက်လိုက်တစ်ဦး လိုက်ပါခဲ့ကြပြီး စက်ဘီးနှစ်စီးပါရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

# တောင်ကုတ်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**တောင်ကုတ် နိုဝင်ဘာ ၂၅**

တောင်ကုတ်မြို့နယ် ကျေးပင်ကျေးရွာ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြစိုက်ကွင်း ကွင်းအမှတ်(၅၂) တောင်သူ ဦးမောင်ငယ်၏ မျိုးစေ့ထုတ်စိုက်ခင်း၌ ယမန်နေ့က ဆင်းသွယ်လတ်စပါးမျိုး ဧက ၀ ဒသမ ၁၀ စံကွက်ရိတ်သိမ်းပွဲ ကျင်းပခဲ့ရာ တစ်ဧကပျမ်းမျှအစိုထွက်နှုန်း ၁၀၅ တင်း ထွက်ရှိခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးထွန်းသိန်းနှင့် ဝန်ထမ်းများ၊ ကြက်ကိုင်း၊ တရဘ၊ ကျောက်မောင်နှမ၊ ကျေးပင်ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြပြီး အဆိုပါ စံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်ဦးစီးမှူးက ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ မိုးစပါးများ အလေအလွင့်မရှိစေရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲသုံးစွဲလာစေရန်နှင့် စံကွက်ရိတ်သိမ်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ရိတ်သိမ်းချိန်လွန် နည်းပညာပေးဆွေးနွေးဟောပြောခြင်းနှင့် ဆောင်းသီးနှံမျိုးကောင်းမျိုးသန့်မျိုးစေ့များကို တိုးချဲ့ရန်ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကမ္ဘာ့ပဋိဇီဝဆေး အသိပညာပေးရေး ရက်သတ္တပတ်အထိမ်းအမှတ် ဟောပြော

**မင်းဘူး နိုဝင်ဘာ ၂၅**

မင်းဘူးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ကမ္ဘာ့ပဋိဇီဝ ဆေးယဉ်ပါးမှုဆိုင်ရာ အသိပညာပေးရေးရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာအောင်ကျော်မိုးက ပဋိဇီဝဆေးယဉ်ပါးမှုဆိုင်ရာ အသိပညာပေးရေး ရက်သတ္တပတ်လှုပ်ရှားမှု ပြုလုပ်ရခြင်းအကြောင်းများနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဒုတိယဦးစီးမှူး ဒေါက်တာဆောင်းဦးဝေနှင့် ဒုတိယဦးစီးမှူး ဒေါက်တာအိအိဆွေအောင်တို့က တက်ရောက်လာသူများမှ သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

အဆိုပါ ဟောပြောပွဲကို မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံ မွေးမြူရေးတောင်သူ ၂၂ ဦး တက်ရောက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)**

# သုံးစွဲရန်မသင့်သော ပိုးသတ်ဆေးများ လိုက်လံစစ်ဆေး

**ကလေး နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများ စိုက်ပျိုးရေးတွင် ဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနတွင် မှတ်ပုံမတင်ထားသည့် ပိုးသတ်ဆေး ၁၂ မျိုးနှင့် သက်တမ်းလွန်ပိုးသတ်ဆေးများ ရောင်းချမှုမရှိစေရေးအတွက် လိုက်လံစစ်ဆေးခြင်းကို ယမန်နေ့က မြို့ပေါ်ရှိ စိုက်ပျိုးရေးဆေးဆိုင်များနှင့် ကျေးလက်ဒေသများတွင် ရောင်းချနေသော စိုက်ပျိုးရေးဆေးဆိုင်များကို လိုက်လံစစ်ဆေးသည်။

“ဒီလိုလိုက်လံစစ်ဆေးပေးရတဲ့ ရည်ရွယ်ချက်ကတော့ တောင်သူတွေ ပိုးသတ်ဆေးသုံးစွဲရာမှာ စိုက်ပျိုးတဲ့သီးနှံတွေကို ငွေကုန်ကြေးကျမှုများတာနဲ့အတူ ထိရောက်မှုရှိစေရေးနဲ့ သက်တမ်းလွန်ပိုးသတ်ဆေးကြောင့် သီးနှံတွေ ထိခိုက်ပျက်စီးမှု မရှိစေရေးအပြင် မှတ်ပုံမတင်ထားတဲ့ တရားမဝင်ပိုးသတ်ဆေးတွေကို ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်နိုင်ရေး လိုက်လံစစ်ဆေးတာ ဖြစ်ပါတယ် ”ဟု ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးတင်မောင်ဆွေက ပြောသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့ပေါ်ရှိ စိုက်ပျိုးရေးဆေးဆိုင်သုံးဆိုင်၊ ထိုမာကျေးရွာအုပ်စု သာယာဝတီကျေးရွာတွင် တစ်ဆိုင်၊ ထောက်ကြန့်ကျေးရွာ တွင်နှစ်ဆိုင်၊ နတ်ချောင်းကျေးရွာတွင် နှစ်ဆိုင်၊ နတ်မြောင်းကျေးရွာတွင် နှစ်ဆိုင် စုစုပေါင်း စိုက်ပျိုးရေးဆေးဆိုင် ကိုးဆိုင်ကို ခရိုင်မြေ၊ မျိုး၊ ပိုး တာဝန်ခံများ၊ မြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများ၊ မင်းကင်းမြို့နယ်ဦးစီးမှူးနှင့် ကလေးဝမြို့နယ်ဦးစီးမှူးတို့က သက်တမ်းလွန် ပိုးသတ်ဆေးများနှင့် မှတ်ပုံမတင်ထားသည့် ပိုးသတ်ဆေးများကို လိုက်လံသိမ်းဆည်းကာ ပိုးသတ်ဆေးဆိုင်များကို အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**သျှင်နေမင်း(ဂန့်ဂေါ)**

# ပုသိမ်ကြီးမြို့နယ် ပန်းချီ၊ ပန်းပုအစည်းအရုံး၏ တတိယအကြိမ်မြောက် ပန်းချီ၊ ပန်းပုပြပွဲ ကျင်းပ

**ပုသိမ်ကြီး နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ပန်းချီ၊ ပန်းပုအစည်းအရုံး၏ တတိယအကြိမ်မြောက် ပန်းချီ၊ ပန်းပုပြပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရဲမင်းဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဝေဝေဖြိုး၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ကျော်မင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးညွန့်ဆန်းတို့က ပြပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါပြပွဲကို နိုဝင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပန်းချီဆရာ ၂၀ မှ တစ်ဦးလျှင် ငါးကားနှုန်းဖြင့် လည်းကောင်း၊ မျိုးဆက်သစ်များနှင့်အတူ ဝါရင့်ဆရာကြီးများ၏ ပန်းချီကား စုစုပေါင်း ၁၀၀ ကျော်ကို အဓိကထားပြသထားမည်ဖြစ်ပြီး ပန်းပုကိုလည်း ပါဝင်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

**ဇာနည်ကိုကို**




တတိယအကြိမ်မြောက် ပန်းချီ ပန်းပုပြပွဲကို တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

# မိတ္ထီလာမြို့ မြို့ပေါ်ရပ်ကွက် လမ်း ၁၇ လမ်းကို အဆင့်မြှင့်တင်မည်

**မိတ္ထီလာ နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်ရပ်ကွက်များအတွင်းရှိလမ်း ၁၇ လမ်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့ပေါ်ရပ်ကွက်များအတွင်းရှိ လမ်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်းရန်ပုံငွေကျပ်သိန်း ၁၀၀နှင့်အထက် တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် ကတ္တရာခင်းခြင်းလုပ်ငန်း၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ၊ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ယင်းလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို စက်မှုဇုန် (၄)လမ်း ရန်မျိုးအောင်ဒုတိယလမ်းမတော် မိတ္တဗလလမ်းထိပ်မှ ပါဠိတက္ကသိုလ် ဘုန်းတော်ကြီး ကျောင်းရှေ့အထိ မြို့မ(၄)ရပ်ကွက် စာတိုက်လမ်း၊ အောင်ဆန်း(မြို့သစ်)ရပ်ကွက် သမုန်းကုန်းလမ်း၊ နွားပွဲဈေးအဝင်လမ်း၊ ရန်ကျော်လမ်းနှင့် ဗန္ဓုလလမ်း၊ အောင်ဇေယျာရပ်ကွက် နယ်မြေ(၇) ဝဇီယာလမ်း၊ သီရိလမ်းနှင့် ဘူတာဟောင်းလမ်းမကြီး၊ ပြည်သာယာတောင်(၄)လမ်း၊ နန်းတော်ကုန်းရပ်ကွက် သုခထီလာလမ်းသွယ်(၃)၊ ဝန်ဇင်းရပ်ကွက် စိတ္တရမဟီလမ်းနှင့် သီရိဇေယျာလမ်း၊ ပေါက်ချောင်းလမ်းမကြီး၊ ရန်ကုန်-မြင်းခြံလမ်းမှ ရန်ကုန်-မန္တလေးလမ်း(မိုးကောင်းဘုရားလမ်း)တို့ကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီများမှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးမြင့်ဝင်းက ပြောကြားသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ် လူထုလမ်းလျှောက်ပွဲ မကွေးမြို့၌ကျင်းပ

**မကွေး နိုဝင်ဘာ ၂၅**
မကွေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီ၏ဦးဆောင်မှုဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ၁၆ ရက် တာလှုပ်ရှားမှု အထိမ်းအမှတ် လူထု စုပေါင်းလမ်း လျှောက်ပွဲကို ယနေ့နံနက်ပိုင်းက မကွေးမြို့ ပြည်တော်သာလမ်းပေါ်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံး စုရပ်ရှေ့မှ စတင်တာ ထွက်ပြီး ဗိုလ်ချုပ်ပန်းခြံအထိ ရင်ခွင်မဲ့ ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးများနှင့် ကလေးများ ဘဝ မြှင့်တင်ရေးအဖွဲ့၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အစိုးရမဟုတ်သော အဖွဲ့များနှင့် ပြည်သူများ ပါဝင်ကာ ပန်းဝင်လျှောက်လှမ်းဆင်နွှဲခဲ့သည်။ **(ယာပုံ)**

" နိုဝင်ဘာ ၂၅ ရက်က ဒီဇင်ဘာ ၁၀ ရက်အထိ ၁၆ ရက်တာ အမျိုးသမီးများအပေါ်အကြမ်းဖက်မှု ပပျောက်ရေးလှုပ်ရှားမှ ပညာပေးလှုံ့ဆော်မှုတွေကို အမျိုးသမီးရေးလှုပ်ရှားသူတွေနဲ့အတူ ကျင်းပနေကြပါတယ်။ နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သလို မြန်မာအမျိုးသားတွေနဲ့ အမျိုးသမီးငယ်တွေအတွက်လည်း အမျိုးသမီးအခွင့်အရေးချိုးဖောက်ခံနေရတာတွေ၊ အိမ်တွင်းအကြမ်းဖက်မှုတွေ၊ သက်ငယ်မုဒိမ်းနဲ့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ ပပျောက်ရေး ဥပဒေအကြောင်းအရ ထိထိရောက်ရောက် ကာကွယ်ပေးဖို့အတွက် အခုလိုစည်းစည်းရုံးရုံးညီညီညွတ်ညွတ် ကူညီဆောင်ရွက်နိုင်စေရေးအဓိကရည်ရွယ်ချက်နဲ့ လူထုလမ်းလျှောက်ပွဲကို လှုပ်ရှားဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်'' ဟု တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**တွဲလက်ညီညီဆောင်ရွက်**

၂၀၁၉ ခုနှစ်အတွက် ကုလသမဂ္ဂမှ ချမှတ်သည့် ဆောင်ပုဒ်မှာ မုဒိမ်းမှုများတားဆီးဖို့ မုဒိမ်းမှုများ ပပျောက်ဖို့ အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ကြပါစို့ ဖြစ်ပြီး ယခုအခါ အမျိုးသမီးများသည် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု လိင်ပိုင်းဆိုင်ဆိုင်ရာ အကြမ်းဖက်မှုများကို ခံစားနေရသည့်အတွက် အမျိုးသမီးကော်မတီ၏ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအထိမ်းအမှတ်ဆောင်ရွက်မှုတွင် ပြည်သူလူထုအနေဖြင့် တွဲလက်ညီညီဆောင်ရွက်ပြီး မုဒိမ်းမှုများ ပပျောက်ရန်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ ပပျောက်ရေးနှင့် ကျား-မ အခြေပြု အကြမ်းဖက်မှု ပပျောက်ရေး အမျိုးသားများလည်း ပါဝင်ကြရန် တိုက်တွန်း နှိုးဆော်ထားကြောင်း သိရသည်။



**သန်းနိုင်ဦး (ငဖဲ)**

## ကမ္ဘာ့ ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ပိုစတာ၊ စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မိုးကောင်း နိုဝင်ဘာ ၂၅**
ဖီးနစ်(စ်) လူမှုကူညီရေးအသင်း(မိုးကောင်း)နှင့် မြို့နယ်ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကမ္ဘာ့ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲကို နိုဝင်ဘာ ၂၃ ရက်က မိုးကောင်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပြိုင်ပွဲများကို "အေအိုင်ဒီအက်စ်ရောဂါကင်းဝေးရေး လူထုအားလုံးပါဝင်ပေး" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး အထက်တန်း စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ၁၂ ဦး၊ ပိုစတာပြိုင်ပွဲတွင် ၁၆ ဦး၊ အလယ်တန်း စာစီစာကုံးပြိုင်ပွဲတွင် ၁၂ ဦး၊ ပိုစတာပြိုင်ပွဲတွင် ၂၉ ဦး၊ မူလတန်း ပန်းချီပြိုင်ပွဲတွင် ၃၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး ဦးကျော်ကျော်မင်းနှင့် ဆရာ ဆရာမများ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကောင်းမြတ်စံ၊ ဖီးနစ်(စ်) လူမှုကူညီရေးအသင်း(မိုးကောင်း)မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကာ ဆုရရှိသူများအား ဒီဇင်ဘာ ၁ ရက်တွင် ကျင်းပမည့် ကမ္ဘာ့ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



## ဝမ်းတွင်းမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာအဆီနှင့် အခဲ ထုတ်လုပ်နည်း သင်တန်းဖွင့်

**ဝမ်းတွင်း နိုဝင်ဘာ ၂၅**
မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်အတွင်းမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရည်ရွယ်၍ မြို့နယ်အမျိုးသမီးကော်မတီနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာအဆီနှင့် အခဲ ထုတ်လုပ်နည်းသင်တန်းကို ယမန်နေ့က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးမင်းထက်က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရီရီဦးက သင်တန်းဖွင့်လှစ်ခြင်းရည်ရွယ်ချက်နှင့် သင်တန်းပြီးဆုံးသွားပါက အလုပ်အကိုင် အခွင့်အလမ်းရရှိ၍ မိသားစုဝင်ငွေတိုးပွားစေမည့်သင်တန်းဖြစ်သောကြောင့် ကြိုးစားသင်ယူစေလိုကြောင်း မှာကြားသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ပြီး သင်တန်းကို သင်တန်းနည်းပြများက စာတွေ့လက်တွေ့သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**ငြိမ်းသူ**

## မင်းတုန်းမြို့၌ လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ရေပေးဝေရေးလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်မည်

**မင်းတုန်း နိုဝင်ဘာ ၂၅**
မင်းတုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ငွေလုံးငွေရင်း ရန်ပုံငွေများ အသုံးပြု၍ မြို့တွင်းလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် ရေပေးဝေရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင် အမှုဆောင်အရာရှိထံမှ သိရသည်။

"မြို့အတွင်း ရပ်ကွက် လေးခုမှာရှိတဲ့ လမ်းငါးလမ်းကို ကွန်ကရစ်လမ်းဖြစ်အောင် လုပ်ပါမယ်၊ မြို့ရေပေးဝေရေး လုပ်ငန်းတွေကိုလည်း လိုအပ်ချက်တွေ ထပ်မံဖြည့်ဆည်းသွားဖို့ရှိပါတယ်။ လမ်းတွေအတွက်တော့ အိတ်ဖွင့်တင်ဒါ ခေါ်ပြီးသွားပါပြီ။ ရေပေးဝေရေးလုပ်ငန်းအတွက်လည်း တင်ဒါခေါ်ပါမယ်"ဟု မင်းတုန်းမြို့နယ်စည်ပင် အမှုဆောင်အရာရှိ ဦးသိန်းဝင်းက ပြောသည်။

ကွန်ကရစ်ခင်း၍ အဆင့်မြှင့်တင်မည့် လမ်းများမှာ အဝေရာလမ်း(အရှည် ပေ ၅၀၀)၊ ဗိုလ်ရွှေ ကမ်းနားလမ်း(အရှည် ပေ ၄၄၀)၊ အစဉ်သဖြင့်လမ်း(အရှည် ၄၉၅ ပေ)၊ ဘုရင့်နောင်လမ်း(အရှည် ပေ ၄၈၀)နှင့် စံပြလမ်း(အရှည် ပေ ၈၈၀) စုစုပေါင်း အရှည် ၂၇၉၅ ပေဖြစ်ပြီး အကျယ် ၁၂ ပေ၊ ထု ရှစ်လက်မ ကွန်ကရစ်လမ်းများ တည်ဆောက်ခွင့် တင်ဒါကို ခေတ်သစ်ကုမ္ပဏီက အဆိုပြုဈေး ၆၉ ဒသမ ၄၅၈ သန်းဖြင့် နိုဝင်ဘာ ၂၃ ရက်က ပြုလုပ်သည့် တင်ဒါပွဲတွင် အောင်မြင်ထားသည်။

ရေပေးဝေရေးလုပ်ငန်းအတွက် ရေစိမ့်တွင်းကျယ်များ တူးဖော်ခြင်း၊ ရေမြှုပ်ပန့်နှင့် ဂိတ်ဘားများ တပ်ဆင်ခြင်း၊ ရေပိုက်လိုင်းများပြုပြင်ခြင်း၊ ၁၅၀ ကေဗွီအေထရန်စဖော်မာတစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ခြင်းတို့ အတွက်လည်း တင်ဒါခေါ်သွားမည်ဖြစ်ကြောင်း မင်းတုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**ဇေယျာတု(မကွေး)**

## GAP ဈေးကွက်ဖြင့် ရောင်းချနိုင်ခြင်းမရှိသေးသော်လည်း GAP စနစ်ဖြင့် ဆက်လက်စိုက်ပျိုး

**ရေစကြို နိုဝင်ဘာ ၂၅**
ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် တောင်သူများက စားသုံးသူများ သီးနှံများကို ဘေးကင်းလုံခြုံစွာ စားသုံးနိုင်ရန်အတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practices-GAP) စနစ်ဖြင့် သခွားမွှေးများနှင့် သရက်သီးများကို စိုက်ပျိုးကြပေမယ့်လည်း သီးနှံများမှာ GAP ဈေးကွက်မရရှိဘဲ ရိုးရိုး ဈေးကွက်ဖြင့်သာ ရောင်းချနေရကြောင်း တောင်သူများထံမှ သိရသည်။

GAP ဆိုသည်မှာ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ဆိုလိုခြင်းဖြစ်ပြီး အချက် ၁၆ ချက်နှင့်အညီစိုက်ပျိုးရသည်။ အဆိုပါ အချက်များတွင် သီးနှံများစတင်စိုက်ပျိုးရန် မြေရွေးချယ်ချိန်မှစကာ သီးနှံများကို သိမ်းဆည်းထုပ်ပိုးပြီး စားသုံးသူများထံ ရောက်ရှိသည်အထိ စိုက်ပျိုးထုတ်လုပ်မှု အဆင့်တိုင်းတွင် သီးနှံစားသုံးသူများနှင့် စိုက်ပျိုးထုတ်လုပ်သူများတွင် ဘေးအန္တရာယ်မဖြစ်စေဘဲ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာဖြစ်စေရေးကို ဦးတည်ထားသည့် စိုက်ပျိုးနည်းစနစ်ကောင်းဖြစ်သည်။

ရေစကြိုမြို့နယ်တွင် GAP ၁၆ ချက်နှင့်အညီ စနစ်တကျစိုက်ပျိုးသော GAP သီးနှံများကို GAP ဈေးဖြင့် ရောင်းချနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

"ကျွန်တော်စိုက်တဲ့ သခွားမွှေး GAP အသီးတွေကို GAP ဈေးကွက်တစ်ခုအနေနဲ့ မရောင်းနိုင်သေးဘူး။ သခွားမွှေးက တရုတ်ပြည်က ဈေးကွက်တစ်ခုကို တင်ပို့နေရတာဆိုတော့ တရုတ်ပြည်က ဘာအသီးဖြစ်ဖြစ်ဝယ်တယ်။ ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့ အဓိကမထားသေးဘူး"ဟု ကမ်းဖြူကျေးရွာမှ သခွားမွှေး စိုက်တောင်သူဦးကျော်မင်းက ပြောသည်။

ဦးကျော်မင်းသည် GAP သခွားမွှေးကို ယခင်နှစ်ကစတင်စိုက်ပျိုးခဲ့ကာ GAP လက်မှတ်ရရှိရန် GAP နည်းဖြင့် စိုက်ပျိုးထားသောသခွားမွှေးကို ရန်ကုန်ဓာတ်ခွဲခန်းသို့ပေးပို့ စစ်ဆေးခဲ့ရာ သီးနှံရောင်းချပြီးချိန်မှ သာလျှင် လက်မှတ်ရရှိခဲ့သည်ဟု သိရသည်။

ထိုသို့ သခွားမွှေးများ GAP လက်မှတ်ရရှိရန် နောက်ကျခဲ့ပြီး GAP ဈေးကွက်ဖြင့် ရောင်းချနိုင်ခြင်းမရှိသေးသော်လည်း GAP သခွားမွှေးများမှာ အသီး အရည်အသွေးမြင့်မားသဖြင့် ရိုးရိုးအသီးဈေးကွက်တွင် အမြင့်ဆုံးဈေးနှုန်းဖြင့်ရောင်းချခဲ့ရသည်ဟု သိရသည်။

ထို့အတူ ရေစကြိုမြို့မှ GAP သရက်သီးစိုက်ပျိုးသူ ဦးဝင်းနိုင်ကလည်း GAP သရက်သီးများကို ရိုးရိုးသရက်သီး ဈေးကွက်တွင်သာ ရောင်းချရလျက်ရှိပြီး GAP လက်မှတ်ရရှိရန် သရက်သီးကို ဓာတ်ခွဲခန်းသို့ပေးပို့စစ်ဆေးရာ တစ်လခန့်ကြာမြင့်မှ GAP လက်မှတ်ရရှိခဲ့သည်ဟု သိရသည်။ "GAP လက်မှတ်ရဖို့ အခုလို မခက်ခဲအောင်လို့ ဓာတ်ခွဲစမ်းသပ်တာတွေကို မြို့နယ်အဆင့်နဲ့တင်နေ့ချင်းပြီး လုပ်ပေးနိုင်ရင်လက်မှတ်ကိုလည်း မြို့နယ်အဆင့်မှာတင် ထုတ်ပေးနိုင်ရင် တခြားတောင်သူတွေလည်း လိုက်လုပ်ကြမှာပါ။ ပညာပေးလုပ်ငန်းတွေလည်း လုပ်ပေးမယ်ဆိုရင် GAPသီးနှံကို တစ်တိုင်းပြည်လုံးနီးပါးပေါ့။ အကုန်လုံးမဖြစ်တောင် အကုန်နီးပါးလောက် စိုက်လာနိုင်တယ်" ဟု Nine Star သရက်ခြံပိုင်ရှင် ဦးဝင်းနိုင်က ပြောသည်။

ဦးဝင်းနိုင်သည် စိန်တစ်လုံးသရက်သီးများနှင့် ပတ္တမြားငမောက်သရက်သီးများကို GAP စနစ်ဖြင့် စိုက်ပျိုးလာသည်မှာ ၁၄ နှစ်ခန့်ရှိပြီဖြစ်ပြီး ယခင်နှစ်မှ GAP သီးနှံအဖြစ် ဓာတ်ခွဲစစ်ဆေးခံခဲ့ကာ GAP လက်မှတ်ရရှိခဲ့သည်ဟု သိရသည်။

တောင်သူများက လူများနှင့် သဘာဝပတ်ဝန်းကျင်အတွက် ဘေးကင်းလုံခြုံသည့် အစားအသောက်များ စိုက်ပျိုးထုတ်လုပ်လိုသော်လည်း GAP လက်မှတ်ရရန် ဖြတ်သန်းရသည့် အဆင့်များကြောင့် GAP စနစ်ကိုရေရှည်အကောင်အထည်ဖော်ရန် ခက်ခဲလာနိုင်ကြောင်း တောင်သူများက သုံးသပ်ပြောကြားသည်။

ရေစကြိုမြို့နယ်တွင် GAP စနစ်ဖြင့် သခွားမွှေး၊ သရက်သီး၊ စပါးတို့ကို စိုက်ပျိုးလျက်ရှိသည်ဟု သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှလည်း တောင်သူများ GAP စနစ်ဖြင့် စိုက်ပျိုးကြရန် ပညာပေး ဟောပြောလျက်ရှိသည်ဟု သိရသည်။

"GAP ဆိုတာကိုအရင်က လူတွေက မသိဘူး။ အခုဆိုရင်GAPကို ၁၀၀ ရှိရင် ၁၅ ရာခိုင်နှုန်းလောက်တော့ GAP ဆိုတာ ဘယ်လိုဟာလဲဆိုတာ ကြားဖူးနားဝတွေ လေ့လာလာကြတာပေါ့။ မီဒီယာတွေ အားကောင်းလာတဲ့အတွက် ဒီဟာကတဖြည်းဖြည်းနဲ့ပြန့်လာတာပေါ့"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ဌေးက ပြောသည်။

GAP လက်မှတ်ရရှိရန် စိုက်ပျိုးမြေကိုတိုင်းဒေသကြီးစိုက်ပျိုးရေး ဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီး စိုက်ပျိုးရေတွင် Heavy Metal များ ပါ မပါ သိရှိရန် ရန်ကုန်စိုက်ပျိုးရေး ဦးစီးဌာနမှ စစ်ဆေးကြောင်း သိရသည်။ GAP စနစ်ဖြင့် စိုက်ပျိုးပြီး ထွက်ရှိလာသည့် သီးနှံများကို Maximum Residue Limit (MRL) ဟုခေါ်သည့် ဓာတုဓာတ်ကြွင်းရှိ မရှိကို ရန်ကုန်စိုက်ပျိုးရေး ဦးစီးဌာနမှ စစ်ဆေးပေးပြီးနေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ GAP လက်မှတ်ကို ထုတ်ပေးသည်ဟု သိရသည်။ GAP သီးနှံစိုက်ပျိုးသူများနှင့် စိုက်ပျိုးလိုသူများကို သီးနှံစတင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းထုပ်ပိုးချိန်အထိ GAP ၁၆ချက်နှင့်ကိုက်ညီရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးကူညီဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

ရေစကြိုမြို့နယ်မှ GAP သီးနှံစိုက်ပျိုးသူများသည် GAP ဈေးကွက်တစ်ခုရရှိရန်နှင့် GAP လက်မှတ်ကို လွယ်လင့်တကူ လျင်မြန်စွာရရှိရန် လိုလားလျက်ရှိပြီး နေ့စဉ်စားသုံးနေကြသော သီးနှံများကို ဘေးကင်းလုံခြုံသောအစားအစာများ ဖြစ်စေရန် အခြားတောင်သူများပါ GAPစနစ် ဖြင့် စိုက်ပျိုး ကြစေလိုပြီး ၎င်းတို့ကလည်း GAP စနစ်ဖြင့်ပင် ဆက်လက်စိုက်ပျိုးသွားကြမည်ဖြစ်ကြောင်း တောင်သူများထံမှ သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# Nippon Maru သင်္ဘောဖြင့် လေ့လာရေးခရီးစဉ် ထွက်ခွာလာသော အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ် မလေးရှားနိုင်ငံသို့ ဆက်လက်ထွက်ခွာ



ရန်ကုန် နိုဝင်ဘာ ၂၅

**Nippon Maru သင်္ဘောဖြင့် လေ့လာရေးခရီးစဉ်ထွက်ခွာလာသော (၄၆) ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ် (Ship for Southeast Asian and Japanese Youth Program – SSEAYP) သည် ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှ မလေးရှားနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားသည်။**

အရှေ့တောင်အာရှနှင့် ဂျပန် လူငယ်များ သင်္ဘောခရီးစဉ်တွင် လိုက်ပါသွားသည့် ကျောင်းသား လူငယ်များအား ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူလေးများ၊ ယခင် SSEAYP ခရီးစဉ်တွင် လိုက်ပါခဲ့ကြသည့် SSEAYP International Myanmar (SI Myanmar) အဖွဲ့ဝင်များနှင့် မိဘဆွေမျိုးများက ပို့ဆောင်နှုတ်ဆက် ကြသည်။

အဆိုပါ ခရီးစဉ်တွင် ဂျပန်နှင့် အာဆီယံ(၁၁)နိုင်ငံမှ ကျောင်းသား လူငယ် ၃၃၀ ပါဝင်ပြီး မြန်မာနိုင်ငံမှ လူငယ် ၂၈ ဦးနှင့် ကြီးကြပ်သူတစ်ဦး ပါဝင်သည်။

(၄၆)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘော ခရီးစဉ်သည် နိုဝင်ဘာ ၃ ရက်မှစတင်၍ ဂျပန်မှ ဗီယက်နမ်၊ ဗီယက်နမ်မှ စင်ကာပူ၊ စင်ကာပူမှ ရန်ကုန်၊ ရန်ကုန်မှ ယနေ့တွင် မလေးရှားနိုင်ငံသို့ ဆက်လက် ထွက်ခွာခြင်းဖြစ်ပြီး မလေးရှားနိုင်ငံသို့ နိုဝင်ဘာ ၂၉ ရက်တွင် ဆိုက်ကပ်မည်ဖြစ်ကာ ဒီဇင်ဘာ ၂ ရက်တွင် မလေးရှားမှ ဆက်လက် ထွက်ခွာ၍ ဂျပန်နိုင်ငံသို့ ဒီဇင်ဘာ ၁၂ ရက်တွင် ရောက်ရှိ ခရီးစဉ် ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နှင့် အာဆီယံ ၁၁ နိုင်ငံမှ ကျောင်းသားလူငယ်များသည် ရန်ကုန်မြို့သို့ရောက်ရှိစဉ် တက္ကသိုလ် ကိုးခုသို့ သွားရောက်ကာ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ Institutional Visit and Interaction with local Youths စီစဉ်ဆောင်ရွက်ခြင်း၊ အထင်ကရနေရာများသို့ လည်ပတ်ခြင်း၊ Homestay နေထိုင်ခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်း– မင်းသစ်(MNA)၊ သန့်ဇင်ဝင်း**
**ဓာတ်ပုံ–နေလင်း**

## မြန်မာ့ရုပ်မြင်သံကြား

၂၆–၁၁–၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆:၀၀ – တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ – Breakfast News
- ၈:၃၅ – "ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်စုစုလွင် နှင့်တွေ့ဆုံမေးမြန်းခြင်း"
- ၉:၃၅ – နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကောဝိဒ (အဂ္ဂမဟာပဏ္ဍိတ သာသနာ့ ဝေပုလ္လကျောင်း၊ မိတ္ထီလာမြို့၊မန္တလေးတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
- ၉:၄၅ – "၂၀၁၈ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရရှင်နှင့် တွေ့ဆုံခြင်း" (ဦးထွန်းအောင်ချိန်)
- ၁၁:၃၅ – မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ်
- ၁၂:၅၀ – တိပိဋကရေတိပိဋကကောဝိဒ ဘဒ္ဒန္တဝီရိယာနန္ဒ ဟောကြားသော "ရဟန်းတစ်ပါးကြွလာသည်" တရားတော်
- ၁၄:၅၅ – သက်ငယ်မုဒိမ်းမှုကင်းစင်ရေး အားလုံးပူးပေါင်းပါဝင်ပေး

**ညပိုင်း**

- ၁၆:၄၀ – ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (စကောကရင်) (အပိုင်း–၁)
- ၁၈:၂၀ – "မြန်မာနိုင်ငံဆိုင်ရာချက်သမ္မတနိုင်ငံသံအမတ်ကြီးနှင့် တွေ့ဆုံမေးမြန်းခန်း"
- ၁၈:၄၀ – "REDD+ နှင့် မဟာဗျူဟာ"
- ၁၉:၂၅ – နိုင်ငံခြားဇာတ်လမ်းတွဲ
- ၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၅ – "အိပ်မက်လမ်းသို့ခရီးရှည်" (ပဇယ်ကျေးရွာမှ ချီယာဝါဒီသို့)
- – "၂၀၁၈ ခုနှစ်အတွက် အမျိုးသား စာပေဆုရရှင်နှင့် တွေ့ဆုံခြင်း" (စာရေးဆရာမဂျူး)
- – နိုင်ငံခြားဇာတ်လမ်းတွဲ

## ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ်ရှေ့ရှိ ပြည်လမ်းမအောက်တွင် မြေအောက်ဥမင်လျှောက်လမ်းတစ်ခုဖောက်လုပ်မည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ်ရှေ့ရှိ ပြည်လမ်းမအောက်တွင် ပြည်သူများ ဖြတ်သန်း သွားလာရန်အတွက် မြေအောက်ဥမင် လျှောက်လမ်းတစ်ခု ဖောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

**ဆွေးနွေးညှိနှိုင်း**

အဆိုပါနေရာတွင် မြေအောက်ဥမင်ဖောက်လုပ်မည်ဖြစ်သော်လည်း လက်ရှိတွင် ဆွေးနွေးညှိနှိုင်းဆဲ အဆင့်သာရှိသေးကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ စုံစမ်းသိရှိရသည်။

**လူသွားလူလာများပြား**

မြေအောက်ဥမင် ဆောက်လုပ်မည့်နေရာ အနီးတစ်ဝိုက်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်၊ ပညာရေး တက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ အဝေးသင်တက္ကသိုလ်နှင့် Junction Square တို့ တည်ရှိပြီး လူသွားလူလာများပြားသော နေရာတစ်ခုဖြစ်သည်။ ဥမင်ဖောက်လုပ်ရာတွင် ထည့်သွင်းတည်ဆောက်မည့် အစီအမံများအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ကုမ္ပဏီများ ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရသည်။

**သတိပေးဆိုင်းဘုတ်များတပ်ဆင်**

လက်ရှိတွင် မြေအောက်ဥမင်ဖောက်လုပ်ရန် လျာထားသတ်မှတ်ထားသည့် ပညာရေးတက္ကသိုလ်ရှေ့ ပြည် လမ်းမဘေးတွင် အကာအရံများကာရံထားပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ သတိပေးဆိုင်းဘုတ်များတပ်ဆင်ထားသည်ကို တွေ့ရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

## ဂွမြို့ ဒေါင်းချောင်းတံတား ရက်မသုံးချောင်းကျိုးကျမှုဖြစ်ပြီး ယာယီလမ်းပိတ်ဆို့ဖြစ်ပွားမှုကို အချိန်မီပြန်လည်ပြင်ဆင်

ဂွ နိုဝင်ဘာ ၂၅

ရခိုင်ပြည်နယ် ဂွမြို့ ဒေါင်းချောင်းအုပ်စု ကွင်းကြီးကမ်းနားကျေးရွာ ဂွ–ငါးသိုင်းချောင်း ကားလမ်းမိုင်တိုင်အမှတ် (၄၂/၁)နှင့် (၄၂//၂)ကြား တံတားအမှတ် (၁/၄၃) သံပေါင်ဘေလီအမျိုးအစား အရှည် ပေ ၁၅၀၊ အကျယ် ၁၂ ပေရှိသည့် ဒေါင်းချောင်းတံတားတွင် တန်ချိန်များသော မော်တော်ယာဉ်များဖြတ်သန်းမှုကြောင့် ယနေ့ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရက်မတန်းသုံးချောင်းကျိုးကျကာ ယာယီလမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့သည်။

**ဖြတ်သန်းသွားလာနိုင်ပြီ**

အဆိုပါ လမ်းပိတ်ဆို့မှုကြောင့် ယာဉ်များဖြတ်သန်းသွားလာနိုင်ရေးအတွက်လမ်းအထူးအဖွဲ့(၂၀)မှ အင်ဂျင်နီယာများက မွန်းလွဲ ၁ နာရီမှ စတင်ပြင်ဆင်ခဲ့ရာ ညနေ ၅နာရီ ၄၅ မိနစ်တွင် အချိန်မီပြီးစီးခဲ့သဖြင့် ယခုအခါ ယာဉ်ကြီး၊ ယာဉ်ငယ်များဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်ဈေးကွက်သို့ မိုးကြက်သွန်နီအသစ်ဝင်ရောက်

**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာ ၂၅ ရက်က ဆင်ဖြူကျွန်းမိုးကြက်သွန်နီအသစ်များအပါအဝင် ကြက်သွန်နီပိဿာချိန် ၂၁၆၀၀၀ ဝင်ရောက်လာပြီး ကြက်သွန်နီအဟောင်းမှာ လက်ကားတစ်ပိဿာငွေကျပ် ၁၈၀၀–၂၅၀၀ –၂၇၀၀–၂၉၀၀ နှုန်း ၊ မိုး ကြက်သွန်နီအသစ်မှာ လတ်သန့် လက်ကားတစ်ပိဿာ ငွေကျပ် ၁၇၀၀၊ လတ်ကြီး တစ်ပိဿာ ငွေကျပ် ၂၁၀၀ နှုန်းရှိသည်ဟု ရေတမာလမ်း ကြက်သွန်နီပွဲရုံမှ သိရသည်။


နယ်တွင် မြစ်သားကြက်သွန်နီ အသစ်များတူးဖော် ဈေးကွက်တင်ပို့မှုများရှိရာ ယခုအပတ်အတွင်း ရန်ကုန်ဈေးကွက်သို့ မြစ်သားအပါ အဝင် မိုးကြက်သွန်နီအသစ်များ ဝင်ရောက်မှုရှိလာမည်ဟု သိရသည်။

ယခုရက်ပိုင်း ဘင်္ဂလားဒေ့ရှ်နယ်စပ်သို့ ကြက်သွန်နီတင်ပို့ရန် အဝယ်ရပ်သည်ဆိုသော်လည်း နိုဝင်ဘာ ၂၃ ရက်တွင် ပေါက်ဈေး ထက် တစ်ပိဿာငွေကျပ် ၃၀၀ ဈေးလျှော့၍ ပွဲရုံအချို့က ဝယ်ယူကာ နယ်စပ်သို့အမြန်တင်ပို့မှုရှိခဲ့သည်ဟု သိရသည်။

အောက်တိုဘာအထိ လစဉ် မူဆယ်နယ်စပ်သို့ကြက်သွန်နီ တန်ချိန်တစ်သောင်းဝန်းကျင် တင်ပို့ခဲ့ရကြောင်း၊ နိုဝင်ဘာလတတိယပတ်နောက်ပိုင်း မူဆယ်နှင့် အနောက်ဘက်နယ်စပ်များသို့ ကြက်သွန်နီတင်ပို့ခြင်းမရှိဘဲ ရန်ကုန် ဈေးကွက်သို့သာ အဓိကထားတင်ပို့ လာနေကြောင်း ရန်ကုန်ကြက်သွန်ဈေးကွက်မှ သိရသည်။

မြန်မာပြည်တွင်း ဈေးကွက်တွင်လည်း အနောက်ဘက်နယ်စပ်ပို့ရန် အဝယ်ရှိလာ၍ နိုဝင်ဘာ ၁၈ရက် တွင် လက်ကားတစ်ပိဿာ ငွေကျပ် ၂၁၀၀– ၃၀၀၀–၃၂၀၀– ၃၄၀၀ နှုန်းအထိ ဈေးမြင့်တက်ခဲ့သော်လည်း အဝယ်ရပ်လိုက်သည့်အခါ နိုဝင်ဘာ ၂၀ ရက်တွင် ငွေကျပ် ၁၇၀၀– ၂၅၀၀–၂၇၀၀–၂၉၀၀ နှုန်းသို့ ဈေးကျဆင်းလာကြောင်း ကြက်သွန်နီပွဲစားများထံမှ သိရသည်။

**ခင်ဆိုင်**




## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၂၅**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသ ကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ဆီးဂိမ်းပြိုင်ပွဲ အဖွင့်ပွဲတွင် မြန်မာနှင့် မလေးရှား သရေကျ

**မနီလာ နိုဝင်ဘာ ၂၅**

အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပထမနေ့ကို ယနေ့ညနေပိုင်းက ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ စတင်ကျင်းပရာ မြန်မာအသင်းနှင့် မလေးရှားအသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။

မြန်မာ ယူ-၂၂ အသင်းသည် ဦးဆောင်ဂိုးရခဲ့သော်လည်း ဂိုးပြန်ပေးလိုက်ရသောကြောင့် အဖွင့်ပွဲတွင် နိုင်ပွဲရမည့် အခွင့်အရေးလက်လွှတ်ခဲ့ရသည်။ မြန်မာ ယူ-၂၂ အသင်းသည် ပထမပိုင်းတွင် ကစားပုံကောင်းမွန်ခဲ့ပြီး ဂိုးသွင်းခွင့်များရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ နိုင်ပွဲနှင့် လွဲချော်ခဲ့ရသည်။ ဆီးဂိမ်းပြိုင်ပွဲကို သက်တမ်းအလိုက်အဖြစ် ပြောင်းလဲပြီး နောက်ပိုင်း မလေးရှားနှင့် တွေ့ဆုံတိုင်း ပွဲတိုင်း အရေးနိမ့်ထားသည့် အစဉ်အလာဆိုးကို မြန်မာအသင်းအနေဖြင့် သရေကစားကာ အဆုံးသတ်နိုင်ခဲ့ပြီဖြစ်သည်။

မြန်မာ ယူ-၂၂ အသင်းနည်းပြချုပ် ဗိုပေါ့ဗ်သည် ဆန်းဆက်နိုင်**(ဂိုး)**၊ **နောက်တန်း**-စိုးမိုးကျော်၊ ရဲမင်းသူ၊ ရဲရင့်အောင်၊ အောင်ဝဏ္ဏစိုး၊ **အလယ်တန်း**-လှိုင်းဘိုဘို၊ အောင်နိုင်ဝင်း၊ လွင်မိုးအောင်၊ **ရှေ့တန်း**-မြတ်ကောင်းခန့်၊ အောင်ကောင်းမာန်၊ ထက်ဖြိုးဝေတို့ဖြင့် ပွဲထွက်ခဲ့သည်။ ပြိုင်ပွဲစည်းမျဉ်းအရ အသက် ၂၂ နှစ်အထက် ကစားသမားနှစ်ဦး ထည့်သွင်းခွင့်ရမည်ဖြစ်ရာ ဗိုပေါ့ဗ်အနေဖြင့် ပွဲထွက်လူစာရင်းတွင် လှိုင်းဘိုဘို တစ်ဦးတည်းကိုသာ အသုံးပြုခဲ့ပြီး စည်သူအောင်ကိုမူ လူစားလဲ ကစားသမားအဖြစ်သာ အသုံးပြုခဲ့သည်။ မြန်မာအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့် ကစားခဲ့ပြီး မြတ်ကောင်းခန့်၊ အောင်ကောင်းမာန်နှင့် ထက်ဖြိုးဝေတို့၏ တိုးအားများက အလုပ်ဖြစ်ခဲ့သည်။

၁၃ မိနစ်တွင် မြန်မာအသင်း ဦးဆောင်ဂိုးရခဲ့ပြီး လှိုင်းဘိုဘို ကန်တင်ပေးသည့် ထောင့်ကန်ဘောကို စိုးမိုးကျော်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်းကသာ ပွဲကို ဦးဆောင်နိုင်ခဲ့သော်လည်း ၂၄ မိနစ်တွင် အမှားမှတစ်ဆင့် ဂိုးပြန်ပေးလိုက်ရပြီး အဗ္ဗဒူရာဇတ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်း ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများ ရခဲ့သော်လည်း အောင်ကောင်းမာန်၊ လှိုင်းဘိုဘိုနှင့် မြတ်ကောင်းခန့်တို့၏ ကန်သွင်းမှုများကို မလေးရှားဂိုးသမား ကာကွယ်နိုင်ခဲ့သည်။ ဒုတိယပိုင်းတွင်မူ မြန်မာအသင်းက ဝင်းနိုင်ထွန်း၊ စည်သူအောင်နှင့် နေမိုးနိုင်တို့ကို ထည့်ကာ အပြောင်းအလဲပြုလုပ်ခဲ့သည်။ ဒုတိယပိုင်းတွင် မလေးရှားအသင်းက ကစားပုံပိုကောင်းခဲ့ပြီး ဂိုးရနိုင်သည့် အခွင့်အရေးများ ဘားထိထွက်ခြင်း၊ မြန်မာဂိုးသမား ဆန်းဆက်နိုင် ကာကွယ်နိုင်ခဲ့ခြင်းတို့ကြောင့် ဂိုးထပ်မပေးရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ဂိုးရနိုင်သည့်အခွင့်အရေး အနည်းငယ်သာရခဲ့ပြီး စည်သူအောင် အသုံးမချနိုင်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။

မြန်မာအသင်းသည် အုပ်စု ဒုတိယပွဲအဖြစ် နိုဝင်ဘာ ၂၇ ရက်တွင် အိမ်ရှင်ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့် (ခေတ္တ-မနီလာ)**



မြန်မာအသင်းမှ စိုးမိုးကျော်၏ ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးပမ်းမှုကို မလေးရှားဂိုးသမား ကာကွယ်စဉ်။

# ပထမဦးဆုံးအကြိမ် Stiga Cup စားပွဲတင်တင်းနစ် ချန်ပီယံရှစ်ပြိုင်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၅**

မျိုးဆက်သစ် စားပွဲတင်တင်းနစ် အားကစားသမားများ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်ပြီး ပထမဦးဆုံးအကြိမ် Stiga Cup စားပွဲတင်တင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။




နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီက အဆိုပါ စတီဂါ Stiga Cup စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ရှိ Time City ပရိမိုးရှင်းဧရိယာတွင် ကျင်းပသည်။ ပြိုင်ပွဲတွင် အကြီးတန်း၊ အသက် ၂၁ အောက်၊ အဖွဲ့လိုက်၊ အပျော်တန်း၊ တစ်ဦးချင်းပြိုင်ပွဲများ ယှဉ်ပြိုင်ကစားကြသည်။ (ဝဲပုံ)

"လူငယ် ကစားသမားလေးတွေအားလုံး သူတို့ရဲ့ နည်းစနစ်ပိုင်းတွေ မြင့်မားအောင်၊ စားပွဲတင်တင်းနစ်အားကစားနည်းကို လူတွေ ပိုမိုသိရှိလာအောင် ကျင်းပရခြင်းဖြစ်ပါတယ်။ ပရိမိုးရှင်းဧရိယာမှာ လုပ်တယ်ဆိုတာက ဒီအားကစားနည်းကို လူတွေပိုသိလာအောင်လို့ပါ၊ လူငယ်လက်ရွေးစင်တွေ ထွက်ပေါ်လာအောင်လည်း ရည်ရွယ်ပါတယ်" ဟု ပြိုင်ပွဲကျင်းပရေးတာဝန်ခံ ကိုဖုန်းမြင့်က ဆိုသည်။

အဆိုပါ စားပွဲတင်တင်းနစ် ချန်ပီယံရှစ်ပြိုင်ပွဲကို Time City နှင့် World Sport တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ စားပွဲတင်တင်းနစ်ကစားသမား ၁၆၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အာကာစိုး**

# ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ ယနေ့ စတင်မည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၁၉ ခုနှစ် အကြိမ်(၃၀)မြောက် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပထမနေ့ပွဲစဉ်များကို နိုဝင်ဘာ ၂၆ ရက်**(ယနေ့)** စတင်ကျင်းပမည်ဖြစ်သည်။

ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အသင်းခြောက်သင်းသာ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (က)တွင် ဖိလစ်ပိုင်၊ မလေးရှားအသင်းတို့နှင့် ပါဝင်နေကာ အုပ်စု(ခ)တွင်မူ လက်ရှိချန်ပီယံ ဗီယက်နမ်၊ ထိုင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ပါဝင်နေသည်။ အုပ်စုပထမနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် မြန်မာအသင်းနှင့် အိမ်ရှင်ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အိမ်ရှင်ဖိလစ်ပိုင်အသင်းနှင့် စတင်ကစားရမည်ဖြစ်ပြီး အဖွင့်ပွဲရလဒ်ကောင်းရန်လိုအပ်နေသလို အုပ်စုပထမနေရာအတွက်ပါ အရေးပါလျက်ရှိသည်။ မြန်မာအသင်းသည် အင်အားကြီးအသင်းများကို ရှောင်ရှားနိုင်ခဲ့ပြီး အုပ်စုချောင်နေသော်လည်း အုပ်စုပထမနေရာရယူနိုင်ရန် ဖိလစ်ပိုင်နှင့်ပွဲမှာ အရေးပါလျက်ရှိသည်။ မလေးရှားအသင်းသည် အုပ်စု(က)တွင် အင်အားအနည်းဆုံးဖြစ်ပြီး ဖိလစ်ပိုင်အသင်းသည် တိုးတက်လာသည့်အပြင်အိမ်ရှင်အသင်းဖြစ်သောကြောင့် လျှော့တွက်၍ မရသည့်အနေအထားပင်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်း၏ ပြင်ဆင်မှုအနေအထား၊ စုဖွဲ့မှုအနေအထားများမှာ ကျေနပ်စရာကောင်းသည့် အနေအထားရှိနေပြီး ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ နိုင်ငံတကာ ခြေစမ်းပွဲလေးပွဲသာ ကစားခဲ့ရသော်လည်း နှစ်လုံးပေါက် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် ပြင်ဆင်ခဲ့မှုများကြောင့် လေ့ကျင့်မှုမပြတ်သည့်အပြင် ပိုမိုတိုးတက်လာသည့်အနေအထားရှိခဲ့သည်။ မြန်မာအမျိုးသမီးအသင်းသည် အဖွင့်ပွဲအပြီးတွင် မလေးရှားနှင့် ဒုတိယပွဲကို ဒီဇင်ဘာ ၂ ရက်မှသာ ယှဉ်ပြိုင်ရမည်ဖြစ်ရာ ပြင်ဆင်ချိန်များစွာ ရရှိမည်ဖြစ်သည်။

ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲများကို ဘီနန်ကွင်း၌ ကျင်းပမည်ဖြစ်ပြီး အသင်းအရေအတွက်နည်းသောကြောင့်နှစ်ရက်ခြား ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ မြန်မာ အမျိုးသမီးအသင်းသည် နောက်ဆုံးကျင်းပသည့် ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရရှိခဲ့သည်။

**ညီမြတ်သော်တာ**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

## ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ ယနေ့နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားမည်

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ နိုဝင်ဘာ ၂၇ ရက်နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အုပ်စု(A)မှ ရီးရဲမက်ဒရစ်နှင့် ပီအက်စ်ဂျီ၊ အုပ်စု(D)မှ ဂျူဗင်တပ်စ်နှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ ထိပ်တိုက်ဆုံတွေ့နေသည်။ ရီးရဲမက်ဒရစ်အသင်းသည် လေးပွဲကစားပြီး နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၇ မှတ်ဖြင့် အုပ်စု ဒုတိယနေရာတွင် ရပ်တည်နေပြီး ပီအက်စ်ဂျီအသင်းက လေးပွဲကစား လေးပွဲနိုင် ရမှတ် ၁၂ မှတ်ဖြင့် အုပ်စု ပထမနေရာတွင် ရပ်တည်နေကာ နောက်တစ်ဆင့်တက်ရန် အလားအလာကောင်းတစ်ခုပိုင်ဆိုင်ထားသည့် အသင်းဖြစ်သည်။ အုပ်စု (D) တွင် ဂျူဗင်တပ်စ်နှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ဆုံတွေ့နေရာ ဂျူဗင်တပ်စ်အသင်းက လေးပွဲကစား သုံးပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၁၀ မှတ်ဖြင့် အုပ်စု ပထမနေရာတွင် ရပ်တည်နေသည်။ အက်သလက်တီကိုမက်ဒရစ်အသင်းက လေးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၇ မှတ်ဖြင့် အုပ်စု ဒုတိယနေရာတွင် ရပ်တည်နေသည်။

## အမ်ဘတ်ပီအား ဘာနေဗျူးသို့ လာရောက်ကစားရန် မျှော်လင့်နေ

ရီးရဲမက်ဒရစ်နှင့် ဘယ်လ်ဂျီယံတိုက်စစ်ကစားသမား အီဒင်ဟာဇက်သည် ပြင်သစ်ကစားသမား အမ်ဘတ်ပီအား ၎င်းရှိရာ ဘာနေဗျူးသို့ လာရောက်ကစားရန် မျှော်လင့်နေကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

## ဗီလာပက်ခ်တွင်သာ ဂျွန်မက်ဂင် ဆက်လက်နေလို

အက်စ်တွန်ဗီလာနှင့် စကော့တလန်ကွင်းလယ်ကစားသမား ဂျွန်မက်ဂင် (၂၅ နှစ်)သည် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာမည်ဟု သတင်းများထွက်ပေါ်နေသော်လည်း ဗီလာပက်ခ်တွင်သာ ဆက်လက်နေလိုကြောင်း သတင်းများတွင် ဖော်ပြထားသည်။

## ရှက်ဖီးလ်နှင့် မန်ယူ သုံးဂိုးစီ သရေကျ

ပရီမီယာလိဂ်ပွဲစဉ် ၁၃ အဖြစ် ရှက်ဖီးလ်နှင့် မန်ယူအသင်းတို့ နိုဝင်ဘာ ၂၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်သုံးဂိုးစီသရေကျခဲ့သည်။ ရှက်ဖီးလ်အသင်းအတွက် ဂိုးများကို ဖလက်နှင့် မေ့ဆက်တို့က ပွဲချိန် ၁၉ မိနစ်နှင့် ၅၂ မိနစ်တို့တွင် သွင်းယူပေးခဲ့ပြီး မန်ယူအသင်းအတွက် ဂိုးများကို ဝီလီယံ၊ ဂရင်းဝုဒ်နှင့် ရပ်ရှ်ဖို့ဒ်တို့က ပွဲချိန် ၇၂ မိနစ်၊ ၇၇ မိနစ်နှင့် ၇၉ မိနစ်တို့တွင် ဆက်တိုက်သွင်းယူပေးနိုင်ခဲ့သည်။ သို့သော်လည်း ပွဲချိန်ပြီးဆုံးခါနီးတွင် ရှက်ဖီးလ်အသင်းအတွက် သရေကျစေမည့် တတိယဂိုးကိုတော့ မက်ဘာနင်းက သွင်းယူပေးနိုင်ခဲ့သည်။ ထိုပွဲသရေကျခဲ့ခြင်းကြောင့် ရှက်ဖီးလ်အသင်းက ၁၃ ပွဲကစား ရမှတ် ၁၈ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် ၆ နေရာတွင် ရပ်တည်နေပြီး မန်ယူအသင်းက ၁၃ ပွဲကစား ရမှတ် ၁၇ မှတ်ဖြင့် အဆင့် ၉ နေရာတွင် ရပ်တည်နေသည်။

**အောင်ဇော်**

# ကောလင်းမြို့နယ်တွင် တရားမဝင်ရွှေသတ္တုတူးဖော်သူတစ်ဦး မြေပိသေဆုံး

**ကောလင်း နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် နိုဝင်ဘာ ၂၄ ရက် နံနက် ၆ နာရီခန့်က ကောလင်းမြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ဒုရဲမှူး ထွန်းနေအောင် ဦးစီးသောအဖွဲ့သည် လူတစ်ဦးမြေပိသေဆုံးနေကြောင်း အကြောင်းကြားလာသဖြင့် အခင်းဖြစ်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကောလင်းမြို့နယ်အထက် သီတရာကျေးရွာနေ ဇော်ဦး(ခ)မောင်တုတ်သည် ကောလင်းမြို့နယ်အတွင်းရှိ ကျွဲကျိုးတောင်(ခ) ကျောက်ဖျာကောတောင်ပေါ်တွင် တရားမဝင်ရွှေတူးဖော်ရာမှ မြေပိသေဆုံးကြောင်း စစ်ဆေးတွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် သိရှိနိုင်ရန် ကောလင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေး ဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

# ချမ်းအေးသာစံမြို့နယ်အတွင်း ခိုးရာပါဆိုင်ကယ် လက်ခံရောင်းချသူများနှင့် ခိုးရာပါဆိုင်ကယ်များအား ဖော်ထုတ်ဖမ်းဆီးရမိ

**မန္တလေး နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အမှတ် (၆) နယ်မြေရဲစခန်းမှ ရဲအုပ်တိုးတိုး၊ နယ်ထိန်းခေါင်းဆောင်၊ ဒုရဲအုပ်သက်မင်းထွန်းနှင့် နယ်ထိန်းအဖွဲ့များသည် မြို့နယ်တာဝန်ရှိသူများနှင့်အတူ ချမ်းအေးသာစံမြို့နယ်အတွင်း ဆိုင်ကယ်ခိုးယူသူများအား ဖမ်းဆီးစစ်ဆေးဖော်ထုတ်ချက်အရ ခိုးရာပါဆိုင်ကယ်များ လက်ခံရောင်းချသူငါးဦးနှင့် ခိုးရာပါဆိုင်ကယ်ငါးစီးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

စစ်ဆေးဖော်ထုတ်ချက်အရ အောင်မြေသာစံမြို့နယ်အတွင်းမှ အာကာဟိန်း(ခ)အာကာ(ခ)ဖက်တီး(၂၆ နှစ်)၊ ကျော်ထက်လင်း(ခ)ဂူတ (၂၃ နှစ်)၊ အောင်မျိုးသူ(ခ)ကိုမျိုး (၂၉နှစ်)၊ အောင်ကျော်သူ(ခ)ကိုသူ (၃၃ နှစ်)၊ ဦးကြည်စိုး (၄၂ နှစ်)တို့မှာ ခိုးရာပါဆိုင်ကယ်များအား လက်ခံရောင်းချသူများဖြစ်ပြီး ၎င်းတို့အား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ချမ်းအေးသာစံမြို့နယ် အမှတ် (၆) ရဲစခန်းမှ သိရသည်။

**မန်း(ကိုယ်ပွား)**

## ဘွဲ့နှင်းသဘင်ဓာတ်ပုံရိုက်ကူးခြင်းနှင့် ဗီဒီယိုရိုက်ကူးခြင်းလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်၏(၁၇၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်တွင် မော်လမြိုင်တက္ကသိုလ်(အဝေးသင်သင်တန်း)မှ ၂၀၁၈ ပညာသင်နှစ်(ဘွဲ့) စာမေးပွဲအောင်မြင်ပြီးသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မော်လမြိုင်တက္ကသိုလ်ဘက်စုံခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဓာတ်ပုံရိုက်ကူးခြင်းလုပ်ငန်းနှင့်ဗီဒီယိုရိုက်ကူးခြင်းလုပ်ငန်း လုပ်ကိုင်လိုသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်ဈေးနှုန်းလွှာတင်သွင်းလိုသူများသည် တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို တစ်စုံလျှင်ကျပ် ၂၀၀၀/-(ကျပ်နှစ်ထောင်တိတိ) နှုန်းဖြင့် ဤတက္ကသိုလ်စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် ရုံးဖွင့်ရက်ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး (၂-၁၂-၂၀၁၉)ရက် (၁၀:၀၀)နာရီ နောက်ဆုံးထား လျှောက်ထားလျက် တင်ဒါရွေးချယ်ရေးအဖွဲ့သို့ တင်သွင်းရမည်။

၃။ တင်ဒါတင်သွင်းသူသည် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူး၏ မိမိနယ်မြေအတွင်းနေထိုင်သူဖြစ်ကြောင်းနှင့် ဓာတ်ပုံလုပ်ငန်းနှင့်ဗီဒီယိုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ကြောင်းထောက်ခံချက်ပါရှိရမည်။

၄။ အသေးစိတ်အချက်အလက်များကို-ဖုန်း-၀၅၇-၂၄၆၂၃၊ ၀၅၇-၂၄၆၃၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဓာတ်ပုံတင်ဒါကြီးကြပ်မှုကော်မတီ**
**မော်လမြိုင်တက္ကသိုလ်**

## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း (မူလ)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဧရာဝတီတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးညွှန်ကြားရေးမှူး (မြို့ပြ)ရုံးအဆောက်အအုံRC (၂)ထပ်(၆၃'-၀"x၅၃'-၀")တည်ဆောက်ရန်အတွက် လိုအပ်သည့် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများကို ၁၆-၁၂-၂၀၁၉ရက်မှ ၂၄-၁၂-၂၀၁၉ရက်အထိ ရုံးချိန်အတွင်းရောင်းချပေးသွားမည်ဖြစ်ပြီး ၇-၁-၂၀၂၀ရက်မွန်းလွဲ ၁၆:၀၀နာရီ နောက်ဆုံးထားတင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါပုံစံရောင်းချမည့်လိပ်စာနှင့် တင်ဒါပေးသွင်းရမည့်လိပ်စာမှာ ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်စုပေါင်းရုံး၊ မြတ်တိုစုပေါင်းရုံးလမ်း၊ အမှတ်(၁၃)ရပ်ကွက်၊ ပုသိမ်မြို့ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုသော အချက်အလက်များအား ၁၆-၁၂-၂၀၁၉ရက်မှစ၍ တိုင်းဒေသကြီးရုံး ဖုန်း-၀၄၂-၂၈၂၇၃ နှင့် ၀၄၂-၂၈၂၇၄ သို့လည်းကောင်း၊ ခရိုင်/မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးများသို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ကချင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး မြစ်ကြီးနားမြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကချင်ပြည်နယ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၉-၂၀၂၀ ပြည်နယ်အစိုးရခွင့်ပြုငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် နောက်ဆက်တွဲပါ တည်ဆောက်ရေးလုပ်ငန်းအား ဆောင်ရွက်ရန်ရှိပါသဖြင့် ဆောင်ရွက်လိုသော လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကချင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

(က) တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၂-၁၁-၂၀၁၉ရက်
(ခ) တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက် - ၂၃-၁၂-၂၀၁၉ရက် ၁၄:၀၀နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - ကချင်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြစ်ကြီးနားမြို့

ဖုန်း-၀၇၄-၂၀၄၂၇၊ ၀၇၄-၂၁၃၅၄

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) Central Control Room တည်ဆောက်ခြင်း
(ခ) GPS Tracking System တည်ဆောက်ခြင်း
(ဂ) ArcGIS Software အဆင့်မြှင့်တင်ခြင်း
(ဃ) ArcGIS Online Software ဖြင့် မြေပြင်အချက်အလက်ကောက်ခံခြင်းနှင့် Detabase တည်ဆောက်ခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံစတင်ထုတ်ပေးမည့်ရက် - ၂-၁၂-၂၀၁၉ရက်
အိတ်ဖွင့်တင်ဒါပုံစံနောက်ဆုံး တင်သွင်းရမည့်ရက် - ၂-၁-၂၀၂၀ ရက် ၁၆:၃၀နာရီ
အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည့်နေရာ - ပြည်တွင်းပြည်ပဆက်ဆံရေးနှင့် စာရင်းအင်းထိန်းသိမ်းရေးဌာနခွဲ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့်တင်ဒါစည်းမျဉ်း၊ စည်းကမ်းများအား www.nptdc.gov, mm တွင် Download ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ပြည်တွင်းပြည်ပ ဆက်ဆံရေးနှင့်စာရင်းအင်းထိန်းသိမ်းရေးဌာနခွဲ/Urban Planning and GIS Team ဖုန်း-၀၆၇-၃၄၃၂၃၄၁၊ ၀၆၇-၃၄၃၂၂၉၅ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် မြင်းခြံခရိုင်၊ ညောင်ဦးခရိုင်၊ ရမည်းသင်းခရိုင်၊ အောင်မြေသာစံမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ နွားထိုးကြီးမြို့နယ်၊ ငါန်းဇွန်မြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ဝမ်းတွင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများအတွက် RC တစ်ထပ် (၁၇၂၈ စတုရန်းပေ) (Chain Link နှင့် ကွန်ကရစ်ကျောက်တိုင် ခြံစည်းရိုးကာရံခြင်း အပါအဝင်) အဆောက်အအုံ(၁၀)လုံး ဆောက်လုပ်ခြင်းလုပ်ငန်းအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရမည်ဖြစ်ပါသည်-

(က) တင်ဒါလျှောက်လွှာပုံစံများ ရောင်းချမည့်ရက် - ၂၉-၁၁-၂၀၁၉ရက်မှ ၁၇-၁၂-၂၀၁၉ရက်အထိ
(ခ) တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက် - ၂၀-၁၂-၂၀၁၉ရက်
(ဂ) တင်ဒါလျှောက်လွှာတင်သွင်းရမည့် နေရာနှင့်တင်ဒါလျှောက်လွှာ ဖွင့်လှစ်မည့်နေရာ - မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံး၊ မန္တလေးမြို့
(ဃ) တင်ဒါဖွင့်လှစ်မည့်ရက် - ထပ်မံအကြောင်းကြားပါမည်

၃။ တင်ဒါလျှောက်လွှာများကို မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတည်ရှိရာအမှတ်၊ (င-၈)၊ ၇၀x၇၁လမ်းကြား၊ ၃၄x၃၅လမ်းကြား၊ မန်းမန္တလာအိမ်ရာ၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး-ဖုန်း-၀၂-၄၀၆၉၀၄၂၊ ၀၂-၄၀၆၇၃၄၄၊ ၀၂-၄၀၃၉၄၄၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အမရပူရမြို့နယ်၊ တောင်အင်းမြောက်အင်း အမှိုက်ကျင်းအနီးတွင် ဆောင်ရွက်မည့် RDF (Refuse Derived Fuel )ထုတ်လုပ်ခြင်း အပါအဝင်ဖြစ်သည့် Sorting Mechaine ကို ဝယ်ယူလိုပါသည်။

၂။ သို့ဖြစ်ပါ၍ အမရပူရမြို့နယ်၊ တောင်အင်းမြောက်အင်း အမှိုက်ကျင်းအနီးတွင် ဆောင်ရွက်မည့် RDF (Refuse Derived Fuel)ထုတ်လုပ်ခြင်း အပါအဝင်ဖြစ်သည့် Sorting Mechaine ကို အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများမှ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်း နိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်-

(က) အိတ်ဖွင့်တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက် - ၂၅-၁၁-၂၀၁၉ရက် (တနင်္လာနေ့)
(ခ) အိတ်ဖွင့်တင်ဒါတင်သွင်းရန် စာရင်းပေးသွင်းရမည့်ရက်/အချိန် - ၂၄-၁၂-၂၀၁၉ရက်( အင်္ဂါနေ့) ၉:၃၀ နာရီ မှ ၁၃:၃၀ နာရီထိ
(ဂ)အိတ်ဖွင့်တင်ဒါဆောင်ရွက်ရမည့် နေ့/အချိန် - ၃၀-၁၂-၂၀၁၉ရက် (တနင်္လာနေ့)
(ဃ) အိတ်ဖွင့်တင်ဒါတင်သွင်း ရမည့်နေရာ - မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ

၃။ အထက်ပါတင်ဒါပုံစံများကို တစ်စုံလျှင် ကျပ် ၁၅၀၀၀ နှုန်းဖြင့် ရုံးချိန်အတွင်း သန့်ရှင်းရေးဌာန(နန်းရှေ့ဈေးအပေါ်ထပ်)တွင် ဝယ်ယူနိုင်ပါသည်။(အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၂-၄၀၇၂၀၀၃ သို့ စုံစမ်းနိုင်ပါသည်။)

**သန့်ရှင်းရေးဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာန အဆောက်အဦ အထူးအဖွဲ့(၂)၊ ရန်ကုန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန အဆောက်အဦတည်ဆောက်ရေးအဖွဲ့(၁)၊ အဆောက်အဦအထူးအဖွဲ့(၂)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် (၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် သမဝါယမတက္ကသိုလ်(သန်လျင်)ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သော တည်ဆောက်ရေးပစ္စည်းများနှင့် လျှပ်စစ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူဆောင်ရွက်မည်ဖြစ်ပါသဖြင့် ပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

၁။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၈-၁၂-၂၀၁၉ရက် မွန်းတည့် ၁၂နာရီ
၂။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၂၀-၁၂-၂၀၁၉ရက် နံနက် ၁၀နာရီ
၃။ တင်ဒါစိစစ်ရွေးချယ်မည့်နေရာ- သမဝါယမတက္ကသိုလ်(သန်လျင်) ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း လုပ်ငန်းခွင်ရုံး

၄။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို အဆောက်အဦအထူးအဖွဲ့(၂) ဘော်စင်လမ်း၊ (၂၄) ရပ်ကွက်၊ သုဝဏ္ဏသဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်၊ ဖုန်း-၀၁-၂၃၃၃၅၅၈၊၀၁-၂၃၃၃၅၅၆၊ ၀၉-၅၀၀၄၀၄၁(မြို့ပြ)/၀၉-၅၁၃၀၄၂၀ (လျှပ်စစ်)တွင် ၅-၁၂-၂၀၁၉ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါ စိစစ်ရွေးချယ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း တင်ဒါပိတ်ရက်ပြင်ဆင်ခြင်း

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၏ (၂၃-၁၀-၂၀၁၉)ရက်နှင့် (၂၄-၁၀-၂၀၁၉)ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတွင် ပါရှိသော Tender No-55,56, 57,58,59,60&61/ EPGE/2019-2020၏ Technical Proposal များပြင်ဆင်ချိန် ရရှိရန်အတွက် တင်ဒါပိတ်ရက် (၂၆-၁၁-၂၀၁၉)ရက်နှင့် (၂၇-၁၁-၂၀၁၉)ရက်နေ့အစား (၃-၁၂-၂၀၁၉)ရက် (၁၄:၀၀)နာရီဟု ပြင်ဆင်သတ်မှတ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**(ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉)**

## ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ(ထိန်းသိမ်းရေး)မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ စက်ပစ္စည်းအသုံးစရိတ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် လိုအပ်သောလမ်းအရည်အသွေးထိန်းသိမ်းရေး စမ်းသပ်ပစ္စည်းများ အားမြန်မာကျပ်ငွေဖြင့် နေပြည်တော်သို့ အရောက်ဝယ်ယူလိုပါသည်။

၂။ အရည်အသွေးထိန်းသိမ်းရေးစမ်းသပ်ပစ္စည်းများ၏ စံချိန်စံညွှန်း၊ အသေးစိတ်စာရင်းနှင့် တင်ဒါလျှောက်လွှာပုံစံများကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ(ထိန်းသိမ်းရေး)ရုံး၊ လမ်းဦးစီးဌာန၊ ရုံးအမှတ်(၁၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၇၆၅၈၊ ၀၉-၆၇၅၉၄၄၂၂၉ တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းဝယ်ယူ နိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက်စွဲ - ၅-၁၂-၂၀၁၉ရက်
တင်ဒါပိတ်မည့်ရက်စွဲ/အချိန် - ၁၆-၁၂-၂၀၁၉ရက် မွန်းတည့် ၁၂နာရီ
တင်ဒါဖွင့်မည့်ရက်စွဲ/အချိန် - ၁၇-၁၂-၂၀၁၉ရက်၊ မွန်းလွဲ ၁၃:၃၀နာရီ
တင်ဒါဖွင့်မည့်နေရာ - လမ်းဦးစီးဌာန(အစည်းအဝေးခန်းမ)၊ စီမံကိန်းစစ်ဆေးရေးနှင့်အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ

**(ထိန်းသိမ်းရေး)ရုံး၊ လမ်းဦးစီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နေပြည်တော်ကောင်စီ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် အဆင့်မြင့်ပညာဦးစီးဌာန၊ နေပြည်တော်တွင်(၂) ခန်းတွဲ(၃)ထပ်(၁၅)လုံးတန်း ဝန်ထမ်းအိမ်ရာတွင် မြေကာနံရံကာရံခြင်း ကျောက်စီနံရံအမြင့်(၁၂')၊ အရှည်(၈၀၀')တည်ဆောက်ခြင်းနှင့် မြေကာနံရံပေါ်တွင်အုတ်နှင့် သံပန်းခြံစည်းရိုးကာရံခြင်း(၂၈၇၀') တည်ဆောက်ခြင်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်း ရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၆-၁၁-၂၀၁၉ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၇-၁၂-၂၀၁၉ရက် ၁၆:၃၀နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည်ဖြစ်ပါသည်။
ဖိတ်ခေါ်အပ်ပါသည်-

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့်အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် လိပ်စာမှာ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ အဆင့်မြင့် ပညာဦးစီးဌာန ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့် သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များကိုသိရှိလိုပါက ဖုန်း ၀၆၇-၃၄၀၇၇၂၆၊ ၀၆၇-၃၄၀၇၇၂၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်ကောင်စီ**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ကိုဦးသိန်းဌေး ၁၁/ပတန(နိုင်) ၁၁၈၉၉၈၏ နိုင်ငံကူးလက်မှတ် MD ၃၉၂၈၃၈ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၈၉၉၈၈၅၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မင်းပြားမြို့၊ ပြည်တော်လှရပ်ကွက်နေ တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်အရ မောင်မောင်စိုး ၁၁/မပန(နိုင်) ၁၄၉၅၈၄ နှင့် မောင်မောင်စောမှာ တစ်ဦးတည်းဖြစ်ပြီး ၎င်း၏ ဖခင် ဦးမောင်သန်းမြင့် ၁၁/မပန(နိုင်) ၀၂၉၉၁၀နှင့် ဦးမောင်သိန်းမြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မင်းပြားမြို့၊ အထက(၁) န၀မတန်းမှ မောင်စိုးမင်းသန်း၏ ဖခင်အမည်မှန်မှာ လှတန်မောင် ၁၁/မပန(နိုင်) ၀၁၇၀၆၁ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ကျိုက်ထိုမြို့နယ်၊ အထက(ကင်မွန်းချောင်း) န၀မတန်း(A)မှမောင်ရှိုင်းထက်ဦး ကျောင်းဝင်အမှတ်(၄၃၄၈)၏ မိခင်အမည်မှန်မှာ ဒေါ်ထွေးလေး ၁၀/ကထန(နိုင်)၁၁၈၄၉၇ ဖြစ်ပါကြောင်း။

**ဒေါ်ထွေးလေး**

## အမည်ပြောင်း

ကျိုက်ထိုမြို့နယ်၊ ကံ့ကော်ရပ်ကွက်၊ ကြာဖြူစု(၄)လမ်းနေ ဦးသူရဇော်-ဒေါ်သင်းသင်းမြတ်တို့၏သမီး မမေကြယ်စင်ကိုအား မခွန်းကြယ်စင်ကိုဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မခွန်းကြယ်စင်ကို**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့နယ်၊ နတ်ခရိုင်ကျေးရွာ အလက သတ္တမတန်းမှ မမြနှင်းခိုင်နှင့် ဒုတိယတန်းမှ မောင်သန့်ဇင်ဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးရွှေခိုင် ၅/စကန(နိုင်)၂၃၅၇၁၇ ဖြစ်ပါကြောင်း။

**ဦးရွှေခိုင်**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့နယ်၊ နတ်ခရိုင်ကျေးရွာ၊ အလကအဋ္ဌမတန်းမှ မောင်ဇင်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးချစ်စန်းမောင် ၅/စကန(နိုင်)၁၇၆၇၈၄ဖြစ်ပါကြောင်း။

**ဦးချစ်စန်းမောင်**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့နယ်၊ နတ်ခရိုင်ကျေးရွာ၊ အလက အဋ္ဌမတန်းမှ မောင်ရဲရင့်အောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့် ၅/စကန(နိုင်)၁၀၉၇၁၃ ဖြစ်ပါကြောင်း။

**ဦးမောင်မြင့်**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့နယ်၊ အထက(၃) နဝမတန်းမှ မမြသက်ဝေ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဆန်း ၅/စကန(နိုင်)၁၀၂၃၇၃ ဖြစ်ပါကြောင်း။

**ဦးဆန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈) ရပ်ကွက် ၊ အုတ်လှငယ်လမ်း၊ မြေကွက်အမှတ်(၁၇၆) ၊ အကျယ်အဝန်း(၂၅ပေ× ၆၀ပေ) ရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးရဲမျိုးသွင် (၁၂/ဗဟန(နိုင်) ၀၈၂၉၈၃) နှင့် ဒေါ်သဲဝါစိုး (၁၂/ကမတ (နိုင်) ၀၆၄၄၆၃) တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၂၉-၁၁-၂၀၁၉)ရက်နေ့မတိုင်မီ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| **LL.B, D.B.L, D.I.L.,** | **LL.B, D.B.L, D.I.L, D.M.L,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| **Hein Htet San Law Firm** | **၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၅၅၀ ၄၂၆၅** |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉) ရပ်ကွက် ၊ ဒူးယား (၈) လမ်း ၊ မြေကွက်အမှတ် (၁၀၁၈)၊ အကျယ်အဝန်း(၄၆ပေ× ၆၀ပေ)ရှိ မြေကွက်အနက်မှ ခေါင်းရင်းဘက် (၂၆ပေ× ၆၀ပေ) ရှိ ဦးသောင်းထွန်း (ISN-၂၀၃၂၂၈)(၁၂/ရကန (နိုင်) ၀၄၄၉၈၃) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ပြုံးသင်း (၉/မခန(နိုင်)၀၀၂၅၈၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးထိန်လင်းသန်း** |
| **LL.B, D.B.L, D.I.L.,** | **LL.B, D.B.L, D.I.L, D.M.L,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| **Hein Htet San Law Firm** | **၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၅၅၀ ၄၂၆၅** |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ**
**ကြေညာချက်**
**(ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ လ ၂၆ ရက်)**

၁။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့တွင် ကျင်းပမည့် (၁၀)ကြိမ်မြောက် ၁၀၀၀ ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“က”အက္ခရာမှ အစဉ်လိုက် “ကဂ” ထိ** စုစုပေါင်းအက္ခရာ(၃၆)လုံး ရောင်းချခဲ့ပါသည်။

၂။ (၁၀)ကြိမ်မြောက် ၁၀၀၀ ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ရောင်းချရသည့် အက္ခရာမှာ (၃၆)လုံး ဖြစ်၍ ၊ ထီစာအုပ်(၂၉၄၅၄၈) အုပ်ဖြစ်ပြီး၊ ထီလက်မှတ်စောင်ရေမှာ (၃၂၃၉၉၉၂၈) စောင် ဖြစ်ပါသည်။

၃။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ်သန်း (၂၉၄၅၄.၄၈၀) ဖြစ်သဖြင့် ၆၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (၁၇၆၇၂.၆၈၈) ဖြစ်ပါသည်။

၄။ အဆိုပါ ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများမှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) အထူးဆုကြီးစနစ်

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းတစ်သောင်းငါးထောင် | = | (၁) ဆု |
| (၂) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၃) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| (၄) | ကျပ်သိန်းနှစ်ထောင် | = | (၃) ဆု |
| (၅) | ကျပ်သိန်းတစ်ထောင် | = | (၆) ဆု |

(ခ) ဆုတစ်ဆုချင်းစနစ်

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၁၂) ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၁၇) ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၂၀) ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၂၁) ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၂၄) ဆု |
| (၆) | ကျပ်ဆယ်သိန်း | = | (၂၈) ဆု |

(ဂ) ဝေဝေဆာဆာပဒေသာဆုမဲစနစ်

| | | | |
|---|---|---|---|
| (၁) | ကျပ် သုံးသိန်း | = | (၁၇၀) ဆု |
| (၂) | ကျပ် နှစ်သိန်း | = | (၁၅၀၀) ဆု |
| (၃) | ကျပ် တစ်သိန်း | = | (၁၈၀၀၀) ဆု |
| (၄) | ကျပ် ငါးသောင်း | = | (၁၉၀၀၀၀) ဆု |

၅။ ထိုပြင်သတ်မှတ်ကာလအတွင်း လာရောက်ထုတ်ယူခြင်းမရှိသော ဆုမဲများ၏ ဘဏ္ဍာသိမ်းရငွေမှ ကျပ်သန်း (၂၅၀)အား တစ်ဆုချင်းဆုမဲ **ကျပ် ၁၀သိန်း (၄)ဆု** နှင့် ဝေဝေဆာဆာဆုမဲများဖြစ်သည့် **ကျပ် ၃သိန်း (၂၀)ဆု၊ ကျပ် ၂သိန်း (၂၀၀)ဆု၊ ကျပ် ၁သိန်း (၂၀၀၀)ဆု စုစုပေါင်း( ၂၂၂၄)ဆု** ကိုလည်းထပ်မံချီးမြှင့်ပေးမည်ဖြစ်ပါသည်။
၆။ (၁၀)ကြိမ်မြောက် ၁၀၀၀ကျပ်တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁.၁၂.၂၀၁၉)ရက်နေ့ (တနင်္ဂနွေနေ့)၊ နံနက်(၈)နာရီအချိန်တွင် အမှတ် (၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၆ယ/၂၇၂၀၅ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးရဲကို ၁၄/ဟသတ(နိုင်)၀၁၂၈၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါ သည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညနခရိုင်ရုံး(ဟင်္သာတ)**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8J/9758 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညနခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အမှတ် (၂)လမ်း၊ အကွက်အမှတ် (၁၃)၊ အလျားပေ ၈၀၊ အနံ ပေ၆၀ ကျယ်ဝန်းသည့် အရှေ့လားသော် ၂-လမ်း၊ အကွက်အမှတ် (၁၅)၊ အနောက်လားသော် ၂-လမ်း၊ အကွက်အမှတ် (၁၁)၊ တောင်လားသော်-အမှတ် (၂)လမ်း၊ မြောက်လားသော် ၁-လမ်း၊ အကွက်အမှတ် (၁၄)၊ ၎င်းနယ်လေးရပ်အတွင်းရှိ ဝင်းခြံမြေကွက်သည် ၁၉၉၅ ခုနှစ်မှစတင်၍ ကျွန်ုပ်မိတ်ဆွေ ဦးကြည်စိုး ၅/မရန(နိုင်)၀၂၆၀၈၆ လက်ထိလက်ရောက် ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။

ယင်းမြေကွက်ဝယ်ယူစဉ်က ပိုင်ရေးပိုင်ခွင့်၊ အထောက်အထားစာရွက်စာတမ်းများ၊ လိုအပ်ချက်များရှိနေပါသဖြင့် မည်သူမဆို မူရင်းပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားများရှိခဲ့ပါက သက်ဆိုင်ရာအထောက်အထားများနှင့်အတူ ၉-၁၂-၂၀၁၉ရက်အတွင်း လာရောက်ကန့်ကွက်တားမြစ်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်ပါက အဆိုပါဝင်းခြံမြေကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ရေးပိုင်ခွင့်ရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းထွန်းအောင် (B.A, H.G.P, Dip;Account)**
**အထက်တန်းရှေ့နေ (စဉ်-၁၉၈၇၁)၊ အိမ်အမှတ် (၁၄၅)**
**အမှတ် (၄)လမ်း၊ ရန်ကင်း (အောင်ဇေယျ) ရပ်၊ မုံရွာမြို့၊**
**ဖုန်း-၀၉-၄၃၀၅၄၂၈၁၊ ၀၇၁-၂၆၀၁၆**

## G.P ပြန်လည်ရုပ်သိမ်းကြောင်း ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းချစ် ၁၂/ဥကတ(နိုင်)၁၂၈၇၃၁ မှ ဒေါ်စန်းယုလွင် ၁၂/ဥကတ(နိုင်)၁၁၆၃၆၄ ထံသို့ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကိုယ်စားလှယ်လွှဲစာအမှတ် ၄၇၈/၂၀၁၁ ဖြင့် လွှဲအပ်ပေးခဲ့သော အထူးကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန်းချစ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်ဦး(ရန်ကုန်) (တရားလွှတ်တော်ရှေ့နေ) စဉ်-၇၆၀၀/၀၈**
**ဖုန်း-၀၉-၇၈၈၆၇၉၂၀၇၊ ၀၉-၄၅၆၈၀၄၁၄၄**
**တိုက်-၁၃၉၊ ဒုတိယထပ်၊ ကျန်စစ်သားလမ်း၊ ၁၄/၂ စီမံကိန်းရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/7064 SHWE MANDALAR L/T (SMLT-03) pick up (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်း ၁၁/ရသတ(နိုင်)၀၃၆၄၆၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညနခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) အင်းစိန်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9I/8077 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညနခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ပုသိမ်ကောလိပ်-ပထဝီဝင်မိသားစုအာစရိယပူဇော်ပွဲ (ဆဋ္ဌမအကြိမ်မြောက်)

**ပုသိမ်ကောလိပ်က ၁၉၇၂ခုနှစ်မှ ၁၉၇၉ခုနှစ်အထိ ပထဝီဝင်ဘွဲ့ရများ**

**နေ့ရက်** - ၆-၁၂-၂၀၁၉ရက်(သောကြာနေ့)
**အချိန်** - နံနက် ၉နာရီ
**နေရာ** - မင်းကွန်းတိပိဋကကျောင်းတိုက်(ငွေရတုခန်းမ)အမှတ်(၁၂) စကားဝါလမ်း၊ ဒဂုံမြို့နယ်(ရန်ကုန်)

**ဆက်သွယ်ရန်**

| | | | |
|---|---|---|---|
| ၁။ | ဦးခင်မောင်ဦး | (၇၂) | ဖုန်း-၀၁-၃၇၄၄၆၄ |
| ၂။ | ဦးသိန်းလှိုင် | (၇၃) | ဖုန်း-၀၉-၄၄၃၁၉၇၉၂၅ |
| ၃။ | ဒေါ်ရီရီဝင်း | (၇၃) | ဖုန်း-၀၉-၅၃၆၀၅၆၈ |
| ၄။ | ဦးဘိုးသန်း | (၇၄) | ဖုန်း-၀၉-၂၅၄၂၀၆၇၄၄ |
| ၅။ | ဒေါ်ကြည်ကြည်ဝင်း | (၇၄) | ဖုန်း-၀၉-၄၅၅၇၅၀၀၃၀ |
| ၆။ | ဦးသန်းဌွေး | (၇၅) | ဖုန်း-၀၉-၄၂၀၈၄၅၉၉ |
| ၇။ | ဦးတုတ်ရွှေ | (၇၇) | ဖုန်း-၀၉-၇၃၂၄၅၀၇၇ |
| ၈။ | ဦးကျော်ဝင်းရှိန် | (၇၇) | ဖုန်း-၀၉-၄၃၀၅၉၃၀၇ |
| ၉။ | ဦးကျော်စိုးသန်း | (၇၈) | ဖုန်း-၀၉-၃၁၆၉၂၀၆၉ |
| ၁၀။ | ဦးတင်ဝင်း | (၇၈) | ဖုန်း-၀၉-၄၂၂၇၁၉၇၆၅ |

**လှူဒါန်းရန် Bank A/C KBZ(Bahosi BR,YANGON)**
**A/C No.061-302,06100094502(ဦးသိန်းလှိုင်+ဦးဘိုးသန်း)**

## တပ်မတော်ကလေးများကျောင်း (ယခုအ.ထ.က-၁+အ.ထ.က-၅)မင်္ဂလာဒုံ "အာစရိယပူဇော်ပွဲ" အစည်းအဝေးဖိတ်ကြားခြင်း

တပ်မတော်ကလေးများကျောင်း၊ မင်္ဂလာဒုံ၏ (၇၁)နှစ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် သူငယ်ချင်းများတွေ့ဆုံပွဲကို ၂၀၂၀-ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပနိုင်ရန်အတွက် သူငယ်ချင်းတို့နှင့် ကြိုတင်ညှိနှိုင်းစည်းဝေးလိုပါ၍ အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် ။ ။ ၁-၁၂-၂၀၁၉ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် ။ ။ မွန်းလွဲ(၁)နာရီ
ကျင်းပမည့်နေရာ ။ ။ မြရောခန်းမ၊ အ.ထ.က(၁)မင်္ဂလာဒုံ (ဝါယာလက်)

**"ယာယီအကျိုးဆောင်ကော်မတီ"**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် BGO/14059၊ Honda PCX 150၊ M/C ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းလွင်ထွန်း ၇/နတလ(နိုင်)၀၀၀၂၉၈က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(သာယာဝတီ)**

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ်(၂)၊ Myanmar Indo Best Company မှ Business Unit Head ဖြစ်သူ ဦးဇော်မျိုးထွန်း(ဘ)ဦးခင်မောင်ဆွေ [၁၂/သကတ(နိုင်)၁၄၄၅၈၇]သည် ရန်ကုန် မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မိမိတို့၏ ကုမ္ပဏီမူပိုင်အဖြစ်မှတ်ပုံတင်စာချုပ်အမှတ်- ၂၇၆၇၅/၂၀၁၉ဖြင့် ၀၈-၁၁-၂၀၁၉ရက်တွင် တရားဝင် မှတ်ပုံတင်ထားပြီးဖြစ်သည့် အောက်ပါကုန်အမှတ်တံဆိပ်၏ ကုမ္ပဏီမူပိုင်ဖြစ်ပါသည်။

**အမှတ်တံဆိပ်အမှတ်အသား**

CLEAN&WHITE

**ကုန်အမှတ်တံဆိပ်အမှတ် (၂၇၆၇၅/၂၀၁၉)**

အထက်တွင်ဖော်ပြထားသည့် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားသည် Myanmar Indo Best Company ၏ မူပိုင်အမှတ်တံဆိပ်ဖြစ်ပြီး ယင်းအမှတ်တံဆိပ်ကိုအသုံးပြု၍ ဆပ်ပြာ(အတုံး)သွားတိုက်တံ၊ သွားတိုက်ဆေး၊ ခေါင်းလျှော်ရည်၊ ရေချိုးဆပ်ပြာ(အရည်)နှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချသွားမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ကုမ္ပဏီမူပိုင်အဖြစ် အသုံးပြုလျက်ရှိရာ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသား၏ တစိတ်တဒေသဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါက ကုမ္ပဏီ၏ လုပ်ငန်း အကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှု၏ ကုန်ကျသမျှသော အရပ်ရပ်စရိတ်ကြေးငွေများအတွက် လျော်ကြေးငွေများ တောင်းဆိုသွားရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်း အရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ တရားစွဲဆိုမည့်အပြင် တုပပြုလုပ်ထားသည့် ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားများကို ပယ်ဖျက်ပေးသည်အထိ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသိပေးကြေညာသူ**
**ဦးဇော်မျိုးထွန်း**
**Business Unit Head**
**Myanmar Indo Best Co.,Ltd**
**အမှတ်(၂)၊လေးထောင့်ကန်လမ်း၊(၂၆)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့။**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/6383 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/5727 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်း ကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/5916 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/4168, Toyota Belta Sep 92 S/L (၄x၂) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်သက်ဖြိုး ၁၄/ပသန(နိုင်) ၁၅၂၃၂၁ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူ ထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ အကွက်အမှတ်(၉)၊ ဦးပိုင်အမှတ်(N-၄)အမည်ပေါက် ကြက်မင်း တွန်ရပ်ကွက်နေ ဒေါ်မေသွယ်ထွန်း ၉/ကဆန(နိုင်) ၁၃၈၅၉၁ ပိုင်ဆိုင်သော ဧရိယာ (၂၀'x၆၀')ပေါ်တွင် ထရံကာသွပ်မိုး(၁)ထပ် အဆောက်အအုံ ဆောက်လုပ်မည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက် အတွင်း ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မေသွယ်ထွန်း**
**၉/ကဆန(နိုင်)၁၃၈၅၉၁**
**ဖုန်း-၀၉-၇၈၁၅၈၂၇၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၂၄၄)၊ မြေဧရိယာ ဝဒသမ ၀၈၂ဧကရှိ ဒေါ်မဲ(ဘ)ဦးဖိုးခင် ၉/လဝန(နိုင်)၀၁၆၂၈၆ အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်ခင်မာထူး(ဘ)ဦးတင်လှိုင် ၉/ပမန(နိုင်)၀၉၈၁၁၅မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာ ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## အိမ်မဲမြို့၊ အထက(၁) ကျောင်းသားကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

အိမ်မဲမြို့၊ အထက(၁)ကျောင်းသား ကျောင်းသူဟောင်းများ၏ အကြိမ်(၃၀)မြောက် ပုလဲရတု မြတ်ဆရာပူဇော်ပွဲကို ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ (၂၉)ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေညီလာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် အပူဇော်ခံ ဆရာကြီး ဆရာမကြီးများ ကြွရောက်ပေးနိုင်ပါရန်နှင့် ရပ်ဝေးဆရာကြီးဆရာမကြီးများအား ရန်ကုန်မြို့ သခင်မြပန်းခြံ၊ အထက(၄)အလုံရှေ့မှ ဒီဇင်ဘာ (၂၈)ရက် နံနက် ၉နာရီတွင် ကားဖြင့် လာရောက်ကြိုဆို ပင့်ဆောင်ပေးမည်ဖြစ်ပါကြောင်း ရိုသေလေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ရန်ကုန်ကြိုဆိုရေးအဖွဲ့ ထံဆက်သွယ်ရန်-ဖုန်း-၀၉-၄၂၁၀၅၀၆၇၇၊ ၀၉-၉၇၂၁၇၃၈၂၃

ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ(အိမ်မဲ)ဖုန်း-၀၉-၇၈၉၄၀၃၃၀၆၊ ၀၉-၄၂၂၄၅၅၆၈၈၊ ၀၉-၂၅၀၄၄၀၀၄၄

## မအူပင်မြို့နယ်အသင်း(ရန်ကုန်) (၆၅)ကြိမ်မြောက်နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးဖိတ်ကြားလွှာ

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏(၆၅)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး၊(၇၅)နှစ်ပြည့်ပြီး သက်ကြီးအသင်းဝင်များအား ကန်တော့ခြင်း၊ ၂၀၁၉ ခုတက္ကသိုလ်ဝင်တန်းအောင် အသင်းဝင်များ၏သားသမီးများ၊ ပါရဂူဘွဲ့ရရှိသူများ၊ လူရည်ချွန်များအား ဆုချီးမြှင့်ခြင်း အခမ်းအနားများကို ၂၀၁၉ခုနှစ် ဒီဇင်ဘာ ၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီး ကျေးလက်ဦးစီးဌာန ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ မအူပင်မြို့နယ်သူမြို့နယ်သားများအားလုံးတက်ရောက်ကြပါရန်နှင့် ဆုချီးမြှင့်ခြင်းခံယူမည့် ကျောင်းသူကျောင်းသားများ ၊ ပညာသင်ထောက်ပံ့ကြေး လျှောက်ထားလိုသူများအနေဖြင့် ၂၀-၁၂-၂၀၁၉ ရက် နောက်ဆုံးထား၍ အထောက်အထားမိတ္တူများ၊ အလှူငွေများကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ ဆက်သွယ်စာရင်းပေးပို့ လှူဒါန်းနိုင်ပါသည်-

| ဒုတိယဥက္ကဋ္ဌများ | အထွေထွေအတွင်းရေးမှူး | ဘဏ္ဍာရေးမှူး |
| --- | --- | --- |
| ဦးအုန်းဖေ ဖုန်း-၀၁-၄၅၀၃၉၂ | ဦးမြစိုး ဖုန်း-၀၉-၇၉၅၉၃၇၅၄၁ | ဦးတင်ငြိမ်း |
| ဦးသိန်းငွေ ဖုန်း-၀၉-၅၁၉၁၆၅၅ | **အတွင်းရေးမှူးများ** | ဖုန်း-၀၁-၅၄၀၇၃ |
| ဦးသိန်းမောင်ဖုန်း-၀၄၅-၃၀၃၈၄ | ဦးပိုက် ဖုန်း-၀၉-၂၅၀၇၉၇၆၇၈ | **အမှုဆောင်** |
| ဦးစိုးနိုင် ဖုန်း-၀၉-၅၀၄၀၅၄၆ | ဒေါ်ကြည်သာမော် | ဒေါ်ငွေငွေရီ |
| | ဖုန်း-၀၉-၅၁၄၄၁၆၆ | ၀၉-၄၂၁၀၃၄၁၄၃ |
| | ဦးမျိုးလွင် ဖုန်း-၀၉-၂၅၄၀၀၈၂၄၉ | |

**အမှုဆောင်အဖွဲ့၊ မအူပင်မြို့နယ်အသင်း(ရန်ကုန်)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀) ရွှေဘိုခရိုင်တရားရုံးတော် ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် -၄၇

| တရားလိုများ | နှင့် | တရားပြိုင်များ |
| --- | --- | --- |
| ၁။ ဦးမောင်မောင် | | ၁။ ဒေါ်ခင်သန်း |
| ၂။ ဦးညီညီထွေး | | ၂။ ကိုဇာနည်လင်း |
| ၃။ ဒေါ်ယဉ်ယဉ်ငွေး | | ၃။ ဦးသန်းရွှင် |
| (သေဆုံးသူ ဦးသန်းငွေ၏ တရားဝင် ကိုယ်စားလှယ်) | | ၄။ ဒေါ်ခင်မာရွှေ |
| | | ၅။ မကြယ်စင်လင်း (အရွယ်မရောက်သေးသူ၊ ၎င်း၏အုပ်ထိန်းသူမိခင် ဒေါ်ကေခိုင်) |

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရပ်ကွက်(၄)၊ မနော်ဟရီ ၄လမ်း၊ အိမ်နံပါတ် ၄၀ နေ မကြယ်စင်လင်း (ဘ)ဦးသန်းလွင် (အရွယ်မရောက်သေးသူ၊ ၎င်း၏ အုပ်ထိန်းသူမိခင် ဒေါ်ကေခိုင်)၊(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမောင်မောင် - ပါ ၃ မှ အမွေပုံ စီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၉ရက် (၁၃၈၁ ခုနှစ် နတ်တော်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သီရိအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရွှေဘိုခရိုင်တရားရုံး**

## Sathapana Co,Ltd ၏အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်-၉၇/ဘီတွင် တည်ရှိပါသော Sathapana Co,Ltd စထာပါနာလီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

စထာပါနာ လီမိတက်
SATHAPANA LIMITED
Makes Your Life Better

စထာပါနာလီမိတက်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းတွင် စတင်တည်ထောင်ချိန်မှစ၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းများကို ကောင်းသောဂုဏ်သတင်းဖြင့် မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ယခုအခါတွင် စထာပါနာလီမိတက်၏ကောင်းသတင်းကို အသုံးချပြီး အင်တာနက်လူမှုကွန်ယက်အချို့တွင် ငွေကြေးတောင်းခံခြင်း၊ ငွေကြေးလိမ်လည်ခြင်းတို့ပြုလုပ်လျက်ရှိကြောင်းသိရှိရပါသည်။

စထာပါနာလီမိတက်သည်လူမှုကွန်ယက်တွင် အသုံးပြုပြီး ဝန်ဆောင်မှုပေးမည်ဟု ကမ်းလှမ်းခြင်း၊ငွေကြေးတောင်းခံခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် ထိုသို့ငွေကြေးတောင်းခံမှုတို့သည် စထာပါနာလီမိတက်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း၊ စထာပါနာလီမိတက်၏ ကောင်းသောဂုဏ်သတင်းကို အသုံးချပြီး စထာပါနာလီမိတက်၏ လွှဲအပ်ခြင်းခံရသူမဟုတ်ပါဘဲ ငွေကြေးတောင်းခံသူများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုခြင်း၊ အရေးယူဆောင်ရွက်ခြင်းတို့ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးမျိုးမြင့်အောင် | ဦးအေးမင်းသူ | ဒေါ်လင်းလင်းကြည် |
| --- | --- | --- |
| (စဉ်-၂၅၁၆၅) | (စဉ်-၂၆၁၉၉) | (စဉ်-၄၆၃၂၈) |

**အထက်တန်းရှေ့နေများ**
**အမှတ်-၅၈/၆၀(ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

# အထူးဝမ်းနည်းကြေကွဲခြင်း ဒေါ်တင်တင်ရွှေ အသက်(၉၉)နှစ်

Metro IT & Japanese Language Centre ကျောင်းအုပ်ကြီး ဦးမင်းသုခ(ဌာနမှူး-ငြိမ်း၊ ရန်ကုန်နိုင်ငံခြားဘာသာသင် တက္ကသိုလ်)-ဒေါ်တင်တင်စိုးတို့၏ ချစ်လှစွာသောမိခင် ဒေါ်တင်တင်ရွှေသည် ၂၃-၁၁-၂၀၁၉ရက် (စနေနေ့) နံနက် ၉နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

မိခင်ကြီးဒေါ်တင်တင်ရွှေကောင်းရာသုဂတိလားပါစေ။

**Metro Group ဥက္ကဋ္ဌ Mr.Takashi Kawasaki**
**Metro Computer Myanmar ဥက္ကဋ္ဌ Ms.Takiko Honda နှင့်**
**Metro IT & Japanese Language Centre မိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့၊ ဆရာစံမြို့သစ်ရှိ မြေကွက်အမှတ်(၇၉၇)၊ ပေ၆၀xပေ၈၀၊ ဧရိယာ ၀ဒသမ၁၁၀ဧကရှိ မြေကွက်အား မူလရရှိသူ ဦးနေဝင်းနှင့် ဒေါက်တာစမ်းနွယ်အုန်းတို့မှ ဆရာတော်ဦးဝါယမအား လှူဒါန်းခဲ့ကြပြီး ဆရာတော်ဦးဝါယမမှ ၂၈-၉-၂၀၁၆ ရက်တွင်သီလရှင်ဆရာလေးဖြစ်သူဒေါ်သီရိစန္ဒာအား ပြန်လည်လှူဒါန်းခဲ့ပါသည်။

၎င်းမြေကွက်အား အလှူခံ ရရှိစဉ်က မြေပေးမိန့်မှာ ပျောက်ဆုံးနေသဖြင့် ရရှိခဲ့ခြင်းမရှိပါ။ သို့ပါ၍ ဆရာလေးဖြစ်သူ ဒေါ်သီရိစန္ဒာမှ မြေပေးမိန့်လျှောက်ထားလာရာ ကန့်ကွက်လိုပါကတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**သာယာဝတီမြို့**

## အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ငန်းတေးရပ်၊ လှိုင်မြို့ပတ်လမ်း၊ အမှတ်(၁/A)နေ ဦးမင်းကျော်ဇေယျ ၁၂/ဗဟန(နိုင်)၀၈၃၄၅၀ နှင့် ဒေါ်နွယ်နီဝင်း ၁၀/မလမ(နိုင်) ၁၄၄၅၆၆ တို့၏လွှဲအပ်ညွှန်ကြားချက်အရ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ငန်းတေးရပ်၊ လှိုင်မြို့ပတ်လမ်း၊ အမှတ်(၁/A)နေ ဦးမင်းကျော်ဇေယျ ၁၂/ဗဟန(နိုင်) ၀၈၃၄၅၀ နှင့် ဒေါ်နွယ်နီဝင်း ၁၀/မလမ(နိုင်) ၁၄၄၅၆၆တို့၏သား မောင်လပြည့်အောင် ၁၀/မလမ(နိုင်) ၂၈၈၇၆၇သည် မိဘဖြစ်သူတို့၏ သွန်သင်ဆုံးမမှုကို နာခံခြင်းမရှိဘဲ မိခင်၊ ဖခင်တို့နှင့် ဆွေမျိုးသား ချင်းမိသားစုအသိုင်းအဝိုင်းတို့အား စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာလိုက်ပါသည်။

နောက်နောင်တွင် မောင်လပြည့်အောင်နှင့်ပတ်သက်သောပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ငွေရေးကြေးရေးစသည့် ကိစ္စအရပ်ရပ်တို့ကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** | |
| --- | --- | --- |
| ၁။ ဦးမင်းကျော်ဇေယျ | ဦးသိန်းဇော်လတ်(LL.B) | ဒေါ်ငုဝါဝါကျော်(LL.B) |
| ၁၂/ဗဟန(နိုင်) ၀၈၃၄၅၀ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| | (စဉ်-၁၅၈၇၆)(၁၅-၈-၂၀၁၉) | (စဉ်-၁၁၀၉၆) |
| ၂။ ဒေါ်နွယ်နီဝင်း | အမှတ်(၆၉၄)၊ ငန်းတေးရပ်၊ | အမှတ်-၂၅၉၆၊(၂၁)လမ်း၊ |
| ၁၀/မလမ(နိုင်) ၁၄၄၅၆၆ | မော်လမြိုင်မြို့။ | မြိုင်သာယာရပ်၊ |
| | ဖုန်း-၀၉-၄၂၅၂၇၁၈၀၄ | မော်လမြိုင်မြို့ |
| | | ဖုန်း-၀၉-၄၂၅၂၉၈၁၂၀ |

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ပဒေသာရပ်၊ အကွက်အမှတ်(၁)၊ ဦးပိုင်အမှတ်(၂၄၃)၊ မြေယာအမှတ်(243)၊ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိ မြေကို ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၏ မြေငှားဂရန်အမှု တွဲအမှတ်(၅၃၆/၁၉၉၀-၁၉၉၁)အရ ဦးခင်အောင်အမည်ပေါက် ပိုင်ဆိုင်ခဲ့ပါသည်။ ဦးခင်အောင်ကိုယ်စား ပြင်ဦးလွင် ခရိုင်တရားရုံး ဦးစီးအရာရှိနှင့် ဒေါ်ခင်ရွှေဝင်းတို့၏ အရောင်းအဝယ်စာချုပ်အမှတ်(၂၇၈/၂၀၁၉)အရ ချုပ်ဆိုခဲ့ပြီး ဒေါ်ခင်ရွှေဝင်းက ဦးမင်းထွန်းအား အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ထားပါသည်။ အထက်ပါမြေပေါ်တွင် ပိုင်ရှင် ဦးမင်းထွန်းမှ အာစီ(၂)ထပ်အဆောက်အအုံ ဆောက်လုပ်ရန် အဆောက်အအုံ ဆောက်လုပ်မိန့်အား ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးရုံးသို့ လျှောက်ထားမည်ဖြစ်ပါသည်။

အာစီ(၂)ထပ်အဆောက်အအုံ ဆောက်လုပ်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများနှင့်တကွ ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးရုံးသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်မှ အဆောက်အအုံဆောက်လုပ်ရန် လျှောက်ထားသည်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးမင်းထွန်း ၅/ငဇန(နိုင်) ၀၆၁၃၉၈**
**အိမ်အမှတ်(က-၁၀)၊ သိင်္ဂီလမ်း၊ ရကက(၁၀)၊**
**ပြင်ဦးလွင်မြို့**
**ဖုန်း-၀၉-၂၀၀၂၃၁၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟုမ္မလင်းမြို့နယ်၊ ကောယား ကျေးရွာ၊ အထကမှ(စဟ-၉၁၂)တက္ကသိုလ်ဝင်တန်းအောင် မသွဲ့သွဲ့စိုး၏ဖခင် ဦးငွေဝင်း(ခ)ဦးငွေဝင်းအောင် ၅/ဟမလ(နိုင်)၀၀၂၁၂၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးငွေဝင်း(ခ)ဦးငွေဝင်းအောင်**

## အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ထန်းပင်ချောင်ကြီးကျေးရွာနေ ဦးထွန်းနိုင် -ဒေါ်ချစ်စုတို့၏သား မောင်မျိုးမင်းထွန်း ၁၀/ပမန(နိုင်) ၂၀၁၉၂၈၏ အမည်မှန်မှာ မင်းမျိုးမင်းထွန်း ဖြစ်ပါကြောင်း။

**မင်းမျိုးမင်းထွန်း**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/7299 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

## အမည်မှန်

ဦးကျော်တင့်၏သမီး၊ ကသာမြို့နယ် ကျောက်ထုံးကြီးအုပ်စု၊ စစ်ကုန်းကျေးရွာ အထက(ကျောက်ထုံးကြီး)မှ မမြမြလှိုင် ၅/ကသန(နိုင်) ၁၃၃၁၁၈၏ အမည်မှန်မှာ မနီနီအောင်ဖြစ်ပါကြောင်း။

**မနီနီအောင်**

## ပျောက်ဆုံးကြောင်း

ဦးတင်မောင်သန်း၏သမီး၊ မအိသက်ငြိမ်း ၅/ကလထ(နိုင်) ၂၀၃၆၂၈၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၄၉၃၆၂၁**

## မိခင်အမည်မှန်

ပေါင်မြို့နယ်၊ အထက(ခွဲ)အလယ်ရွာကျောင်း သတ္တမတန်းမှ စောရဲလင်းထွန်း၏ မိခင်အမည်မှန်မှာ နန်းမူထွန်းအွာ ၃/မဝတ(နိုင်)၀၇၀၂၂၃ ဖြစ်ပါကြောင်း။

**နန်းမူထွန်းအွာ**

## ပျောက်ဆုံးကြောင်း

ကျွန်မတို့ WIN LA YAKE GEMS & JEWELLERY CO,Ltd ၏ ထုတ်ကုန်/သွင်းကုန်မှတ်ပုံတင်လက်မှတ်အမှတ်-၄၇၉၉၇(၁၁-၁၂-၂၀၁၇) ကတ်ပြားသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် လေးစားစွာပန်ကြားအပ်ပါသည်။

**ဖုန်း-၀၉-၄၄၅ ၅၅၅ ၅၅၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေကွက်အမှတ်(၂၇၁၇)၊ အကျယ်အဝန်း(၆၀x၆၀)ပေ၊ ဧရိယာ(၀ ဒသမ ၀၈၂)ဧကရှိ မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့/မြေဌာနတွင် ဦးစိုးနိုင် ၉/လဝန(နိုင်) ၂၀၄၇၁၇ အမည်ပေါက်ထားပြီး အမည်ပေါက်သူထံမှ ဒေါ်သီသီအေး ၉/မပန(နိုင်) ၀၂၇၉၃၄က ဝယ်ယူပိုင်ဆိုင်ထားကြောင်း အထောက်အထား မူရင်းများ ပြသသဖြင့် ၎င်းထံမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေအဖြစ်ပေး ချေထားပြီးဖြစ်ပါသဖြင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မင်း (စဉ်-၁၃၉၀၂)၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၀/၄၀)၊ (၁၇)လမ်း၊ ပေါင်းလောင်း(၃)ရပ်ကွက်၊**
**ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၄၂၀၇၁၈၄၄၂၊ ၀၉-၄၄၂၂၆၁၆၁၆**

## အများသိစေရန်ကြေညာခြင်း

(၂၀-၁၁-၂၀၁၉)ရက် မြန်မာ့အလင်းသတင်းစာပါ ကျွန်တော်၏ တရားဝင်ဇနီးဖြစ်သူ ဒေါ်စောဥမ္မာ၏ ကြေညာခြင်းသည် တစ်ဖက်သတ်ဖြစ်ပြီး ယနေ့အထိ ကျွန်တော်၏ တရားဝင်ဇနီးဖြစ်ပါကြောင်း၊ ကျွန်တော်တို့နှစ်ဦးအား တစ်နည်းနည်းဖြင့် ကွဲသွားစေရန် ကျွန်တော်၏ဇနီးအား အကြံပေးခြင်း၊ စည်းရုံးခြင်း၊ သွေးထိုးခြင်း၊ ဖြားယောင်းသွေးဆောင်ခြင်း၊ တစ်နည်းနည်းဖြင့် ပေါင်းသင်းဆက်ဆံရန် ကြိုးစားခြင်းပြုလုပ်သူများအား တရားဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးစိုးဝင်းနိုင် ၁၂/ဥကတ(နိုင်) ၁၅၇၈၄၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြောက်ပိုင်းမြို့နယ်၊ (၃၂)ရပ်ကွက်၊ ချမ်းမြေ့သာယာလမ်း၊ မြေကွက်အမှတ်(၂၈၇)၊ အကျယ် အဝန်း ပေ(၃၅x၆၀) ရှိ၊ ဦးကြည်(JE-၀၀၁၃၁၇)အမည်ပေါက်ပါမစ်မြေကို ရောင်းချပိုင်ခွင့်ရှိသူများထံမှ ဦးသောင်းညွှန့် ၁၂/မရက (နိုင်) ၀၃၆၈၀၄က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။

**ဦးသောင်းညွှန့် ၁၂/မရက(နိုင်) ၀၃၆၈၀၄**
**ဖုန်း-၀၉-၅၅၀၄၃၆၃**

# ကျေးဇူးအထူးတင်ရှိခြင်း
## ဒေါ်တင်တင်ရွှေ(ပုသိမ်)
### အသက်(၉၉)နှစ်

ကွယ်လွန်သူ (ဒုတိယဗိုလ်မှူးကြီး စံသာ၊ အမှုဆောင်အရာရှိချုပ် ရန်ကုန်မြို့တော်)၏ဇနီး ဒေါ်တင်တင်ရွှေ၏ စိတ်၊ ခန္ဓာ နောက်ဆုံး အချိန်ထိ မိသားစုနှင့်အတူ ကာယ၊ ဝစီ၊ မနောအားဖြင့် ကူညီ စောင့်ရှောက်ဖေးမကူညီပေးကြပါသော ရဟန်း၊ သံဃာ၊ မိတ်ဆွေ၊ အပေါင်းအသင်း၊ ဝန်ထမ်းအပေါင်းအားလုံးအား ကျေးဇူးအထူး တင်ရှိပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၁-၂၀၁၉ ရက်(သောကြာနေ့)တွင် ဒဂုံမြို့နယ်၊ မြို့မ ကျောင်းလမ်းဒက္ခိဏာရုံကျောင်း၌ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ပြုလုပ်သမျှ ကုသိုလ်အားလုံးလည်း အမျှပေးဝေပါသည်။**

**အမျှ၊ အမျှ၊ အမျှ**

**ကျန်ရစ်သူမိသားစု၊ မြေးကြီးကျော်ကျော်**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ပါမောက္ခချုပ် ဒေါက်တာ ချစ်ဆွေ(ငြိမ်း)
### ရန်ကုန်တက္ကသိုလ်(သင်္ချာဌာန)
### ညွှန်ကြားရေးမှူး(တက္ကသိုလ်များ ကွန်ပျူတာဌာန)
### တပ်ရင်းမှူး(တက္ကသိုလ်အရံတပ်ရင်း)
### Special Advisor (United Nation Economic and Social Commission for Asia Pacific)
### Visiting Professor (Macquarie University)
### Ambassador For Peace (Universal Peace Federation)
### အသက်(၈၉)နှစ်

ပျဉ်းမနားမြို့နေ(ဦးဟန်တင်-ဒေါ်သန်း)တို့၏သား၊ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့နေ ဒေါ်ခင်ခင်လတ်၏ ခင်ပွန်း၊ ဒေါက်တာမိုးသူ-ဦးနေလ၊ ဦးသုတ -ဒေါ်ဝါဝါအောင်၊ ဒေါက်တာကျော်သူ-ဒေါ်ခင်စုလှိုင်၊ ဒေါက်တာဆွေလတ်-ဒေါ်ဖြိုးဖြိုးအောင်၊ ဦးချစ်ခင် - ဒေါ် Linh Tran တို့၏ဖခင်၊ ဒေါက်တာမင်းမြင့်သူ၊ ဒေါက်တာတင့်လပြည့်ဝန်း၊ ကိုခိုင်ဇင်သုတ-မမြတ်နိုးလွန်း၊ ကိုမင်းပိုင်သုတ-Gary Journeaux ၊ တိုးအောင်လှိုင်၊ နန်းဦးဝေ၊ ကျော်ဆုဟိန်းတို့၏အဘိုး၊ Summen Bodhi ၊ Bubbles တို့၏ ဘေးဖြစ်သူ ဒေါက်တာ ချစ်ဆွေသည် ၂၅-၁၁-၂၀၁၉ ရက် နံနက် ၁၀:၄၄နာရီတွင် ဆစ်ဒနီမြို့ Mount Druit Hospital တွင် ဘဝတစ်ပါးသို့ ကူးပြောင်း သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသိန်းလွင်
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးလမ်း၊ အမှတ် ၆၄နေ (ဦးနန်း-ဒေါ်ကျော့)တို့၏သားလတ်၊ (ဦးအုန်းမောင်-ဒေါ်အေးကြိုင်) တို့၏သားသမက်၊ ဒေါ်မြင့်မြင့်သန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်စွာဦး၊(ဦးထိန်လင်း)-ဒေါ်ဥမ္မာသန်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ငြိမ်းချမ်းကျော်လွင်၊ မောင်အေးချမ်းဘိုဘို-မအိငြိမ်းမြတ်၊မရွှေယမင်းဦးတို့၏အဘိုးသည် ၂၅-၁၁-၂၀၁၉ရက် နံနက် ၉:၂၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်သန်းသန်းလှိုင်
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ(ဦးကျော်တင်-ဒေါ်မြမြ)တို့၏ သမီး၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ FMI City ၊ စကားဝါ ၂လမ်း၊ အိမ်အမှတ် E-10 နေ ဒု-ဗိုလ်မှူးကြီး အောင်ကြည် (ငြိမ်း)၏ဇနီး၊ ဦးတင်စိုးလှိုင်(USA) ဒေါက်တာမိုးမမဝသန်(USA)တို့၏မိခင်၊ ဦးသူရိန်-ဒေါ်သင်းသင်းလှိုင်တို့၏အစ်မ ဒေါ်သန်းသန်းလှိုင်သည် ၂၄-၁၁-၂၀၁၉ ရက်(တနင်္ဂနွေနေ့)ည၉:၂၀နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၁၉ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင် သုဿန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၁-၂၀၁၉ရက်(စနေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာမြင့်သိန်း M.B,B.S
### (မြင့်မိုရ်ဦးဆေးခန်း)
### အသက်(၅၁)နှစ်

၂၂-၁၁-၂၀၁၉ရက် (သောကြာနေ့) ည ၁၀နာရီတွင် ဘန်ကောက်မြို့ Rajavith ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**5/91 ဆေးတက္ကသိုလ်(၂)**

**သူငယ်ချင်းများ**

---

## ဒေါ်သိဂီခင်
### အသက်(၅၇)နှစ်

ရန်ကုန်မြို့နေ (ဦးခင်မောင်မောင်-ဒေါ်ခင်မမမော်)တို့၏သမီး၊ (ဗိုလ်မှူးကျော်ရှိန်)-ဒေါ်ခင်မြမြမော်၊ ဦးကိုကိုဝင်း၊ ဒေါက်တာကျော်လင်း - ဒေါ်ယုယုလေးတို့၏တူမ၊ ဒေါ်စန်းစန်းရီ၊ ဦးထွန်းအောင်မြင့်-ဒေါ်မော်မော်ခင်၊ ဦးကျော်ဇောမင်း-ဒေါ်ချယ်ရီခင်၊ (ဦးဝင်းမြင့်)-ဒေါ်နွယ်နီခင်တို့၏ညီမ၊ ဦးကျော်ထွန်း-ဒေါ်ခင်စန္ဒီမောင်တို့၏အစ်မ၊ ကိုဝေဖြိုးမောင်-မငြိမ်းကေသီ၊ မဦးမွန်ခင်တို့၏အဒေါ်၊ မောင်ရဲခန့်ကျော်၏ ဘွားလေးသည် ၂၃-၁၁-၂၀၁၉ရက်(စနေနေ့) နံနက် ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ဝင်းပပ
### တာမွေမြို့နယ်၊
### အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(အဖွဲ့ဝင်)
### အသက်(၃၈)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ ကျောက်ရေတွင်းလမ်း၊ အမှတ်(၃၀၊ ၈လွှာ/ဘီ)နေ (ဦးမြမောင်-ဒေါ်ကြူကြူ၊ ဦးဘနု-ဒေါ်သန်းရီ)တို့၏သား/သမီး၊ ဦးတင်အေး-ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်သက်သက်ဝင်း၊ ကိုအောင်မြတ်သူ၊ ဦးဝင်းထိုက်-ဒေါ်ခင်ခင်ထွေး၊ ကိုသန့်ဇင်-ဒေါ်ထားထားဆွေတို့၏အစ်မ၊ မငြိမ်းယုစံ(Second Year English) ၏ မိခင်၊ (ဦးဝင်းဗိုလ်)၏ ဇနီး ဒေါ်ဝင်းပပသည် ၂၅-၁၁-၂၀၁၉ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီ တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

**အနိစ္စ**

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြင်စိန်
### (ညောင်တန်း-စင်ကာပူ)
### အသက်(၉၄)နှစ်

သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ ဓမ္မရောင်ခြည်ကျောင်းလမ်း၊ အမှတ် ၁၈နေ (ဦးစိန်-ဒေါ်ညွှန့်)တို့၏သမီး၊ (ဦးတော်ငှား-ဒေါ်လုံမိ)တို့၏သမီးချွေးမ၊ (ဦးချိန်ဟုတ်)၏ ဇနီး၊ ဒေါ်ရှုဟွန်၊ ဦးမောင်မောင်အေး-ဒေါ်ရှုစိန်၊ ဦးညွန့်ဇင်၊ (ဦးဝင်းကြိုင်)-ဒေါ်ရှုအင်၊ ဦးကျော်ဇင်-ဒေါ်မြမြသန်း၊ ဦးအောင်ဇင်(Austrial)၊ ဦးမြင့်ဇင်-ဒေါ်စန်းစန်းဝင်း၊ ဦးဖေဇင်-ဒေါ်ခင်မာထွန်း၊ ဦးအောင်ဝင်း-ဒေါ်ကြည်ကြည်လွင်၊ ဦးမြတ်သူ-ဒေါ်စန္ဒာ (အထက-၂၊ သန်လျင်) ဦးသန့်ဇင်-ဒေါ်အေးအေးချို တို့၏မိခင်၊ မြေး ၂၁ယောက်၊ မြစ် ၁၁ ယောက်တို့၏ ဘွားဘွားကြီးသည် ၂၃-၁၁-၂၀၁၉ရက် (စနေနေ့) ည၁၀:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁:၃၀နာရီတွင် သန်လျင် အမိုးနီသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။
(နေအိမ်မှကားများမွန်းလွဲ ၁၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြသိန်း(ပခုက္ကူ)
### ဒေါ်မြသိန်းနှင့် သားများ ပလပ်စတစ်လုပ်ငန်း
### လင်းသာဟိုတယ်(ပေလီ)
### ဘလူးအိုးရှင်းဟိုတယ်(ပေလီ)
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၄၂-၄၆၊ ၅၂လမ်းနေ (ဦးသန်းအောင်)၏ဇနီး၊ (ဦးချစ်)ဒေါ်တင်ရီ၊(ဒေါ်လှမြင့်)တို့၏ အစ်မကြီး၊ ဦးမြင့်ဆန်း-ဒေါ်စန္ဒာဝင်း၊ (ဦးမြသွေး)၊ ဦးကိုကိုလေး-ဒေါ်ခင်မျိုးရီ၊ ဒေါ်နီနီအေးတို့၏မိခင်ကြီး၊ မအေးပွင့်ဖြိုး၊ မထက်ထက်ချို၊ မောင်စည်သူမိုးတို့၏ဘွားဘွားကြီးသည် ၂၅-၁၁-၂၀၁၉ရက် နံနက် ၅:၁၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း မိတ်ဆွေအပေါင်းအား အကြောင်းကြား အပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁၁-၂၀၁၉ရက်(အင်္ဂါနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အုန်း
### အသက်(၉၀)

ဒေါ်ညွှန့်ညွှန့်ဝင်း(1994 Sr Agri)၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်အုန်း(အသက်၉၀) သည် ၂၃-၁၁-၂၀၁၉ရက် ညနေ ၄:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**1994 Sr စိုက်ပျိုးရေးတက္ကသိုလ်**

**စိုက်ပျိုးရေးတက္ကသိုလ်ကျောင်းသား/ကျောင်းသူဟောင်းများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစော(တိုင်းပညာရေးမှူး၊ စစ်ဆေးရေး-ငြိမ်း)
### အသက်(၈၇)နှစ်

သူငယ်ချင်း(ဗိုလ်မောင်မောင်အေး)၏ ဖခင်ဦးစော(တိုင်းပညာရေးမှူး၊ စစ်ဆေးရေး-ငြိမ်း)သည် ၅-၁၁-၂၀၁၉ရက် နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆)မှသူငယ်ချင်းများနှင့်မိသားစုများ**

---

## ဦးဘဝင်း(BA.Bed,English)
### အထက်တန်းကျောင်းအုပ်ကြီး(ငြိမ်း)
### အသက်(၈၄)နှစ်

မကွေးတိုင်းဒေသကြီး၊ ထီးလင်းမြို့နယ်၊ ညောင်ကန်ရွာနေ(ဦးလှမော်-ဒေါ်စောမယ်)တို့၏သား၊ မြင်းခြံမြို့နေ(ဦးသိန်းဖေ-ဒေါ်တင်နု)တို့၏သားသမက်၊ (ဗိုလ်ကြီးခင်မောင်)-ဒေါ်ခင်လေးကြီး(ကျောင်းအုပ်ကြီး-ငြိမ်း)၊ ဗိုလ်မှူးဘဟိန်း(ငြိမ်း)-ဒေါ်ခင်သန်းမြင့်၊ ဦးနေဝင်း-ဒေါ်မြင့်ရီ(ပညာရေးမှူး)၊ ဦးသီဟ-ဒေါ်မူမူမြင့်၊ (ဗိုလ်ကြီးသီဟ)တို့၏အစ်ကိုကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊(က)ရပ်ကွက်၊ ဝေဘာဂီလမ်း၊ အမှတ်(၂၂)နေ (ဦးဝင်းကိုကို)၊ တောအုပ်ကြီး ညီညီဝင်း-ဒေါ်သန်းသန်းလွင်၊ ဗိုလ်မှူးကျော်စွာဝင်း(ငြိမ်း)တေဇ-၂၂-ဒေါ်သဲမြဖြူ၊ ဦးထွဋ်ခေါင်ဝင်း(KBZ Bank)-ဒေါ်သဲစုမာ၊ ဦးချမ်းသာ-ဒေါ်စောစန္ဒာဆွေတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်တို့၏အဘိုး၊ ဒေါ်အမာဆွေ၏ ချစ်လှစွာသောခင်ပွန်းသည် ၂၃-၁၁-၂၀၁၉ရက်(စနေနေ့) မွန်းလွဲ ၁၂:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁၁-၂၀၁၉ရက် (တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၁-၂၀၁၉ရက် (သောကြာနေ့) နံနက်တွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ ဝေဘာဂီလမ်း၊ အမှတ်(၂၂)နေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးအောင်သိန်း(ဦးချောင်းခွင်း)
### နတ်တလင်းမြို့
### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ အမှတ်(၇၈/၈၀)၊ ၇လွှာ၊ ၂၃လမ်း(အောက်လမ်း)နေ (ဦးအယိုင်ခ-ဒေါ်ညောင်)တို့၏သား၊ (ဒေါ်ချွန်ယုံ)၊ ဦးစိုးအောင်-ဒေါ်စန်းဝင်း၊ ဦးမြင့်သိန်း-ဒေါ်ခင်ခင်ကြည်၊ ဒေါ်ချွန်ကြည်၊ ဦးချောင်းချိုတို့၏ညီ/မောင်၊ ဒေါ်ချွန်ပို့၊ ဒေါ်တင်တင်ဝေ-(ဦးဇော်မင်း) ၊ ဦးမျိုးအောင်-ဒေါ်မီမီကျော်၊ ဒေါ်ခက်ခက်မာ၊ ဦးနိုင်ဦး၊ ဦးဇော်ထွေးတို့၏အစ်ကို၊ မဇင်မာအောင်၊ မဆွေမာမြင့်၊ ကိုသန်းထိုက်၊ ကိုမိုး မြင့်၊ မသက်မာမြင့်၊ မဆွေဆွေလင်း၊ မစိမ့်စိမ့်ဇော်၊ မောင်ဇော်ထက်မင်း၊ မခင်မီမီစံ၊ မောင်အုပ်စိုးခန့်တို့၏ ဦးလေး၊ ဘကြီး၊ မြေး ၁၁ ယောက်တို့၏အဘိုး ဦးအောင်သိန်း (ဦးချောင်းခွင်း)သည် ၁၀-၁၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၅:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၉ရက်(တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တပညာဝံသမဟာထေရ်
### သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၇)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ထော်သိုကျေးရွာအုပ်စု၊ ညောင်ထောက်ကျေးရွာ၊ ဇောင်းတော်ချုပ်ကျောင်းတိုက်ဦးစီးပဓာန နာယကဆရာတော်ကြီး၊ ဇောင်းတော်ချုပ် သံဃာ့ပဝါရဏာဂိုဏ်းကြီး၏ ဦးစီးပဓာန နာယက ဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တပညာဝံသမဟာထေရ် အရှင်မြတ်သည် (၁၃၈၁ခုနှစ် ၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်) ၂၄-၁၁-၂၀၁၉ရက် (တနင်္ဂနွေနေ့) ညနေ ၅:၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၁ ခုနှစ်၊နတ်တော်လဆန်း ၄ ရက်) ၃၀-၁၁-၂၀၁၉ရက်(စနေနေ့)တွင် စံကျောင်းတော် ပင့်ဆောင်ပူဇော်ပြီး အန္တိမအဂ္ဂိစျာပနသာဓုကိစ္စနှ ပူဇော်ပွဲကြီးကို (၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ရက်) ၁၄-၁၂-၂၀၁၉ရက် (စနေနေ့)မွန်းတည့် ၁၂ နာရီတွင် ဇောင်းတော်ချုပ် ကျောင်းတိုက်ကြီးတွင် ကျင်းပပြုလုပ်ပူဇော်မည်ဖြစ်ပါသောကြောင့် ရပ်ဝေး ရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများနှင့် ဇောင်းတော်ချုပ် သာဝကများအား လေးစားစွာ အသိပေးအပ်ပါသည်။

**ကျန်ရစ်သူတပည့်အပေါင်း**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်လှရင်(ကျိုက်လတ်)
### အသက်(၈၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီ/တောင်ရပ်ကွက်၊ စေတနာလမ်း၊ တိုက်အမှတ်(၁၈)၊ အခန်း(F)၊ သုံးလွှာနေ (ဦးမြမောင်-ဒေါ်သန်းစိန်)တို့၏သမီး၊ ဗိုလ်ကြီးထွန်းကြည်(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးတင်မြင့်-ဒေါ်နုနုဝင်း၊ ဦးလှမြင့်-ဒေါ်သန်းသန်းတို့၏အစ်မ၊ ကိုအောင်ဝင်း-မလှိုင်သူဇာ၊ ကိုစိုးဝင်း-မမြင့်မြင့်ကြည်(မြန်မာ့ပုလဲ)၊ ကိုကျော်ဝင်းတို့၏မိခင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၄-၁၁-၂၀၁၉ရက် ညနေ ၅:၄၅နာရီတွင် OSC အထူးကုဆေးရုံ(မြောက်ဥက္ကလာပ)တွင်ကွယ်လွန်သွားပါသဖြင့် ၂၅-၁၁-၂၀၁၉ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကွယ်လွန်သွားအား ရည်စူး၍ ၃၀-၁၁-၂၀၁၉ရက် (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်ရီ (အလပြ-ငြိမ်း)
### (မြို့သစ်မြို့၊ မကွေးတိုင်းဒေသကြီး)
### အသက်(၈၀)

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့၊ ရွှေလရောင်ကွက်သစ်ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်းနေ (ဦးကျော်စိန်-ဒေါ်မိန်းကလေး)တို့၏သမီး၊ ဦးသာညီ(ကုန်သွယ်လယ်ယာ-ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဦးမိုးကျော်-ဒေါ်မိုးမိုးခိုင်၊ ဦးဇော်ထွန်းသာ-ဒေါ်မြင့်မြင့်ခိုင်၊ ဦးနိုင်ထွန်း-ဒေါ်သင်းသင်းမာ၊ ဦးဇော်မျိုးဝင်း-ဒေါ်မြစန္ဒာ၊ ဦးထိန်လင်း-ဒေါ်မြတ်မြတ်ခိုင်၊ ဦးကျော်ဇေယျ-ဒေါ်နှင်းပို့ပို့ဖြူ၊ ဦးကျော်သူရ - ဒေါ်စိုးစိုးမြတ်၊ ဦးညီသူရ-ဒေါ်ခိုင်မာသက်တို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၉ယောက်၊ မြစ် လေးယောက်တို့၏ အဘွားသည် ၂၃-၁၁- ၂၀၁၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**TAY THAN THAR မိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ပိုပို(ချောက်မြို့)
### အသက်(၇၈)နှစ်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နေ (ဦးမောင်ကလေး-ဒေါ်စိန်တင်)တို့၏သမီး၊ ချောက်မြို့နယ်၊ ကြို့ပင်ကျေးရွာနေ (ဦးအောင်ခင်- ဒေါ်အေးကြည်)တို့၏သမီးချွေးမ၊ ဦးမျိုးမင်းပိုအေး၊ ဒုတိယဗိုလ်မှူးကြီး မျိုးသက်မောင်- ဒေါ်သက်သက်လွင်(ကထိက/တဆတ)၊ ဦးငြိမ်းချမ်းပိုအေး(ဦးစီးမှူး၊ (မြို့ပြ)တည်ဆောက်ရေး-၁၊ ဆည်မြောင်း၊ လှည်းကူးမြို့)-ဒေါ်ကြည်ပြာဖြူ၊ ဦးတင်မောင်မောင်အေး၊ ဒေါ်အေးမြသီတာ တို့၏မိခင်၊ မောင်ရဲမင်းအောင်(ပထမနှစ်ဆေး-၁)၊ မမြင့်မြတ်ပိုအေး( KG- C အမက-၁၊ ဗဟို၊ အင်းစိန်)တို့၏အဘွား၊ စီ-၈၁၊ ဂန္ဓမာ (၄)လမ်း၊ FMI CITY လှိုင်သာယာမြို့နေ ရဲမှူးဥက္ကာမောင်အေး (ခရိုင်ရဲတပ်ဖွဲ့မှူး-ငြိမ်း)၏ချစ်လှစွာသော ဇနီးသည် ၂၅-၁၁-၂၀၁၉ ရက်(တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၁၁-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုဿန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။
(နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ပင့်သံဃာအရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသောကြောင့် ၁-၁၂-၂၀၁၉ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးသိန်းလွင်(ခ)ဦးပေါက်ဖော်
### ကြည့်မြင်တိုင်
### အသက်(၆၄)နှစ်

ရန်ကုန်မြို့နေ(ဦးနန်း-ဒေါ်ကျော့)တို့၏သား၊ ဈေးကြီးလမ်း၊ အိမ်အမှတ် (၆၄)နေ ဒေါ်မြင့်မြင့်သန်း၏ခင်ပွန်း၊ ဦးမြင့်မောင်-ဒေါ်ဖြူဖြူသန့်၊ (ဦးမျိုးဇော်)-ဒေါ်ခင်မိမိတို့၏ ညီ/မောင်၊ ဦးဂျော်နီ(ခ)ဦးသိန်းကျော်၊ ဦးသိန်းတန်-ဒေါ်တင်တင်လှတို့၏ အစ်ကို၊ ကိုသက်ခိုင်-ဒေါ်အေးအေးခိုင်၊ ကိုနေလွင်-မစုမြတ်ခိုင်၊ ကိုလှမိုး(ခ)ဖိုးဖြူတို့၏ ဦးလေး၊ ကိုစံသီဟ၊ မဖြူစင်မေသူတို့၏ ဘကြီး၊ မယွန်းမြတ်နေလွင်၊ မမြေတ်နေလွင် တို့၏ ဘိုးဘိုးကြီးသည် ၂၅-၁၁-၂၀၁၉ရက် နံနက် ၉:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၁၁-၂၀၁၉ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။
(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ပုလောမြို့နယ်အသင်း(ရန်ကုန်)
### ဦးစံဝင်း(ခ)ဖိုးပေါက် (ပုလောမြို့) အသက်(၆၁)နှစ်
### အသင်းဝင်အမှတ်(၁၈၁၆)

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ (၂)ရပ်ကွက်၊ ငုရွှေဝါ(၂)လမ်းနေ ဒေါ်ယုယုလွင်၏ ခင်ပွန်းသည် ၂၄-၁၁-၂၀၁၉ ရက်(တနင်္ဂနွေနေ့) နံနက် ၉:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၁-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**အမှုဆောင်အဖွဲ့**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ အကြိမ် (၂၀) မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်



ဒုတိယသမ္မတ ဦးမြင့်ဆွေ အကြိမ်(၂၀)မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် နိုဝင်ဘာ ၂၅**

အကြိမ်(၂၀)မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ်(၄) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးစီးကော်မတီ နာယက၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်၊ ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာစံရွှေဝင်း၊

*စာမျက်နှာ ၇ ကော်လံ ၁* ❏

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၅**

ဖိလစ်ပိုင်သမ္မတနိုင်ငံတွင် ကျင်းပမည့် အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေး အလံအပ်နှင်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B) ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဦးအုန်းဝင်းနှင့် ဒေါက်တာမြင့်ထွေး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့်

*စာမျက်နှာ ၉ ကော်လံ ၁* ✤





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အကြိမ်(၃၀)မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်